ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့၊ (31-8-2014) (၇၉၄၉)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဩဂုတ် ၃၁**

၂၀၁၄ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မလေးရှားနိုင်ငံ ဘုရင် ဆူလတန် အဗ္ဗဒူဟာလင်မ် မူအက်ဒ်ဇမ်ရှားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အလားတူ ၂၀၁၄ ခုနှစ် ဩဂုတ် ၃၁ ရက်တွင်ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ်ဘင်တွန်း ဟာဂျီအဗ္ဗဒူရာဇတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# အလုပ်အကိုင်အခွင့်အလမ်းများ ကျေးလက်တွင် ထွန်းကားခြင်းဖြင့် ရွှေ့ပြောင်းအခြေချမှုများကို တားဆီးနိုင်

**“ ကျေးလက်ဒေသများ၏ ရှိရင်းစွဲ မိရိုးဖလာ စီးပွားရေး လုပ်ငန်းငယ်များ၏ ရပ်တည်ရှင်သန်ဖွံ့ဖြိုးရေးကိုလည်း အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း မူဝါဒနှင့် အစီအစဉ်များတွင် ကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်း ”**



**နေပြည်တော် ဩဂုတ် ၃၀**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၁၄)အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ ရှင်သန်တက်ကြွသည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးမှုအတွက် သော့ချက်ကျပါကြောင်း၊ ယင်းလုပ်ငန်းများ ထူထောင်ရပ်တည်ရှင်သန်ရေးအတွက် ခိုင်မာပြည့်စုံသည့်မူဝါဒနှင့် ရှင်းလင်းသည့် အကောင်အထည်ဖော်ရေးအစီအစဉ်များ၊ လုပ်သာကိုင်သာရှိသည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းဥပဒေများ၊ ငွေကြေးအရင်းအနှီးစီးဝင်မှုများ၊ စွန့်ဦးတီထွင်မှုများအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးမှုများ အထူးလိုအပ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးက ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများကြောင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ထိခိုက်ပြိုလဲခြင်း မရှိစေရန်၊ ထိုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဈေးကွက်များသို့ ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အထောက်အကူပြု စီးပွားရေးကုန်ထုတ်လုပ်ငန်းများအဖြစ် အားပေးမြှင့်တင်ရန်၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အရ စီးဝင်လာမည့် ကုန်စည်ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအား ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် အားပေးမြှင့်တင်ရန်၊ ငွေကြေးအရင်းအနှီးများ ရရှိရေးအတွက် ဘဏ်များနှင့် ငွေချေးလုပ်ငန်းများ အားပေးမြှင့်တင် ကူညီပံ့ပိုးရန်၊ နည်းပညာနှင့်အရင်းအနှီး ရရှိရေးအတွက် ပြည်တွင်းပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး အားပေးမြှင့်တင်ရန်၊ သတင်းအချက်အလက်နှင့် သုတေသနလုပ်ငန်းများမြှင့်တင်ပြီး အတားအဆီးအခက်အခဲများ ဖယ်ရှား၍ လွယ်ကူချောမွေ့အောင် အားပေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားပြီးဖြစ်ပါကြောင်း။

အဆိုပါ မူဝါဒလမ်းညွှန်ချက်များအတိုင်း အကောင်အထည်ဖော်နိုင်ရန် မိမိတို့လုပ်ငန်းကော်မတီမှ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

## ကမ္ဘာ့အမွေအနှစ် ပျူမြို့ဟောင်းများ အပိုင်း(၁)

**စန္ဒာခင် (ယဉ်ကျေးမှု)**



ဗိသနိုးမြို့ဟောင်းရှိ သာသနိကအဆောက်အအုံ။

ယခုအခါ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ပျူမြို့ဟောင်းများ ကမ္ဘာ့အဆင့်မီ စံတန်ဖိုးများရှိသည်နှင့်အညီ ကမ္ဘာ့စာရင်းဝင်ဖြစ်ခဲ့ပေပြီ။ ၂၀၁၂ ခုနှစ် ဧပြီလက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇွန်လ ၁၅ ရက်မှ ၂၅ ရက်အတွင်း ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သော (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံ (38th Session of the World Heritage Committee)တွင် ကမ္ဘာ့အမွေအနှစ်ကော်မတီအဖွဲ့ဝင်များက ပျူမြို့ဟောင်းများ (ဟန်လင်း၊ ဗိသနိုး၊ သရေခေတ္တရာ)ကို အစည်းအဝေးဆုံးဖြတ်ချက် အမှတ်စဉ် (38 COM 8B.28) ဖြင့် အတည်ပြုသတ်မှတ်လိုက်ပြီဖြစ်ပါသည်။

**“ကမ္ဘာ့အမွေအနှစ်”** ဟူသော စာတန်းတိုလေးတစ်ခုဖြစ်သော်လည်း ဂုဏ်ရည်နှင့်တန်ဖိုးက နက်နဲသိမ်မွေ့လှသည်။ အမွေအနှစ်၏ ဂုဏ်ရည်နှင့်တန်ဖိုးကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေး၊ ရှေ့ဆက်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားတို့မှာ တစ်လနှင့်မရ၊ တစ်နှစ်နှင့်လည်းမပြီး၊ တစ်ဖွဲ့တည်းဖြင့် ဆောင်ရွက်၍မရ၊ တစ်ဌာနတည်းနှင့်လည်း မဖြစ်နိုင်ပါ။ နောင်မျိုးဆက်သစ်တို့ထိတိုင် စဉ်ဆက်မပြတ်အသိ၊ အတတ်ပညာရှင်တွေ၊ စေတနာရှင်တွေနှင့် အတူ ပြည်သူတစ်ရပ်လုံးကပါဝင်ပြီး ဝိုင်းဝန်းစောင့်ရှောက်မှသာ Heritage of Humanity ဆိုသည်နှင့်အညီ လူသားများအတွက် အမွေအနှစ်ကောင်းများအဖြစ် ထားရစ်နိုင်မည်ဖြစ်သည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့**



ကြေးမုံစာတည်းရှုထောင့် ၃၁-၈-၂၀၁၄၊ တနင်္ဂနွေနေ့

# အစိမ်းရောင်စွမ်းအင်များ

အစိမ်းရောင်စွမ်းအင်ဆိုသည်မှာ ပတ်ဝန်းကျင်ကို ညစ်ညမ်းမှု မဖြစ်စေသော ရေအား၊ လေအားနှင့် နေအားတို့မှ ရရှိသောစွမ်းအင်တို့ကို ခေါ်ဆိုခြင်းဖြစ်သည်။

မကြာသေးမီက ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် Myanmar Green Energy Summit အစည်းအဝေးသို့ နိုင်ငံပေါင်း ၂၂ နိုင်ငံတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍကို ဆွေးနွေးခဲ့ကြသည်။ တက်ရောက်လာကြသည့် နိုင်ငံများမှ လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုသူများနှင့် လေ့လာနေသည့် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏အစိမ်းရောင် စွမ်းအင် (Green Energy) ကဏ္ဍကို စိတ်ဝင်စားမှုမြင့်တက်နေကြောင်း သိရသည်။ အထူးသဖြင့် ရေအားလျှပ်စစ် ကဏ္ဍကို ပိုမိုစိတ်ဝင်စားကြောင်း သိရသည်။

နိုင်ငံတကာမှ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍကို စိတ်ဝင်စားလာကြသည်မှာ ကောင်းမွန်သော်လည်း ယင်းနှင့်ဆက် နွှယ်နေသည့် သဘာဝပတ်ဝန်းကျင်၊ လူ့အခွင့်အရေးနှင့် အလုပ်သမားအရေးများကိုလည်း ထည့်သွင်းစဉ်းစားကြရမည်ဖြစ်သည်။ လက်ရှိတွင် မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နေသော်လည်း လျှပ်စစ်မီးအပြည့်အဝ ရရန်လိုအပ်နေသေးသည်။ လျှပ်စစ်ဓာတ် အားထုတ်လုပ်မှုတွင်လည်း ရေအားလျှပ်စစ်ကို အများဆုံးထုတ်လုပ်နေပြီး သဘာဝဓာတ်ငွေ့ကို ဒုတိယအသုံးပြုကာ ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်လုပ်ခြင်းကို အနည်းဆုံးအသုံးပြုနေပြီး လျှပ်စစ်ထုတ်လုပ်မှုပမာဏအားလုံး၏ ၃ ရာခိုင် နှုန်းသာ ကျောက်မီးသွေးမှထုတ်လုပ်နေကြောင်း သိရသည်။

အစိမ်းရောင်စွမ်းအင်ထုတ်လုပ်ရေးတွင် အကောင်းဆုံးမှာ နေစွမ်းအင်သုံးစနစ်ဖြစ်သည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအနည်းဆုံးနှင့် အသန့်ရှင်းဆုံးနည်းဖြစ်သည်။ နေရောင်ခြည်ကျရောက်လာမှုကို စုစည်းရယူစေခြင်းဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သောနည်းဖြစ်သည်။ အီကွေတာရပ်ဝန်းဒေသ မိမိတို့နိုင်ငံနှင့် အဆီလျော်ဆုံးသော လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် နည်းလမ်းမှန်ဖြစ်ပါသည်။

၎င်းစနစ်ကို ပြင်သစ်ရူပဗေဒပညာရှင် ဘက်ကာရယ်လ်က ၁၈၃၉ ခုနှစ်တွင် ပထမဆုံးစမ်းသပ်တွေ့ရှိခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် သိပ္ပံပညာရှင်များဖြစ်သည့် ဒါရီလ်ချက်ပင်၊ ကယ်လ်ဗင်ဆောက်သာ ဖူလားနှင့် ဂျယ်ရာလ်ပီယာဆင်တို့က လက်တွေ့ကျသော စနစ်ကို တီထွင်လာနိုင်ခဲ့သည်။

ဆိုလာစွမ်းအင်သည် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများကဲ့သို့ ကုန်ခန်းသွားခြင်းမရှိ။ ထင်ရှားသည့် အားသာချက်မှာ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းနှင့် အခြားဓာတ်ငွေ့များထုတ်လွှတ်ခြင်းမရှိ။ ထို့ကြောင့် ကမ္ဘာ့လေထုအား ပူနွေးစေသော ဆိုးကျိုးသက်ရောက်မှုမရှိခြင်းပင်ဖြစ်သည်။

ဆိုလာစွမ်းအင်ကို မီးထွန်းရုံသက်သက်မဟုတ်ဘဲ အခြားအိမ်သုံးလျှပ်စစ်ပစ္စည်းများ အသုံးပြုလိုလျှင် အင်ဗာတာအား ကြားခံအဖြစ်တပ်ဆင်အသုံးပြုနိုင်သည်။ အခြားတစ်ဖက်တွင် ပိုလျှံလျှပ်စစ်စွမ်းအင်တို့ကိုလည်း အသုံးမလိုသည့် အချိန်တွင် ဘက်ထရီများဖြင့် သိုလှောင်ထား၍ရနိုင်သည်။ အထူးသဖြင့် နေမပူသည့်ရက်များတွင် ၎င်းစွမ်းအင်ကို ထုတ်ယူသုံးစွဲနိုင်သည်။ နေရောင်ခြည်ကို ကောင်းစွာရရှိနေသော မိမိတို့နိုင်ငံတွင် အန္တရာယ်ကင်းဘေးရှင်း အကောင်းဆုံးသော စွမ်းအင် စနစ်ဖြစ်သည်။ အစိမ်းရောင်စွမ်းအင် သုံးမျိုးတွင်လည်း ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိ။ ပတ်ဝန်းကျင်ကို ထိခိုက်စေမှုမရှိ။ ပကတိ သဘာဝအရှိတရားနှင့်လိုက်လျောညီထွေစွာရှိနေနိုင်သော စွမ်းအင်စနစ်ဖြစ်သည်။

အထူးသဖြင့် လျှပ်စစ်စွမ်းအားနှင့် အလှမ်းဝေးသော မိမိတို့နိုင်ငံ၏ ပြည်သူ ၇၀ ရာခိုင်နှုန်းနေထိုင်ရာ တောင်ပေါ် မြေပြန့်ဒေသအနှံ့တွင် တစ်နိုင်တစ်ပိုင်ဆိုလာပြားများတပ်ဆင်အသုံးပြုစေခြင်းဖြင့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး ရည်မှန်းချက်မှာ အောင်မြင်စွာအကောင်အထည်ပေါ်လာနိုင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးမှုကိုလည်း ထိရောက်သော ပံ့ပိုးမှုဖြစ်သွားနိုင်မည်ဖြစ်ပါသည်။ ။

## ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများ အများပြည်သူကျယ်ကျယ်ပြန့်ပြန့်သိရှိရေးညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၃၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ အများပြည်သူကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် မီဒီယာများမှတစ်ဆင့် ထုတ်ပြန်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၈ ရက်က မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ဝန်ကြီးဌာနအနေဖြင့် လူထုဗဟိုပြုစီမံကိန်းကိုအခြေခံ၍ မြစိမ်းရောင်စီမံကိန်း CP ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော်သည့် Village Fund ကျေးရွာစီမံကိန်းစသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေးအတွက် သတင်းပြန်ကြားရေးအစီအစဉ်တစ်ခု ရေးဆွဲအကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ ယင်းအစီအစဉ်တွင် ကာတွန်းသရုပ်ဖော်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ စားပွဲဝိုင်းဆွေးနွေးပွဲများ၊ ပြည်သူများကိုယ်တိုင်ရိုက်ကူးထားသည့် ဗီဒီယိုဇာတ်လမ်းတိုများ ထည့်သွင်းပါဝင်စေခြင်းဖြင့် လူထုအားလုံးစိတ်ပါဝင်စားလာမည်ဟု ယူဆပါကြောင်း၊ မြို့နယ်တိုင်းတွင် ကျေးရွာတစ်ရွာစီရွေးချယ်၍ စီမံကိန်းအကြောင်း အသိပညာဖြန့်ဝေပေးသည့်လှုပ်ရှားမှုများဆောင်ရွက်စေလိုကြောင်း၊ အဓိကကျသည့်အချက်တစ်ချက်မှာ "ခေတ်စနစ်သစ်တွင် ပြည်သူသာ အဓိကမဏ္ဍိုင်"ဆိုသည့်အချက်ကို ပြည်သူအားလုံးနားလည်သဘောပေါက်အောင် အသိပေးရမည်ဖြစ်ကြောင်း၊ သတင်းပြန်ကြားမှုအစီအစဉ် ရေးဆွဲရေးအတွက် တက်ရောက်လာသူများက ဝိုင်းဝန်းကူညီပေးကြရန် တိုက်တွန်းပါကြောင်းပြောကြားပြီး အစည်းအဝေးတက်ရောက်လာသူများက အကြံပြုတင်ပြခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



## ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမအကြိမ်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ဆက်လက်ကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တိုင်းဒေသကြီးလွှတ်တော်ရုံးခန်းမ၌ ယမန်နေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၆ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ "၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ" အား ဆွေးနွေးခြင်း၊ ပြန်လည်ရှင်းလင်းခြင်း၊ လွှတ်တော်အဆုံးအဖြတ်ရယူ၍ မှတ်တမ်းတင်ခြင်း၊ တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခဲ့သော အဆိုနှစ်ရပ်အား ဆွေးနွေးခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးအဖွဲ့အစည်းဝင်က ရှင်းလင်းခြင်း၊ လွှတ်တော်၏သဘောဆန္ဒရယူ၍ မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်ကြသည်။

အဆိုပါအစည်းအဝေးသို့ ငြိမ်းဖောင်ဒေးရှင်း၏ စီမံကိန်းဌာနတစ်ခုဖြစ်သော ပြည်သူ့နီတိစီမံကိန်းမှ ဆရာဖြစ်သင်တန်းသားများ၊ သင်တန်းဆရာများနှင့် စီမံကိန်းဝန်ထမ်း ၂၃ ဦး လာရောက်လေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**

## ပညာရေးပူးပေါင်းဆောင်ရွက်ရေး မြန်မာ-ဂျပန် ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃၀**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်နှင့် ဂျပန်နိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနမှ Senior Vice-Minister Mr.Yoshitaka SAKURADA ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်နည်းပညာတက္ကသိုလ်၌ တွေ့ဆုံကြပြီး ဂျပန်နိုင်ငံ ပညာရေးအဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဂျပန်ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်နည်းပညာတက္ကသိုလ်ရှိ Enhancement of Engineering Higher Education in Myanmar Project(JICA)ရုံးကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်တွင်းရေးရာ

**❐ ရှေ့ဖုံးမှ**

မူဝါဒ၊ ဥပဒေ၊ ဆက်စပ်ဥပဒေများ ပြုစုရေးဆွဲရေး၊ လုပ်ငန်းစတင်ထူထောင်နိုင်ရေး၊ ငွေကြေးအရင်းအနှီး လွယ်ကူသက်သာစွာရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေး၊ နည်းပညာမြှင့်တင်မှု စံချိန်စံညွှန်းများသတ်မှတ်ရေး၊ သတင်းအချက်အလက်နှင့် သုတေသနလုပ်ငန်းများ လုပ်ဆောင်ရေး၊ ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ပြီး ဈေးကွက်ထိုးဖောက်ရေး၊ စောင့်ကြည့်အကဲဖြတ်ရေး လုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းလုပ်ဆောင်လျက်ရှိပါကြောင်း၊ သို့ရာတွင် မျှော်မှန်းသလောက် ခရီးမပေါက်သေးဘဲ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်ချက်နှင့် စိန်ခေါ်မှုများ ရင်ဆိုင်နေရဆဲဖြစ်ပါကြောင်း၊ အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနအဖွဲ့ (Economic Research Institute of ASEAN and East Asia-ERIA)မှ ပြုစုထုတ်ဝေသည့် အာဆီယံ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း မူဝါဒညွှန်းကိန်းများ ၂၀၁၄ (ASEAN SME Policy Index 2014) သုတေသနစာတမ်းတွင် အာဆီယံနိုင်ငံများ၏ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအား ဖွဲ့စည်းမှုမှုဘောင်ကောင်းမွန်ခြင်း ၊ အထောက်အကူပြုဝန်ဆောင်မှုများ လက်လှမ်းမီရရှိခြင်း၊ သက်သာလျင်မြန်စွာ လုပ်ငန်းစတင်နိုင်မည့် ဥပဒေစည်းမျဉ်းစည်းကမ်းများရှိခြင်း၊ ဘဏ္ဍာငွေအရင်းအနှီးရရှိခြင်း၊ နည်းပညာနှင့် နည်းပညာလွှဲပြောင်းခြင်း၊ နိုင်ငံတကာဈေးကွက်ချဲ့ထွင်ခြင်း၊ စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ ပညာရေးတိုးမြှင့်ခြင်း စသည့် မူဝါဒနယ်ပယ်များအလိုက် ဆန်းစစ်အကဲဖြတ်ထားသည်ကို တွေ့ရှိရပါကြောင်း။

ယင်းညွှန်းကိန်းများအရ အာဆီယံနိုင်ငံများတွင် အကောင်းဆုံးနိုင်ငံ၏ ညွှန်းကိန်းရမှတ်မှာ ၅ ဒသမ ၄၊ အာဆီယံပျမ်းမျှညွှန်းကိန်းရမှတ်မှာ ၃ ဒသမ ၇ ဖြစ်ပြီး မြန်မာနိုင်ငံ၏ ညွှန်းကိန်းရမှတ်မှာ ၂ ဒသမ ၉ ဖြစ်သည်ကိုတွေ့ရှိရပါကြောင်း၊ မူဝါဒနယ်ပယ်များအလိုက် နိုင်ငံများက ဆောင်ရွက်သင့်သည့် အကြံပြုထောက်ခံချက်များလည်း ဖော်ပြထားပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများနှင့်ကိုက်ညီပြီး လိုက်နာဆောင်ရွက်သင့်သည့် အကြံပြုချက်များကို အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ စီးပွားရေးလုပ်ငန်း အထောက်အကူပြုအဖွဲ့အစည်းများ၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးကဏ္ဍအဖွဲ့အစည်းများ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်ပတ်သက်သူအားလုံး အပြန်အလှန်ညှိနှိုင်းပေါင်းစပ် အကောင်အထည်ဖော်ပြီး အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်ကောင်းများဖန်တီးပေးသွားရန် အထူးလိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာအကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရယူသွားရန် လိုအပ်ပါကြောင်း၊ အစိုးရအနေဖြင့် လုပ်ငန်းများလွယ်ကူချောမွေ့စေရန် အားပေးထောက်ပံ့မှုများ အပြည့်အဝပေးသွားမှာဖြစ်ပါကြောင်း၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ကောင်းကျိုးဆိုးကျိုးနှင့် အမှန်တကယ်အကျိုးသက်ရောက်မှုကို နားလည်နိုင်စေရန်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ပိုမိုတိုးတက်လာစေရန်အတွက် Regulatory Impact Analysis(RIA) စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ကျေးလက်ဒေသများတွင်ရှိသော အိမ်တွင်းစက်မှုလုပ်ငန်းများ Micro-enterprises ဖွံ့ဖြိုးတိုးတက်မှုသည် ကျေးလက်စီးပွားရေးဘဝကို မြှင့်တင်နိုင်ပြီး ဥစ္စာနေဖန်တီးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ကျေးလက်ဒေသမှာ ထွန်းကားစေခြင်းဖြင့် ကျေးလက်မှမြို့ပြသို့ ပြည်တွင်းရွှေ့ပြောင်းအခြေချမှုများကို တားဆီးနိုင်ပါကြောင်း၊ မလိုလားအပ်သည့် မြို့ပြအပြန့်ကျယ်ပြောမှုကို ကာကွယ်ပေးနိုင်သည့် နည်းလမ်းကောင်းတစ်ရပ်ဖြစ်သည့်အတွက် ကျေးလက်ဒေသများ၏ ရှိရင်းစွဲမိရိုးဖလာစီးပွားရေးလုပ်ငန်းငယ်များ၏ ရပ်တည်ရှင်သန်ဖွံ့ဖြိုးရေးကိုလည်း အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်း မူဝါဒနှင့် အစီအမံများတွင် ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းသွားရမှာဖြစ်ပါကြောင်း။

မူဝါဒနယ်ပယ်အလိုက် ဖွဲ့စည်းပေးထားသည့် လုပ်ငန်းအစုအဖွဲ့များသည် တိကျသောရည်မှန်းချက်များထားရှိပြီး ရှင်းလင်းပြတ်သားသောလုပ်ငန်းစဉ်များဖြင့် ရလဒ်အခြေပြုစီမံခန့်ခွဲမှုပြုလုပ်သွားကြရန် လိုအပ်ပါကြောင်း၊ အချိန်ကာလသတ်မှတ်ချက်များထားရှိပြီး ရလဒ်များကို ဆိုင်ရာညွှန်းကိန်းများဖြင့် တိုင်းတာစောင့်ကြည့်လျက် ပါဝင်သက်ဆိုင်သူအားလုံးအကြား လွတ်လပ်စွာ သတင်းဖလှယ်ခြင်း၊ ပွင့်လင်းစွာဆွေးနွေးနှီးနှောတိုင်ပင်ခြင်း၊ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ရှင်သန်တက်ကြွသော အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကဏ္ဍ ပေါ်ထွန်းရေးအတွက် ဦးတည်ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအောက်ရှိ အစုအဖွဲ့ ကိုးဖွဲ့ဖြစ်သော လုပ်ငန်းထူထောင်နိုင်ရေးအစုအဖွဲ့၊ ငွေကြေးအရင်းအနှီး လွယ်ကူသက်သာစွာရရှိရေးမူဝါဒချမှတ်ရေးအဖွဲ့၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဥပဒေနှင့် ဆက်စပ်ဥပဒေများရေးဆွဲရေးအဖွဲ့၊ Cluster Development အဖွဲ့၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးအဖွဲ့၊ စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့၊ သတင်းအချက်အလက်ရရှိရေးနှင့် သုတေသနအဖွဲ့၊ ဈေးကွက်ထိုးဖောက်နိုင်ရေး မူဝါဒချမှတ်ရေးအဖွဲ့၊ Monitoring and Evaluation အဖွဲ့ အစုအဖွဲ့ခေါင်းဆောင်များနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့က မိမိတို့အစုအဖွဲ့အလိုက် ဆောင်ရွက်လျက်ရှိသည့်ဆောင်ရွက်ချက်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်နေဆဲအခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင်သွားမည့်အစီအမံများ၊ ဆောင်ရွက်ချက်များအပေါ် အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးကြရာ ဒုတိယသမ္မတက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## မလေးရှားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၃၁**

၂၀၁၄ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွတ် အာနီဖာ ဘင်ဟာဂျီ အာမန် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၃၀**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃၄ စင်တီမီတာ (တစ်ပေခန့်)တွင် ရောက်ရှိနေပြီး နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## ကာလာမသုတ် အနှစ်ထုတ်

ကေသမုတ္တိနိဂုံးရွာရှိ ကာလာမအနွယ်အမျိုးသားတို့သည် အယူဝါဒအမျိုးမျိုးရှိကြကုန်၏။ အယူအဆအမျိုးမျိုးရှိသူတို့သည်လည်း ကေသမုတ္တိနိဂုံးရွာသို့ လာရောက်၍ မိမိတို့၏မတူညီသော အယူဝါဒများကို ပြောဟောကြကုန်၏။ ကာလာမမျိုးနွယ်တို့အဖို့ အယူဝါဒမျိုးစုံအကြားတွင် **“ဘယ်ဝါဒမှန်သည် ကောင်းသည်”** ဟု ဝေခွဲမရနိုင်အောင်ရှိလေ၏။

ကေသမုတ္တိနိဂုံးရွာကြီးသို့ ဗုဒ္ဓဘုရားရှင် ကြွရောက်တော်မူလာရာ အမျိုးမျိုးသောဝါဒရှိသူတို့က မိမိသန်ရာ အယူဝါဒများကို အသီးသီး ဆွေးနွေးလျှောက်ထားကြသဖြင့် ဘုရားရှင်က ကာလာမသုတ်ကို အနှစ်ထုတ်၍ ဟောကြားတော်မူခဲ့ပါသည်။ (ကာလာမမျိုးနွယ်များကို ဟောကြားသဖြင့် ကာလာမသုတ်ဟု အမည်တွင်သလို ကေသမုတ္တိနိဂုံးရွာကြီး၌ ဟောကြားသောသုတ်ဖြစ်သဖြင့် ကေသမုတ္တိသုတ်ဟုလည်း ခေါ်တွင်ပါသည်။)

ကာလာမအနွယ်ဖွားအမျိုးသားတို့ သင်တို့သည် အယူဝါဒတစ်ခု တွေ့ရှိပြီဆိုလျှင်-

၁။ တစ်ဆင့်စကား ကောလာဟလ ကြားသိကာမျှဖြင့်လည်း အမှန်ဟု မယူကြလင့်၊

၂။ မိရိုးဖလာ အစဉ်အဆက်စကားမျှဖြင့်လည်း အမှန်ဟု မယူကြလင့်၊

၃။ ဤသို့ဖြစ်ဖူးသတတ်ဟူသော ဒဏ္ဍာရီစကားမျှဖြင့်လည်း အမှန်ဟု မယူကြလင့်၊

၄။ ကျမ်းဂန်အထောက်အထားနှင့် ညီညွတ်ပေသည်ဟုလည်း အမှန်ဟု မယူကြလင့်၊

၅။ မိမိကြံစည်တွေးဆရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊

၆။ နည်းမှီကြံဆနိုင်ရုံမျှဖြင့်လည်း အမှန်ဟု မယူကြလင့်၊

၇။ အခြင်းအရာ ကြောင်းကျိုးဆီလျော်ရုံမျှဖြင့်လည်း အမှန်ဟု မယူကြလင့်၊

၈။ အယူဝါဒချင်း ထပ်တူညီရုံမျှဖြင့်လည်း အမှန်ဟု မယူကြလင့်၊

၉။ မှတ်ယူထိုက်သည်ဟု နှစ်ခြိုက်ရုံမျှဖြင့်လည်း အမှန်ဟု မယူကြလင့်၊

၁၀။ ဆရာ့ဩဝါဒ ဆရာ့စကားဟု ဆရာစွဲဖြင့်လည်း အမှန်ဟု မယူကြလင့်။

ကာလာမနွယ်ဖွား အမျိုးသားတို့ **“ဤတရားတို့ကား အကုသိုလ်တရားတို့ဖြစ်၏။ အပြစ်ရှိသော တရားတို့ဖြစ်၏။ ပညာရှိတို့ကဲ့ရဲ့အပ်၏။ ဤတရားတို့ကို ဆောက်တည်ခြင်းအားဖြင့် အစီးအပွားမဲ့၍ ဆင်းရဲခြင်းငှာဖြစ်၏”**ဟု မိမိတို့ကိုယ်တိုင်သိရှိပြီး ပယ်စွန့်ကြကုန်ရာ၏။

ကာလာမနွယ်ဖွား အမျိုးသားတို့ **“ဤတရားတို့ကား ကုသိုလ်တရားတို့ဖြစ်၏။ အပြစ်မရှိကုန်။ ပညာရှိတို့ ချီးမွမ်းအပ်၏။ ဤတရားတို့ကို ဆောက်တည်ခြင်းအားဖြင့် အစီးအပွားဖြစ်ထွန်း၍ ချမ်းသာခြင်းငှာဖြစ်၏”**ဟု မိမိတို့ကိုယ်တိုင်သိရှိပြီး ပြည့်စုံစေ၍ နေကြကုန်ရာ၏။

**အင်္ဂုတ္တိုရ်ပါဠိ (ပထမတွဲ) တိကနိပါတ်**
**မဟာဝဂ်၊ ကေသမုတ္တိသုတ်**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပိုင် ပုသိမ်အနောက်မြို့နယ်၊ ချောင်းသာကမ်းခြေရှိ ချောင်းသာကမ်းခြေဟိုတယ် (အခန်း-၈၈ခန်း)၊ မြေ(၂၂. ၂၀)ဧကအား ဟိုတယ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များအား (၁၅) နှစ်ကြာ ငှားရမ်းလုပ်ကိုင်ခွင့်ပြုရန် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရေး ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ရုံးအမှတ်(၃၃)၊ နေပြည်တော်တွင် တစ်စုံလျှင် (၅၀၀၀ဝိ/-)ဖြင့် ၂၉-၈-၂၀၁၄ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါစည်းမျဉ်းများအသေးစိတ်ကို အဆိုပါဝန်ကြီးဌာနရုံး၌ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ (၃)ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရှင်းလင်းပြောကြားမည်ဖြစ်ပြီး တင်ဒါစည်းကမ်းများကို လိုက်နာနိုင်သူများ၏ အဆိုပြုလွှာများအား အဆိုပါဝန်ကြီးဌာနရုံး၌ပင် ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၄ ရက် (ကြာသပတေးနေ့) ၉း၃၀နာရီမှ ၁၂း၀၀နာရီအထိ လက်ခံသွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၆၁၇၂၊ ၄၀၆၁၀၄သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဟိုတယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန



# အိန္ဒိယစီးပွားရေးတိုးတက်မှုနှုန်း နှစ်နှစ်အတွင်း အမြင့်ဆုံးဖြစ်

**နယူးဒေလီ ဩဂုတ် ၃၀**

အိန္ဒိယအစိုးရ၏ တရားဝင်ခန့်မှန်းတွက်ချက်မှုအရ စီးပွားရေးတိုးတက်မှုသည် ဇွန်လအထိ ပထမသုံးလတွင် ၅ ဒသမ ၇ ရာခိုင်နှုန်း ခန့်ရှိကြောင်း၊ နှစ်နှစ်ခြောက်လကာလအတွင်း အမြန်ဆုံးအရှိန်အဟုန်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ယနေ့ဖော်ပြသည်။

နိုင်ငံ၏ စီးပွားရေးကို လျှပ်စစ်ဓာတ်အား၊ သဘာဝဓာတ်ငွေ့နှင့် ရေထောက်ပံ့မှုတို့အပြင် ဘဏ္ဍာရေးဝန်ဆောင်မှုများ ကြီးထွားလာခြင်းတို့က ပံ့ပိုးပေးခဲ့ခြင်းဖြစ်သည်ဟု စာရင်းအင်းဝန်ကြီးဌာနက ပြောသည်။

အဆိုပါ တိုးတက်မှုကိန်းဂဏန်းသည် ဝေဖန်ဆန်းစစ်သူများ မျှော်လင့်ထားသည်ထက် ပိုမိုသည်ဟုဆိုသည်။

အိန္ဒိယနိုင်ငံ၏ အစိုးရသစ်သည် စီးပွားရေးတွင် ရင်းနှီးမြှုပ်နှံခြင်းကို တွန်းအားပေးရန်အတွက် အခွန်ကောက်ခံမှု ပြောင်းလဲခြင်းအပါအဝင် မူဝါဒများကို စတင်ပြောင်းလဲခဲ့သည်။

**ဘီဘီစီ။**



အိန္ဒိယနိုင်ငံမှ ချည်မျှင်စက်ရုံတစ်ရုံကို တွေ့ရစဉ်။



မကြာသေးမီက ဂိုလန်ကုန်းမြင့် ကွမ်အီထရာဒေသ၌ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေစဉ်။

# ဂိုလန်ကုန်းမြင့်မှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များအား ဆီးရီးယားလက်နက်ကိုင်များ တိုက်ခိုက်

မနီလာ ဩဂုတ် ၃၀

**ဆီးရီးယားနိုင်ငံ ဂိုလန်ကုန်းမြင့်ဒေသ၌ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များသည် ဆီးရီးယားလက်နက်ကိုင်အဖွဲ့များ၏ ဝိုင်းပိတ်ထားမှုခံနေရပြီး ယနေ့ နံနက်စောစောပိုင်းတွင် တိုက်ခိုက်မှုများ ခံခဲ့ရကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဘော်လ်တဲယားဂက်ဇ်မင်က ပြောကြားသည်။**

သူပုန်များက ဩဂုတ် ၃၀ ရက် အစောပိုင်းတွင် စတင်တိုက်ခိုက်ခဲ့ကြောင်း ၎င်းက ပြောကြားသော်လည်း ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုသတင်း အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

မကြာသေးမီရက်များအတွင်း ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ တာဝန်ထမ်းဆောင်နေသည့် ဖီဂျီတပ်ဖွဲ့ဝင် ၄၄ ဦးအား လက်နက်ကိုင်အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ယင်းဒေသဝန်းကျင်ရှိ ကုလတပ်စခန်းနှစ်ခုတွင် ဖိလစ်ပိုင် တပ်ဖွဲ့ဝင် ၇၅ဦးတို့ တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်သည်။ အစ္စရေးတို့ သိမ်းပိုက်ထားသည့် ဂိုလန်ဒေသအား ဖြတ်သန်းနိုင်သည့်ဒေသကို ဆီးရီးယား လက်နက်ကိုင်များက သိမ်းယူထားခဲ့သည်။

ယင်းတို့ထဲတွင် အယ်နျူဆရာ တပ်ဦးအမည်ရှိ အယ်ကေဒါအဖွဲ့နှင့် ဆက်စပ်နေသည့် အဖွဲ့ဝင်များလည်း ပါဝင်သည်ဟု ယုံကြည်ရသည်။

တိုက်ခိုက်ခံရသော ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များမှာ စခန်းအမှတ် ၆၈ ဟု သတ်မှတ်ခေါ်ဆိုသည့် စခန်းမှဖြစ်ပြီး အခြားဖိလစ်ပိုင် တပ်ဖွဲ့ဝင်များမှာ ယခုတိုက်ခိုက်ခံရသော စခန်းမှ လေးကီလိုမီတာ (၂ ဒသမ ၅) မိုင်အကွာရှိ စခန်းအမှတ် ၆၉ တွင် လုံခြုံဘေးကင်းစွာရှိကြောင်း ဖိလစ်ပိုင် ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ဂိုလန်ကုန်းမြင့်ဒေသ၌ လုံခြုံရေးအခြေအနေ ယိုယွင်းပျက်ပြားလာခြင်းကြောင့် ကုလငြိမ်းချမ်းမှု စောင့်ရှောက်ရေး တာဝန်ထမ်းဆောင်နေသော ဖိလစ်ပိုင်တပ်ဖွဲ့ဝင် ၃၃၁ ဦးအား လာမည့်အောက်တိုဘာလအတွင်း ဖိလစ်ပိုင်သို့ ပြန်လည်ခေါ်ဆောင်မည်ဟု ဖိလစ်ပိုင်အစိုးရက လွန်ခဲ့သော ရက်သတ္တပတ်တွင် ပြောကြားခဲ့သည်။

**ဘီဘီစီ။**

# နီကာရာဂွါမှ သတ္တုတွင်းပြိုကျ ပိတ်မိနေသည့် ရွှေမိုင်းလုပ်သားများကို ကယ်တင်နိုင်

**မနာဂွာ ဩဂုတ် ၃၀**

နီကာရာဂွါနိုင်ငံမှ ရွှေတူးဖော်သော သတ္တုတွင်းဒေသ၌ မြေပြိုမှုဖြစ်ကာ တွင်းအတွင်း၌ ပိတ်မိနေသည့် လုပ်သား ၂၄ ဦးအား ရှာဖွေကယ်တင်နိုင်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သတ္တုတွင်းလုပ်သားများသည် ကိုယ်ခန္ဓာမှ ရေဓာတ်အနည်းငယ်ခန်းခြောက်ကြသည်မှအပ ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း နီကာရာဂွါပြည်ထဲရေး ဒုတိယဝန်ကြီး ကားလို့စ်နက်ဂျာက ပြောကြားသည်။

ဩဂုတ် ၂၈ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် သတ္တုတွင်း၏တွင်းခေါင်းပြိုကျကာ ပိတ်မိနေခဲ့ခြင်းဖြစ်သည်။ အဆိုပါ သတ္တုတွင်းမှာ နီကာရာဂွါနိုင်ငံ မြို့တော် မနာဂွါ၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၄၂၀ (မိုင် ၂၆၀)အကွာရှိ ဘိုနန်ဇာမြို့အနီးတွင် တည်ရှိသည်။

တွင်းပိမိခဲ့သူ အလုပ်သမားများမှာ သတ္တုတွင်းကုမ္ပဏီက တိုက်ရိုက်ခန့်အပ်ထားသော အလုပ်သမားများမဟုတ်ဘဲ တစ်သီးပုဂ္ဂလအလုပ်သမားများဖြစ်ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

အဆိုပါ မိုင်းတွင်းမှာ လုံခြုံစိတ်ချရခြင်းမရှိကြောင်း တွေ့ရှိရသည်ဟု မကြာသေးမီကပင် ယင်းမိုင်းတွင်းအား ပိုင်ဆိုင်သည့် ကိုလံဘီယာနိုင်ငံမှ ဟမ်ကိုကုမ္ပဏီက ပြောကြားခဲ့သည်။

**ဘီဘီစီ။**

# အာဖဂန်ထောက်လှမ်းရေးရုံးချုပ် တာလီဘန်တိုက်၊ ခြောက်ဦးသေဆုံး

**ကဘူး ဩဂုတ် ၃၀**

အာဖဂန်နစ္စတန်အရှေ့ပိုင်းရှိ ထောက်လှမ်းရေးအဖွဲ့ဌာနချုပ်မှာ စနေနေ့စောစောပိုင်းတွင် တိုက်ခိုက်ခြင်းခံရသဖြင့် အနည်းဆုံး ခြောက်ဦးသေဆုံး၍ ၄၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း အဲလ်ဂျာဇီးရား သတင်းဌာနက ကြေညာသည်။

တာလီဘန်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာချ်မူဂျာဟစ်က ယင်းတိုက်ခိုက်မှုတွင် ၎င်းတို့၌ တာဝန်ရှိကြောင်း ကြေညာသည်ဟု အေပီသတင်းဌာနက ဖော်ပြသည်။

ဂျာလာလာဘတ်ရှိ အမျိုးသားလုံခြုံရေး ညွှန်ကြားမှု (အန်ဒီအက်စ်) အဖွဲ့ ရုံးချုပ်အပြင်ဘက်တွင် အသေခံကားဗုံးနှစ်လုံး ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း နန်ဂါဟာပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ အာမက်ဇီယာအဗ္ဗဒူလ်ဇိုင်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အာဖဂန်ထောက်လှမ်းရေးအဖွဲ့ကို ပစ်မှတ်ထား၍ တိုက်ခိုက်လျက်ရှိရာ ယခုတိုက်ခိုက်ခြင်းသည် နောက်ဆုံးဖြစ်ရပ်ဖြစ်သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် တာလီဘန်တို့၏ တိုက်ခိုက်မှုကြောင့် အန်ဒီအက်စ် အကြီးအကဲ အဆာဒူလာချ်ခါလစ် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

ထရပ်ကားတစ်စီးနှင့် ကားလေးတစ်စီး ပေါက်ကွဲမှုတွင် အန်ဒီအတ်စ်အရာရှိလေးဦးနှင့် အရပ်သားနှစ်ဦးသေဆုံးခဲ့သည်ဟု အဗ္ဗဒူလ်ဇိုင်းက ပြောသည်။ ပေါက်ကွဲနိုင်သော ပစ္စည်းများ အပြည့်တင်ထားသည့် ယင်းကားနှစ်စီး ပေါက်ကွဲအပြီးတွင် စစ်သွေးကြွများနှင့် အာဖဂန် တပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။**အင်တာနေရှင်နယ်ဘစ္စနက်တိုင်း(မ်)။**

# ဆီနီဂေါတွင် အီဘိုလာ ပထမဆုံးဖြစ်ပွားကြောင်း အတည်ပြုပြောကြား

**ဒါကာ ဩဂုတ် ၃၀**

ဆီနီဂေါကျန်းမာရေးဝန်ကြီးက ၎င်း၏ နိုင်ငံတွင် ပထမဆုံးအကြိမ် အီဘိုလာရောဂါ ဖြစ်ပွားကြောင်း အတည်ပြုပြောကြားသည်ဟု ဘီဘီစီသတင်းဌာနက ယမန်နေ့တွင် ကြေညာခဲ့သည်။

ဂီယာနာနိုင်ငံမှလူငယ်တစ်ဦးသည် ဗိုင်းရပ်စ် စွဲကပ်လျက်ရှိနေလျက်နှင့် ဆီနီဂေါနိုင်ငံသို့ လာရောက်ခဲ့ကြောင်း ဝန်ကြီး အာဝါမာရီး ကူးလ်ဆက်က သတင်းထောက်များကို သောကြာနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါလူငယ်ကို ချက်ချင်းပင် သီးခြားခွဲထားခဲ့သည်ဟု ဝန်ကြီးက ထပ်မံပြောကြားခဲ့သည်။

ဂီယာနာနိုင်ငံမှ စတင်ခဲ့သော လက်ရှိ အီဘိုလာရောဂါ ဖြစ်ပွားမှုကြောင့် ယင်းဒေသတစ်ဝန်းတွင် လူဦးရေ ၁၅၀၀ ကျော်သေဆုံးခဲ့ရသည်။

ယင်းဗိုင်းရပ်စ် စွဲကပ်ခြင်းခံရနေသော ဦးရေမှာ အနည်းဆုံး ၃၀၀၀ ကျော် ရှိနေပြီဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က လက်ရှိအခြေအနေမှာ ပိုမိုဆိုးရွားလာပြီး လူပေါင်း ၂၀၀၀၀ ကျော် ရောဂါကူးစက်နိုင်ခြေရှိကြောင်း သတိပေးထားသည်။

ဆီနီဂေါသည် အီဘိုလာရောဂါပျံ့နှံ့လာခြင်းကို ကာကွယ်သောအားဖြင့် ဂီယာနာနိုင်ငံနှင့်နယ်စပ်ကို ကနဦးကပိတ်ထားခဲ့သည်။ သို့သော် နယ်စပ်ကို အပြည့်အဝ တားဆီးနိုင်စွမ်းမရှိဟုဆိုသည်။

ရောဂါပြင်းထန်စွာ ဖြစ်ပွားနေသော ဂီယာနာ၊ လိုင်ဘေးရီးယားနှင့် ဆီရီယာလီယွန်နိုင်ငံတို့မှ သဘော်များ၊ လေယာဉ်များတို့ လာရောက်ခြင်းကိုလည်း ပိတ်ထားခဲ့ပြီးဖြစ်သည်။

ဂီယာနာကျောင်းသားသည်မြို့တော်ဒါကာရှိ ဆေးရုံတစ်ရုံတွင် ဆေးကုသမှုခံယူရန် ကြိုးစားခဲ့သည်။ သို့သော် ၎င်းက ၎င်းသည် အီဘိုလာရောဂါဖြစ်ပွားနေသော လူနာတစ်ဦးဖြစ်ကြောင်း ဆေးရုံဝန်ထမ်းများကို ပြောကြားခြင်းမပြုခဲ့ပေ။ ဂီယာနာကျန်းမာရေးဌာနက ပျောက်ဆုံးနေသော အီဘိုလာလူနာတစ်ဦးသည် ကြားသိရသော သတင်းများအရ ဆီနီဂေါနိုင်ငံသို့ သွားရောက်ကြောင်း ဗုဒ္ဓဟူးနေ့တွင် သတင်းပို့ခဲ့သည်ဟု ဆီနီဂေါ ကျန်းမာရေး ဝန်ကြီးက ပြောသည်။

အဆိုပါ ပျောက်ဆုံးလျက်ရှိသော လူနာသည် ဂီယာနာကျောင်းသားဖြစ်ကြောင်း ချက်ချင်းသိ၍ ၎င်းကိုချက်ချင်းပင် သီးခြားခွဲထားခဲ့သည်ဟု ဝန်ကြီးက ပြောသည်။

ဒါကာမြို့လူထုက အဆိုပါ သတင်းကြားသိရပြီးနောက် စိုးရိမ်ပူပန်မှုဖြစ်ကာ ဒေါသထွက်လျက်ရှိသည်ဟု ဆိုသည်။ **ဘီဘီစီ။**



အနောက်အာဖရိကဒေသ၌ အီဘိုလာရောဂါ ကာကွယ်ရေးဆောင်ရွက်နေကြစဉ်။

## ❁ ရှေ့ဖုံးမှ

ယခုလည်း ဝမ်းမြောက်စရာ၊ အားတက်စရာပင်။ အဆိုပါမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး စတင်အကောင်အထည်ဖော်ခါစ တစ်ပြိုင်နက်တည်းမှာ နယ်ဒေသအသီးသီးတွင် ဒေသခံတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဒေသခံအများစုက စိတ်ဝင်စားကြသည်။ တန်ဖိုးထားကြသည်။ လိုက်နာကြသည်။ ပူးပေါင်းကြသည်။ ထို့ကြောင့် ဆောင်ရွက်နေသူများအတွက်လည်း တွန်းအားဖြစ်စေသည်။ ပြည်တွင်း ပြည်ပ ပညာရှင်များ၏ ပိုမိုအားပေးမှုကိုလည်း ရရှိသည်။

အခြားနိုင်ငံများတွင် အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် စတင်ဆောင်ရွက်ချိန်မှ စာတွဲတင်သွင်းနိုင်ချိန်အထိ သုံးနှစ်မှ ၁၀ နှစ်ခန့်အထိ အချိန်ယူကြသော်လည်း မိမိတို့အမွေအနှစ်သည် အချိန်တိုအတွင်း နှစ်နှစ်မပြည့်သေးမီပင် စာတွဲကို တင်သွင်းနိုင်ခဲ့သည်။ အမှန်တော့ ပထမဦးဆုံးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်နှင့်အညီ အဘက်ဘက်မှာ အနည်းငယ်စီ အခက်အခဲတွေရှိခဲ့တာတော့အမှန်ပင်။

မည်သို့ဆိုစေ **ပျူမြို့ဟောင်းများတွင် ကမ္ဘာ့အဆင့်မီစံတန်ဖိုးများရှိမှု၊ ခိုင်မာမှု(Integrity)၊ စစ်မှန်မှု(Authenticity)၊ ဆောင်ရွက်ခဲ့သူတို့၏ စိတ်စေတနာနှင့် အပင်ပန်းခံမှု၊ ဒေသခံတို့၏ ပြင်းပြသောဆန္ဒတို့ကြောင့် ကမ္ဘာ့အမွေအနှစ် ကော်မတီဝင်နိုင်ငံတို့က လေးစားမှု၊ အသိအမှတ်ပြုမှု၊ ချီးကျူးမှု၊ စာနာမှုများနှင့်အတူ တစ်ခဲနက်ထောက်ခံကြသောကြောင့် မြန်မာနိုင်ငံ၏ "ပထမဆုံးသော ကမ္ဘာ့အမွေအနှစ် စာရင်းဝင် မြို့ဟောင်းများ"** ဖြစ်ခဲ့ပေပြီ။

ပို၍ကျေနပ်စရာကောင်းသည်က ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းများဟု တွဲဆက် (Serial Nomination) တင်သွင်းခဲ့ခြင်းကြောင့် တစ်ကြိမ်တည်း ကြိုးစားလိုက်ရာတွင် ဒေသသုံးခုလုံး ရရှိခဲ့ခြင်းပင်ဖြစ်သည်။ နောင်တွင်ပျူနှင့်ပတ်သက်၍ အထောက်အထားခိုင်မာသည့် မြို့ဟောင်းများကိုလည်း ဆက်လက်ဖြည့်စွက် တင်သွင်းသွားနိုင်မည်ဖြစ်သည်။ ဒေသခံတို့၏ ပီတိများ တွေ့မြင်နေရသကဲ့သို့ နိုင်ငံသားအားလုံးလိုလိုပင် ဂုဏ်ယူနေကြသည်ကိုလည်း ကြားနေရပါသည်။ ပြည်ပရောက်မြန်မာများလည်း ဂုဏ်ယူမဆုံးဖြစ်နေကြသည်။ အဆိုပါ မြို့ဟောင်းများကို ဘာကြောင့် ရွေးခဲ့တာလဲ၊ ဘယ်အချက်တွေက စံဝင်တာလဲ၊ ဘယ်လိုတွေ ဆောင်ရွက်ခဲ့တာလဲ၊ ဘာတွေရင်ဆိုင်ခဲ့ရလဲ၊ ရရှိမယ့်အကျိုးကျေးဇူးတွေ၊ ရှေ့ဆက်ဘာတွေလုပ်ရဦးမလဲ၊ စတာတွေ၊ သိသင့်တာတွေကို အများသိရှိရလေအောင် ဤဆောင်းပါးဖြင့် ဖြန့်ဝေလိုက်ပါသည်။

### ရွေးချယ်မှု

ဘာကြောင့် ပျူ(၃)မြို့ကို ဦးစွာရွေးချယ်ခဲ့သည်ဆိုတာ ရှင်းပြလိုပါသည်။ မြန်မာ့သမိုင်းနှင့်ယဉ်ကျေးမှုတွင် သမိုင်းမတင်မီခေတ်ယဉ်ကျေးမှု၊ သမိုင်းတင်ခေတ်အစောပိုင်း ယဉ်ကျေးမှု၊ သမိုင်းခေတ်ယဉ်ကျေးမှုဟူ၍ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့သည်။ ပြဒါးလင်းဂူကဲ့သို့သော ကျောက်ခေတ်အမွေအနှစ် (သမိုင်းမတင်မီခေတ်ယဉ်ကျေးမှု)၊ ကြေးခေတ်၊ သံခေတ်အမွေအနှစ်များ (သမိုင်းတင်ခေတ်အစောပိုင်းယဉ်ကျေးမှု)၊ ပုဂံ၊ မြောက်ဦး၊ သထုံ၊ အင်းဝ၊ ဟံသာဝတီ၊ မန္တလေး . . . စသည် စသည်ဖြင့် သမိုင်းခေတ်ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိနေပြီး ယခုပျူမြို့ဟောင်းများသည် -

- သမိုင်းတင်ခေတ်အစောပိုင်းကာလယဉ်ကျေးမှု (Proto-historic culture)၏ မြို့ပြယဉ်ကျေးမှု(Urbanization)နှင့် မြို့ပြယဉ်ကျေးမှု ထွန်းကားခဲ့ခြင်း၏ ခိုင်မာသော အထောက်အထားတစ်ရပ်ဖြစ်ခြင်း၊
- အရှေ့တောင်အာရှဒေသတွင်းရှိ အစောဆုံးသော ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုနှင့်အတူ ဗုဒ္ဓယဉ်ကျေးမှုကို အခြေခံ၍ တည်ဆောက်ထားသော မြို့ပြယဉ်ကျေးမှုတစ်ရပ်ဖြစ်ခြင်း၊
- မြေပေါ်၊ မြေအောက်အထောက်အထားများ ကြွင်းကျန်တည်ရှိနေသကဲ့သို့ ရာစုနှစ်တစ်ခုမက ပြည်တွင်း ပြည်ပပညာရှင်များ၏ သုတေသနပြုလေ့လာခဲ့မှုတို့ကြောင့် တိကျခိုင်မာသော သက်သေအထောက်အထားများရှိနေခြင်း၊
- တွေ့ရှိရသော ယဉ်ကျေးမှုအမွေအနှစ်၊ အထောက်အထားတို့ကို ခေတ်မီနည်းစနစ်ဖြင့် သိပ္ပံနည်းကျသက်တမ်း(Carbon Dating) တွက်ချက်ရာတွင်လည်း တိကျခိုင်မာသောကာလ၊ ခုနှစ်သက္ကရာဇ်တို့ကိုလည်း ဖော်ထုတ်တင်ပြနိုင်ခြင်း စသည်တို့ကြောင့် ဦးစားပေးရွေးချယ်တင်သွင်းခဲ့ခြင်းဖြစ်သည်။

### ကမ္ဘာ့အဆင့်သတ်မှတ်ခြင်း

ကမ္ဘာ့အမွေအနှစ်စာရင်းသတ်မှတ်နိုင်ရေးအတွက် အခြေခံအားဖြင့် ကမ္ဘာ့အဆင့်မီ စံတန်ဖိုးများ(Outstanding Universal Value) ရှိခြင်း၊ တိကျသောနယ်နိမိတ်သတ်မှတ်ချက်၊ ထိန်းသိမ်းမှု၊ ကာကွယ်မှုနှင့် စီမံခန့်ခွဲမှု စသောတန်ဖိုးနှင့်ဆောင်ရွက်ချက်တို့ ပြည့်စုံလုံလောက်မှုရှိရန် လိုအပ်ပါသည်။ သို့ပါ၍ ပျူမြို့ဟောင်း(၃)မြို့ ကမ္ဘာ့အမွေအနှစ်စာရင်း သတ်မှတ်နိုင်ရေးအတွက် အောက်ဖော်ပြပါတန်ဖိုးနှင့် ဆောင်ရွက်ချက်များကို လေ့လာဆန်းစစ်ပြီး ဆုံးဖြတ်သတ်မှတ်ခဲ့ပါသည် -

| ကမ္ဘာ့အဆင့်မီစံတန်ဖိုး | ထိန်းသိမ်းမှု၊ ကာကွယ်မှု၊ စီမံခန့်ခွဲမှု |
|---|---|
| ခိုင်မာမှု (Integrity) | နယ်နိမိတ် (Boundary) |
| စစ်မှန်မှု (Authenticity) | ထိန်းသိမ်းမှု (Conservation) |
| စံတန်ဖိုး ၂ (Criteria ii ) | ကာကွယ်မှု (Protection) |
| စံတန်ဖိုး ၃ (Criteria iii) | စီမံခန့်ခွဲမှု (Management) |
| စံတန်ဖိုး ၄ (Criteria iv) | |

### ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုးသတ်မှတ်ချက် (Outstanding Universal Value)

ပျူမြို့ဟောင်းများ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် အခြေခံလေ့လာဆန်းစစ်ချက်တစ်ခုမှာ ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုး (သို့မဟုတ်) ကမ္ဘာ့အဆင့်မီစံတန်ဖိုး ရှိ၊ မရှိ သုံးသပ်ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ ကမ္ဘာ့အဆင့်မီစံတန်ဖိုးဆန်းစစ်ချက်တွင် ပျူမြို့ဟောင်းများ၏ ခိုင်မာမှုရှိခြင်း(Integrity)၊ စစ်မှန်မှုရှိခြင်း(Authenticity)၊ စံတန်ဖိုး(၂)၊ စံတန်ဖိုး(၃)၊ စံတန်ဖိုး(၄) တို့ဖြင့် ကိုက်ညီမှုရှိကြောင်းတို့ကို သတ်မှတ်ဆုံးဖြတ်နိုင်ခဲ့ပါသည်။

**ခိုင်မာမှုရှိခြင်း(Integrity)** ဆိုရာမှာ ပျူမြို့ဟောင်းများသည် ရှေးမြို့ပြမြို့ဟောင်းများဖြစ်သဖြင့် ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားတွေ့ရှိမှုတို့သည် မူလသဘာဝအခြေအနေအတိုင်း (In Situ) ဖြစ်နေခြင်း၊ တင်ပြသတ်မှတ်ထားသည့် မြေအောက်ရှိ ယဉ်ကျေးမှုအထောက်အထားများမှာလည်း ပျက်စီး၊ ဖျက်ဆီးမှုမရှိဘဲ မူလသဘာဝအခြေအနေအတိုင်း တည်ရှိနေခြင်း၊ ပျူမြို့ဟောင်းများ၏ မြို့ပြစနစ်နှင့် ဖွဲ့တည်ပုံဖြစ်သောအခြေအနေ၊ မြို့ရိုး၊ ကျုံး . . စသည့်ကြွင်းကျန်ရစ်သော အထောက်အထားများသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကာလက တည်ဆောက်ခဲ့သော အနေအထားတို့ကို ကောင်းစွာဖော်ပြနိုင်ခြင်း၊ စံတန်ဖိုး(၂)၊ (၃)၊ (၄) ဆိုင်ရာ အထောက်အထား၊ လက္ခဏာများကို ကောင်းစွာဖော်ထုတ်ပြသနိုင်ခြင်း၊ ရှေးဟောင်းသုတေသနအထောက်အထားများကို ခေတ်မီသိပ္ပံနည်းဖြင့် ခါတ်ခွဲစမ်းသပ်ရာတွင် တိကျခိုင်မာသော ခေတ်ကာလသက်တမ်းသတ်မှတ်နိုင်ခြင်း၊ ဗိသုကာလက်ရာနှင့် စာပေမှတ်တမ်းဆိုင်ရာ အထောက်အထားတို့မှ ရရှိလာသည့် လေ့လာသုတေသနပြုချက်တို့ကလည်း ဖော်ပြပါခေတ်ကာလ သက်တမ်းသတ်မှတ်ချက်ကို ကောင်းစွာအထောက်အပံ့ပေးနိုင်ခြင်းနှင့်အတူ နှစ်ပေါင်းတစ်ထောင်ခန့် ရှင်သန်၊ ဖွံ့ဖြိုးတိုးတက်မှုရှိကြောင်းတို့ကိုလည်း သက်သေပြနိုင်ပေသည်။ ပျူမြို့ဟောင်း(၃)မြို့စလုံး၌ သဘာဝပတ်ဝန်းကျင်ကို ကောင်းစွာပြုပြင်ဖန်တီးနိုင်ခဲ့သော လယ်ယာစိုက်ပျိုးမှုလုပ်ငန်းအတွက် အရေးပါသော တူးမြောင်းများ၊ ရေကန်များသည် ပျူယဉ်ကျေးမှုကာလမှသည် ယနေ့တိုင် အသုံးပြုလျက်ရှိသော အထောက်အထားများဖြစ်ခြင်း၊ ပျူမြို့ဟောင်း(၃)မြို့ရှိ ကြွင်းကျန်တည်ရှိနေသော အဆောက်အအုံများ၊ ရှေးဟောင်းသုတေသန အထောက်အထားများနှင့် တူးဖော်တွေ့ရှိရသည့် ဝတ္ထုပစ္စည်းများသည် မြို့ဟောင်း(၃)မြို့၏ ယဉ်ကျေးမှုတန်ဖိုးနှင့် ဖွံ့ဖြိုးတိုးတက်လာမှုကိုလည်း ကောင်းစွာသက်သေပြနိုင်ခြင်း စသည်တို့သည် ပျူမြို့ဟောင်းများ၏ ခိုင်မာမှုရှိခြင်း(Integrity)၏ သက်သေများဖြစ်ပါသည်။



ပျူမြို့ဟောင်းများမှ ရရှိသော နယားခေါင်းပုံ ရွှေလက်ကြပ်

**စစ်မှန်မှုရှိခြင်း(Authenticity)** ဆိုသည်မှာ ပျူမြို့ဟောင်းများရှိ ရှေးဟောင်းဘုရားပုထိုး၊ အဆောက်အအုံနှင့် မြို့ပြဖွဲ့တည်ပုံတို့သည် မူလအတိုင်း ရှေးမူလက်ရာမပျက်တည်ရှိနေခြင်း၊ ယနေ့တိုင် လက်ခံကျင့်သုံးလျက်ရှိသည့် ဗုဒ္ဓဘာသာဆိုင်ရာ ဓလေ့ထုံးတမ်းများသည်လည်းကောင်း၊ လယ်ယာစိုက်ပျိုးမှုနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းစနစ်များသည်လည်းကောင်း၊ ရေအသုံးချမှုစနစ်သည်လည်းကောင်း ပျူခေတ်ကာလ၏ မူလ၊ သဘာဝကို အခြေခံ၍ ဆက်လက်အသုံးပြုနေခြင်း၊ ရှေးဟောင်းသုတေသနဆိုင်ရာလေ့လာမှုအရ မြို့ပြဖွဲ့တည်ပုံသည် မူလ၊ သဘာဝအနေအထားအတိုင်း တည်ရှိနေခြင်း၊ အဆိုပါကာလမှသည် ယနေ့တိုင် ရှေးခေတ်ဟောင်းယဉ်ကျေးမှုဆိုင်ရာ အခင်းအကျင်း(Cultural Lanscape) ပြောင်းလဲမှုမရှိခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို လေ့လာပြန်လျှင်လည်း ဒေသတွင်းမှရရှိသော အရင်းအမြစ်ကိုသာအသုံးပြု၍ တီထွင်ဖန်တီးထားခြင်း၊ စသည်တို့သည် ပျူမြို့ဟောင်းများ၏ စစ်မှန်သော အထောက်အထားလက္ခဏာများ ဖြစ်ကြပါသည်။

ခိုင်မာမှုရှိခြင်း၊ စစ်မှန်မှုရှိခြင်းတို့အပြင် ကမ္ဘာ့အဆင့်မီစံတန်ဖိုး (Criteria)များတွင်လည်း အောက်ပါအချက်တို့နှင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပါသည်။

**စံတန်ဖိုး(၂)(Value/Interchange)** ခရစ်နှစ်မတိုင်မီ နှစ်ရာခန့်က အိန္ဒိယမှ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုတို့ရောက်ရှိလာပြီး မိမိတို့၏ မူလယဉ်ကျေးမှုနှင့် ပေါင်းစပ်ဖန်တီးကာ ဗုဒ္ဓဘာသာကို အခြေပြုသော လူမှုအဖွဲ့အစည်းတစ်ရပ်အဖြစ်ရပ်တည်ခဲ့ခြင်း၊ ဒေသခံပျူလူမှုအဖွဲ့အစည်းသည် အရှေ့တောင်အာရှဒေသတွင် ဗုဒ္ဓဘာသာကိုအခြေခံသည့် ပထမဆုံးသော လူမှုအဖွဲ့အစည်းတစ်ရပ်ဖြစ်ခြင်း၊ ထို့အတူ ပျူခေတ်ဗုဒ္ဓဘာသာဆိုင်ရာ အထောက်အထား၊ ဓလေ့ထုံးစံတို့ကို ခရစ်နှစ်(၅)ရာစုနှောင်းပိုင်းပေါ်ထွန်းလာသော မြို့ပြလူမှုအဖွဲ့အစည်းတို့တွင် လက်ခံကျင့်သုံးကြခြင်း၊



ပိဋကတ်တော်ကောက်နုတ်ချက်များ ရေးထိုးထားသော ရွှေပေလွှာများ
ခန့်မှန်း အေဒီ(၅)ရာစု/အေဒီ(၆)ရာစု
၁၉၂၆-၂၇ ခုနှစ် သရေခေတ္တရာမြို့ဟောင်း (ဦးခင်ဘ ယာကုန်း) စေတီဟောင်း၏ ဌာပနာတိုက်မှ (၂၂)ချပ် တူးဖော်ရရှိသည်။

လယ်သမားမှသည် အုပ်စိုးသူအထိ လူတန်းစားအသီးသီး၊ အလွှာအသီးသီးမှ လက်ခံကျင့်သုံးလာခဲ့ခြင်း၊ အထင်ကရတွေ့မြင်နေရသည့် အုတ်ဖြင့်ပြုလုပ်ထားသော အထိမ်းအမှတ် စေတီပုထိုးများ၊ ထုံးဓလေ့ဆိုင်ရာအဆောက်အအုံများကို ဖန်တီးနိုင်ခြင်း၊ အချို့သော အဆောက်အအုံများကို ပုံတူယူထားသော်လည်း အချို့ကိုမူ ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန်ဖြင့် တီထွင်ဖန်တီးနိုင်ခဲ့ခြင်း။

စံတန်ဖိုး (၃)(Testimony) ပျူမြို့ဟောင်းများသည် အရှေ့တောင်အာရှဒေသတွင် ပထမဆုံးသော ဗုဒ္ဓအခြေပြုမြို့ပြယဉ်ကျေးမှုအဖြစ် သမိုင်းမှတ်တမ်းအထောက်အထားဖြစ်ခြင်း၊ ဗုဒ္ဓဘာသာ၏ ဓမ္မနှင့် သံဃာအဖွဲ့အစည်းကို ခိုင်မာစွာတည်ထောင်နိုင်ခဲ့ခြင်း၊ ရာသီဥတုအပေါ် အခြေခံ၍ ရရှိလာသော ရေအရင်းအမြစ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချပြီး လယ်ယာစိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်း၊ ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်မှုနှင့်အတူ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်လာရာ မူလ သစ်၊ ဝါး ဆောက်လုပ်သည့် အတတ်ပညာကိုအခြေခံပြီး အုတ်အဆောက်အအုံ ဗိသုကာပညာရပ်ကောင်းစွာဖွံ့ဖြိုးတိုးတက်ခဲ့ခြင်း၊ သေဆုံးသူတို့ကို မီးရှို့၊ အရိုးနှင့် ပြာကိုကောက်ယူ၍ အိုးတွင်ထည့်သွင်းမြှုပ်နှံသည့်ဓလေ့ရှိခြင်း (ပျူအရိုးအိုးမြှုပ်နှံမှုဓလေ့)၊ ပျူမြို့ဟောင်းများသည် အရှေ့တောင်အာရှနိုင်ငံများ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ကုန်သွယ်ကူးသန်းရောင်းဝယ်မှုရှိခြင်း၊ ကူးသန်းသွားလာမှုနှင့်အတူ ပါဠိစာပေ အခြေပြုဗုဒ္ဓသာသနာ ဖြန့်ဖြူးနိုင်ခြင်း။

**စံတန်ဖိုး(၄)(Typology)** စနစ်ကျ၍ ဖွံ့ဖြိုးတိုးတက်သောမြို့ပြစနစ်နှင့် မြို့ပြအဆောက်အအုံများကို ဖန်တီးတည်ဆောက်နိုင်ခြင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ရေအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်ခြင်း၊ လယ်ယာစိုက်ပျိုးရေး၊ ကျောက်၊ ကြေး၊ သံ၊ အုတ်တို့ကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာခြင်း၊ အစောဆုံး၊ ဧရိယာအကျယ်ဆုံး၊ သက်တမ်းအရှည်ကြာဆုံးသော ဗုဒ္ဓအခြေပြုမြို့ပြအဖြစ် အရှေ့တောင်အာရှဒေသတွင်ပေါ်ထွန်းခဲ့ခြင်း၊ ပျူမြို့ပြစနစ်၏ အရေးပါသောလက္ခဏာများအဖြစ် မြို့ရိုးနှင့် ကျုံးပတ်လည်၊ အချိတ်အဆက်ရှိသော လမ်းများ၊ တူးမြောင်းများ၊ ဘာသာတရားကို အထွတ်အမြတ်ထားမှုနှင့်အတူ ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား သဘာဝပတ်ဝန်းကျင်ကို အခြေခံပြီး တင့်တင့်တယ်တယ်ဖြစ်အောင် ဖန်တီးတည်ဆောက်နိုင်ခဲ့ခြင်း၊ စေတနာထက်သန်မှုနှင့်အတူ စိတ်ကူးစိတ်သန်း အကြံဉာဏ်သစ်များကို ဖန်တီးဖော်ဆောင်နိုင်ခြင်း၊

ဖော်ပြပါကမ္ဘာ့အဆင့်မီစံတန်ဖိုးများရှိရုံသာမက အောက်ဖော်ပြပါ ဆောင်ရွက်ချက်များကိုပါ သုံးသပ်ဆုံးဖြတ်ခဲ့သည် -

**နယ်နိမိတ်အတိုင်းအတာ(Boundary)** မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် ၁၉၉၈ ခုနှစ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ တစ်ဆက်တည်းမှာပင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများတစ်ခုပြီးတစ်ခု ဇုန်နယ်နိမိတ်များ (Boundary) သတ်မှတ်ခဲ့ရာ ပျူမြို့ဟောင်းများကိုလည်း တိုင်းတာသတ်မှတ်ပြီးဖြစ်သည်။ အဆိုပါ ယဉ်ကျေးမှုအမွေအနှစ်ဧရိယာ (ရှေးဟောင်းအဆောက်အအုံ တည်ရှိရာဇုန် Ancient Monument Zone နှင့် ရှေးဟောင်းနေရာတည်ရှိရာဇုန် Ancient Site Zone) ဟူ၍လည်းကောင်း၊ ကြားခံဇုန် (ကာကွယ်ထိန်းသိမ်းသောဇုန် Protected And Preserved Zone) ဟူ၍ ပိုင်းခြားသတ်မှတ်ထားပြီးဖြစ်သည်။

**ထိန်းသိမ်းမှု(Conservation)၊ ကာကွယ်မှု(Protection)** ပျူမြို့ဟောင်းများ၏ ယဉ်ကျေးမှုအမွေအနှစ်တို့ကို ရေရှည်တည်တံ့စေရေးနှင့် အနာဂတ်မျိုးဆက်သစ်တို့အား လက်ဆင့်ကမ်းအမွေပေးနိုင်ရေးတို့အတွက် မြို့ဟောင်း(၃)မြို့လုံးရှိ မြေပေါ်မြေအောက်အဆောက်အအုံများ၊ ရွှေ့ပြောင်းမရသော ဘုရားပုထိုး၊ သာသနိကအဆောက်အအုံများ၊ နန်းမြို့ရိုးများ၊ အရိုးအိုး အဆောက်အအုံများစသည်တို့ကို ရေရှည်တည်တံ့စေရေးအတွက် (၁၉၀၃)ခုနှစ်ကတည်းက စတင်ကာ သူ့ခေတ်သူ့နည်းပညာနှင့် ကာကွယ်စောင့်ရှောက်နိုင်ခဲ့သလို အထက်တွင်ဖော်ပြသကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❁

ပြည်တွင်းရေးရာ

# အဆင့်မြင့်ခေတ်မီလယ်ထွန်စက်ကြီးများ၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် လက်တွန်းထွန်စက်များ အသုံးပြုပုံ သရုပ်ပြ



နေပြည်တော် ဩဂုတ် ၃၀

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ခုတင် (၁၀၀၀)ဆံ့ဆေးရုံပရဝဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဒေါက်တာသန်းအောင်တို့ ကြည့်ရှုအားပေးခဲ့ကြသည်။**

အဆိုပါ လုပ်အားပေးအစီအစဉ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်၊ အရာထမ်း၊ အမှုထမ်းအင်အား ၁၀၀၀ နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ အင်အား ၅၀၀ တို့ပူးပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

အလားတူ မွေးနေ့ အလှူရှင် မောင်သန့်စင်လှိုင်နှင့် မဇင်မာနိုင်တို့က ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဖြူဖြူက လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် ကလေးကုသဆောင်သို့ ရောက်ရှိကြပြီး တိုးချဲ့ဆောင်တည်ဆောက်မည့် နေရာကိုကြည့်ရှုကြသည်။

ထို့နောက် ဆေးကုသဆောင်တွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိကြသည့် ကလေးလူနာများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀၀ စိုက်ကွင်းသို့ ရောက်ရှိကာ သမဝါယမဝန်ကြီးဌာနမှ ဦးစီးကျင်းပသည့် ကိုရီးယားနိုင်ငံ ဒယ်ဒုံးကုမ္ပဏီမှ ထုတ်လုပ်သော အဆင့်မြင့် ခေတ်မီလယ်ထွန်စက်ကြီးများ၊ ရိတ်သိမ်းခြွေလှေ့စက်နှင့်လက်တွန်းထွန်စက်များ အသုံးပြုပုံသရုပ်ပြရှင်းလင်းပွဲ အခမ်းအနားကို တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတော်၏ လယ်ယာကဏ္ဍအား လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းခြင်း၊ မျိုးကောင်း မျိုးသန့် မျိုးစေ့ထုတ်ဖြန့်ဖြူးခြင်းလုပ်ငန်းများကို တစ်ရာသီပြီး တစ်ရာသီ ထိထိရောက်ရောက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများ၏ လိုအပ်ချက်အပေါ် သမဝါယမအခန်းကဏ္ဍ မှ ထိထိရောက်ရောက်ပါဝင်သည့် တောင်သူများ လက်ဝယ်အရောက် လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးပေးနိုင်ရေးလုပ်ငန်းနှင့် ကျွမ်းကျင်စွာအသုံးပြုကိုင်တွယ်နိုင်ရေး ကူညီဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတကြီးက တောင်သူလယ်သမားများ ဝင်ငွေမြင့်မားတိုးတက်လာစေရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးကြရန် မှာကြားထားသကဲ့သို့ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းနိုင်ရေးအတွက် မှာကြားခဲ့ပါကြောင်း၊ စက်ပစ္စည်းကိရိယာများ မရှိပါဘဲနှင့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းသွားရန် မဖြစ်နိုင်ပါကြောင်း။

ယခုကဲ့သို့ လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို တတ်မြောက်ကျွမ်းကျင်စွာဖြင့် ကိုယ်တိုင်အသုံးချတတ်စေရန် လိုအပ်သကဲ့သို့ တက်ကြွစွာဆောင်ရွက်သွားကြရန်လည်း လိုအပ်ပါကြောင်း၊ နိုးကြားတက်ကြွစွာဖြင့် မိမိတို့၏ တစ်ဦးချင်း ဝင်ငွေတိုးတက်လာစေရန် တစ်ရာသီပြီး တစ်ရာသီ မိမိတို့၏စက်မှုသီးနှံများကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်သွားနိုင်ကြစေရန် ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက တောင်သူလယ်သမားများ လက်ဝယ်အရောက် အသုံးပြုနိုင်စေရန်အတွက် ကိုရီးယားနိုင်ငံ ဒယ်ဒုံးကုမ္ပဏီမှထုတ်လုပ်ရောင်းချမည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများနှင့် ဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များ၊ အသင်းသားတောင်သူလယ်သမားများ၏ဘဝ လူနေမှုအဆင့်မြင့်မားလာစေရေးအတွက် ဆောင်ရွက်လုပ်ကိုင်သွားမည့် အစီအမံဆိုင်ရာများအပေါ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ ဒယ်ဒုံးကုမ္ပဏီမှ လယ်ယာသုံးစက်ကိရိယာများ သရုပ်ပြရှင်းလင်းခြင်းလုပ်ဆောင်ပြမည့်အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လယ်ယာသုံးစက်ကိရိယာများကိုသရုပ်ပြသသည်။**(အပေါ်ပုံ)**

ဆက်လက်၍ သရုပ်ပြပွဲအနီး လယ်ကွင်းများအတွင်း၌ ပုလဲသွယ်စပ်မျိုးစပါး F1 မျိုးစေ့ထုတ်စိုက်ပျိုးနေမှုများနှင့် စိုက်ကွင်းများအတွင်း စပ်မျိုးစပါးအဖိုလိုင်း၊ အမလိုင်းများအား ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**



## စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် သားသမီးများအတွက် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဩဂုတ် ၃၀**

နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ကြေးနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက်က တပ်ကုန်းမြို့ မြို့နယ်ခန်းမ၌ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့ မှူးများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် စုစုပေါင်း ၆၃၆ ဦးနှင့် ပညာသင်ကြားလျက်ရှိသော သားသမီး ၂၇၅ ဦးတို့အတွက် ထောက်ပံ့ငွေများကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ကြေးမုံ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ လူမှုမီဒီယာဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ကြီးမှူးကာ လူမှုမီဒီယာဆိုင်ရာနှင့် ပတ်သက်၍ "Social Media Awareness" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ YMCA ခန်းမ၌ ကျင်းပခဲ့သည်။

ယင်းဟောပြောပွဲတွင် ဗုဒ္ဓဘာသာဝင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့နာယက ဒေါက်တာတင်သိန်းလွင်၊ ခရစ်ယာန်ဘာသာဝင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့နာယက သိက္ခာတော်ရ ဒေါက်တာ စောမာဂေကြီး၊ အစ္စလာမ်ဘာသာဝင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ပြန်ကြားရေးအဖွဲ့ဝင် ဦးအောင်မျိုးလွင်(ခ)အဂ္ဂနှင့် ဟိန္ဒူဘာသာဝင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ပြန်ကြားရေးအဖွဲ့ဝင် ဦးရာဂီတို့က အသီးသီး ဟောပြောကြသည်။

ယနေ့ဟောပြောပွဲသည် မြန်မာနိုင်ငံသူ နိုင်ငံသားများအတွင်း အမုန်းစကား၊ အမုန်းတရားများ ပယ်ပျောက်၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးဖြစ်ပြီး နိုင်ငံတွင်း ငြိမ်းအေးသာယာရေးအတွက် ခေတ်မီတိုးတက်၍ အမြင်ရှိသော လူငယ်ထုအားဖြင့် ဝိုင်းဝန်း အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဆိုသည့် အမုန်းတရား၊ အမုန်းစကားများအား လူမှုမီဒီယာများဖြစ်ကြသည့် အင်တာနက်၊ ဖေ့စ်ဘွတ်၊ တွစ်တာနှင့် စီဒီခွေများမှတစ်ဆင့် ဘာသာတစ်ခုနှင့်တစ်ခု၊ တစ်ဖက်နှင့်တစ်ဖက် အမုန်းစကားများဖြင့် အပြန်အလှန် တိုက်ခိုက်စွပ်စွဲနေသည်ကို နေ့စဉ်နှင့်အမျှ မြင်တွေ့နေရကြောင်း။

ကမ္ဘာ့သူ ကမ္ဘာ့သားအားလုံး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် သည်းခံစိတ် မွေးမြူရေးသည် အထူးအရေးကြီးလှပါကြောင်း၊ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များအနေဖြင့် မိမိတို့ကျရာကဏ္ဍမှနေပြီး မြန်မာနိုင်ငံသားအားလုံး လူမျိုးဘာသာမရွေး ထိတ်လန့်ပူပင်သောက မရောက်ရှိစေဘဲ ငြိမ်းချမ်းသာယာစွာဖြင့် ဥမကွဲ သိုက်မပျက် နေထိုင်နိုင်ရေးအတွက် အမုန်းစကားများ ဆိတ်သုဉ်းစေရန် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေကြကြောင်း။

ဘာသာတရားတိုင်းသည် မေတ္တာတရား၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ကို အလေးအနက်ထား၍ သွန်သင်လမ်းညွှန်ထားပါကြောင်း၊ ပြဿနာများ၏ အရင်းအမြစ်အား ဖော်ထုတ်ဖြေရှင်းမှုမရှိခြင်း၊ နားလည်မှုလွဲမှားခြင်း၊ ယုံကြည်မှု မရှိတော့ခြင်းတို့သည် အပြန်အလှန် မတရားစွပ်စွဲ၍ အမုန်းတရား၊ အမုန်းစကားများဖြင့် ပဋိပက္ခများအား ပိုမိုဖြစ်ပေါ် ကြီးထွားစေကြောင်းဖြင့် အသီးသီးဟောပြောခဲ့ကြသည်။

အဆိုပါဟောပြောပွဲတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)နာယက အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်နှင့် ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးစိန်ဝင်းအောင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဒေါက်တာသာညဏ်က ဟောပြောပွဲအပြီးတွင် ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ညနေ ၄ နာရီတွင် ရုပ်သိမ်းခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ မြို့နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ ပြည်နယ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံမှ လူငယ်လူရွယ်များ၊ သတင်းအချက်အလက်နှင့် နည်းပညာ(IT)ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူများနှင့် တရုတ်-မြန်မာချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

❁ **စာမျက်နှာ ၆ မှ**

ပြဋ္ဌာန်း၍လည်း ထိန်းသိမ်းပါသည်။ ရွှေ့ပြောင်းနိုင်သော အမွေအနှစ်များဖြစ်သည့် စာပေအရေးအသားပါ ရွှေပေလွှာများ၊ ကျောက်အရိုးအိုးများ၊ ကျောက်စာတိုင်များ၊ ကျောက်ရုပ်ကြွများ၊ ရွှေ၊ ငွေ၊ ကြေး၊ သတ္တုပစ္စည်းအမျိုးမျိုး၊ ဆင်းတု၊ ရုပ်တုများ၊ ဒင်္ဂါးအမျိုးမျိုး၊ မြေမီးဖုတ်ရုပ်တု၊ ရုပ်ကြွ အမျိုးမျိုး၊ လူ့အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ လက်ဝတ်ရတနာအမျိုးမျိုး စသည်တို့ကိုလည်း တိုးတက်မပျက်စီးအောင် ထိန်းသိမ်းခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပသို့ ရောက်ရှိမသွားရလေအောင် ထိုက်သင့်သည့် ဆုကြေးငွေချီးမြှင့်၍ လည်းကောင်း၊ ဥပဒေပြဋ္ဌာန်း၍လည်းကောင်း ကာကွယ်ထိန်းသိမ်းလျက်ရှိပါသည်။

**စီမံခန့်ခွဲမှု(Management)** အပိုင်းတွင် သဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာစီမံခန့်ခွဲမှု (Disaster Risk Management) နှင့် ခရီးသွားဧည့်သည်များဆိုင်ရာစီမံခန့်ခွဲမှု (Visitor Management) တို့ကိုပါ ဆန်းစစ်ပါသည်။ မိမိတို့နိုင်ငံအနေဖြင့် အဆိုပါ Management အပိုင်းကို မဆောင်ရွက်ရသေးသော်လည်း မိမိတို့၏ကျွမ်းကျင်ပညာရှင်များ၊ UNESCO မှ ကျွမ်းကျင်ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းကာဆောင်ရွက်ပြီး အစီအစဉ်များ ရေးဆွဲ၍ စာတွဲ (Nomination Dossier)တွင် ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်သည်။ အဆိုပါစီမံခန့်ခွဲမှုများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပညာရှင်များ၊ အဖွဲ့အစည်းများ၊ ဒေသခံများ ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေးအတွက် အထက်ပါတန်ဖိုးများရှိကြောင်း ဖော်ထုတ်တင်ပြနိုင်ရမည်ဖြစ်သကဲ့သို့ အဆိုပါအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့်အတူ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုပါ ရေးဆွဲတင်ပြနိုင်ရမည်ဖြစ်ပါသည်။

ယခုအပိုင်းအတွက် ဤမျှဖော်ပြပြီး ကျန်သိသင့်သည်များကို ဆက်လက်ရေးသားဖော်ပြသွားပါမည်။



# နိုင်ငံတော်၏ အနာဂတ်စီမံကိန်းအဝဝကို စနစ်တကျဆောင်ရွက်နိုင်ရန် ရှေ့ပြေးလူဦးရေစာရင်းထုတ်ပြန်နိုင်ပြီ

သတင်း >> ဝင်းဝင်းမော်၊ နန္ဒာဝင်း
ဓာတ်ပုံ >> ဇော်မင်းလတ်

မြန်မာနိုင်ငံတွင် ပထမဆုံးသန်းခေါင်စာရင်းကို ဘီစီ(၅၀၀)ခန့် တကောင်းဘုရင်မင်းဆက် သတိုးသီဟမဟာဓမ္မရာဇာဘုရင်လက်ထက်တွင် စတင်ကောက်ယူခဲ့ကြောင်း သမိုင်းအထောက်အထားများအရသိရှိရသည်။ ဗြိတိသျှအုပ်ချုပ်မှုအောက်ပိုင်း၌ ပထမဆုံးလူဦးရေသန်းခေါင်စာရင်းကို မြန်မာနိုင်ငံအောက်ပိုင်းတွင် အိန္ဒိယသန်းခေါင်စာရင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ၁၈၇၂ ခုနှစ်၌ ကောက်ယူခဲ့သည်။ ဆက်လက်၍ ၁၈၈၁ မှ စတင်၍ ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်းများပုံမှန်ကောက်ယူခဲ့သည်။ ၁၈၉၁ မှ ၁၉၄၁ ခုနှစ်အထိ ၁၀ နှစ်တစ်ကြိမ်ကောက်ယူခဲ့သည့်သန်းခေါင်စာရင်းများသည် မြန်မာတစ်နိုင်ငံလုံးကိုလွှမ်းခြုံအောင် ကောက်ယူနိုင်ခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်မူ ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်နှင့် ၁၉၈၃ ခုနှစ်တွင်တစ်ကြိမ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းများ ကောက်ယူနိုင်ခဲ့သည်။ ထို့နောက်ပိုင်းတွင် သန်းခေါင်စာရင်းမကောက်ယူနိုင်ခဲ့သည့်အတွက် တိကျမှန်ကန်ပြီးအချိန်နှင့်တစ်ပြေးညီဖြစ်သော သန်းခေါင်စာရင်းအချက်အလက်များမရရှိသည်မှာ နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရကမြန်မာပြည်သူများ၏ လူမှုစီးပွားလိုအပ်ချက်များကို ဆန်းစစ်လေ့လာရန်အတွက် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်နေ့အထိတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကိုဦးစားပေးလိုအပ်ချက်တစ်ရပ်အနေဖြင့် ကောက်ယူခဲ့သည်။

ထို့အတူ မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ အမျိုးသားပေါင်းစည်းညီညွတ်ရေးလုပ်ငန်းစဉ်များအတွက် အစီအစဉ်များချမှတ်ရာတွင် လူဦးရေအရွယ်အစား၊ ပျံ့နှံ့မှုနှင့် သွင်ပြင်လက္ခဏာများကိုသိရှိရန် နိုင်ငံတော်အစိုးရကအလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များအား ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် စာရင်းကောက်ယူပုံတို့ကိုပိုမိုနားလည်နိုင်စေရန် ပြည်တွင်း ပြည်ပမှ စာရင်းအင်းပညာရှင်၊ သန်းခေါင်စာရင်းကျွမ်းကျင်သူများ၊ လူဦးရေပညာရှင်များနှင့် လူမှုရေးသိပ္ပံပညာရှင်များပါဝင်သည့် စောင့်ကြည့်လေ့လာရေးအဖွဲ့ကိုဖွဲ့စည်းကာ သန်းခေါင်စာရင်းကောက်ယူမှုများကို လေ့လာခဲ့ကြသည်။

ယနေ့တွင် မြန်မာတစ်နိုင်ငံလုံး၏ ရှေ့ပြေးလူဦးရေစာရင်းကို ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။ ယနေ့ကျင်းပသည့် အခမ်းအနားတွင် သတင်းအဖွဲ့၏ မေးမြန်းမှုကို **ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်**က ဖြေကြားရာတွင် "ဒီနေ့ရှေ့ပြေးလူဦးရေစာရင်းမှာ မြန်မာတစ်နိုင်ငံလုံးအဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ် စတဲ့ လူဦးရေအိမ်ထောင်စုစုစုပေါင်း၊ ကျား၊ မလူဦးရေ အတိအကျ ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်လေးလပိုင်းမှာ ကျန်တဲ့သန်းခေါင်စာရင်းအချက်အလက်အားလုံးကို ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ တချို့တိုင်းရင်းသားလူမျိုးတွေက လူမျိုးအမည်ပြောင်းချင်တာတွေရှိတယ်။ တချို့လည်း လူမျိုးစုအမည်ပြောင်းချင်တာတွေ ရှိတယ်။ လူမျိုးအမည် မှားယွင်းနေတာတွေကိုပြင်ချင်တာတွေရှိတယ်။ ဒါတွေကို ဒုတိယလုပ်ငန်းစဉ်အနေနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ၊ တိုင်းရင်းသားလူမျိုးတွေနဲ့ ပတ်သက်ပြီး စိတ်ဝင်စားတဲ့ အဖွဲ့အစည်းတွေ၊ ကျွမ်းကျင်တဲ့ သမိုင်းပညာရှင်၊ ယဉ်ကျေးမှုပညာရှင်တွေ၊ လွှတ်တော်ကတိုင်းရင်းသားရေးရာကော်မတီတွေ အားလုံးနဲ့ ကျေကျေနပ်နပ်ညှိနှိုင်းပြီး အတည်ပြုချက်ရတဲ့အချိန်မှ တိုင်းရင်းသားလူမျိုးစုအမည်စာရင်းကို ထုတ်ပြန်နိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

**UNFPA မှ သန်းခေါင်စာရင်းကောက်ယူခြင်းအကြံပေး မစ္စတာ ဖရီဒရစ် အိုတီနိုအိုကာရို**က "သန်းခေါင်စာရင်းကောက်ယူမှုကို သတ်မှတ်တဲ့အချိန်အတွင်းပြီးစီးအောင် အစိုးရနဲ့ပူးပေါင်းပြီး နည်းပညာပိုင်းဆိုင်ရာတွေကို UNFPA က ကူညီပေးနေပါတယ်။ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်တွေဖြစ်တဲ့ မြေပုံကားချပ်ရေးဆွဲခြင်း၊ စာရင်းဇယားကောက်ယူခြင်းတွေကို နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့အညီကောက်ယူနိုင်ဖို့ အစိုးရနဲ့ UNFPA က ပူးပေါင်းဆောင်ရွက်တာ ဖြစ်ပါတယ်။သန်းခေါင်စာရင်းကိုကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံတိုင်း ၁၀ နှစ်တစ်ကြိမ် ကောက်ယူလေ့ရှိပါတယ်။ ဒေသတွင်းနိုင်ငံတွေမှာဆိုရင် ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယနိုင်ငံတွေက ၂၀၁၁ ခုနှစ်မှာကောက်ခဲ့သလိုထိုင်းနဲ့စင်ကာပူနိုင်ငံတွေမှာတော့ ၂၀၁၀ ခုနှစ်မှာကောက်ယူခဲ့ပါတယ်။ သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းဟာ တိုင်းပြည်အတွက်သာမက ပြည်သူပြည်သားတွေအတွက်ပါ အကျိုးကျေးဇူးများစွာခံစားရရှိစေမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျောင်းနေအရွယ်ကလေး ဘယ်နှဦးရှိတယ်ဆိုတာကိုသိရင် ကျောင်းတွေမှာ ဆရာ ဆရာမ လုံလောက်ရဲ့လား၊ မလုံလောက်ရင် ကျောင်းတွေတိုးချဲ့တည်ဆောက်နိုင်လာမယ်။ ဆရာ၊ ဆရာမတွေ ထပ်ခန့်မယ်။ ဒါက ပညာရေးပိုင်းဖြစ်ပါတယ်။



မစ္စတာ ဖရီဒရစ် အိုတီနိုအိုကာရို (UNFPA မှ သန်းခေါင်စာရင်းကောက်ယူခြင်းအကြံပေး)



ဆလိုင်းအိုက်ဇက်ခင် (ချင်းသန်းခေါင်စာရင်းကောက်အထောက်အကူပြုကော်မတီ အတွင်းရေးမှူး)

ကျန်းမာရေးအပိုင်းမှာလည်း ဆေးရုံ၊ ဆေးခန်းတွေ လုံလောက်ရဲ့လားဆိုတာတွေကိုသိရှိပြီး လိုအပ်သလိုဖြည့်ဆည်းပေးနိုင်ခြင်းတွေဟာ သန်းခေါင်စာရင်းကောက်ယူရရှိခြင်းရဲ့ အကျိုးကျေးဇူးတွေပဲ ဖြစ်ပါတယ်"ဟု ဆိုသည်။

**ချင်းသန်းခေါင်စာရင်းကောက်အထောက်အကူပြုကော်မတီအတွင်းရေးမှူးဆလိုင်းအိုက်ဇက်ခင်**က "သက်ဆိုင်ရာတိုင်းရင်းသားတွေ၊ လူမျိုးစုတွေရဲ့ နာမည်အမှန်တွေ သေသေချာချာဖြစ်မယ်ဆိုရင် သန်းခေါင်စာရင်းကောက်ယူမှုကအတိုင်းထက်အလွန်ကောင်းပါလိမ့်မယ်။ အခု သန်းခေါင်စာရင်းမှာ တိုင်းရင်းသားမျိုးနွယ်စုဘယ်လောက်ထွက်မယ်ဆိုတာ ကျွန်တော်မသိသေးဘူးပေါ့လေ။ အရင်ကတိုင်းရင်းသားမျိုးနွယ်စု ၁၃၅ စုရှိတယ်။ ခုန ဝန်ကြီးပြောသွားသလိုပဲတိုင်းရင်းသားအဖွဲ့အစည်းတွေ ဖွဲ့စည်းပြီးမျိုးနွယ်စုတွေနဲ့ လူမျိုးစုတွေပြင်ဖို့ အဖွဲ့တွေဖွဲ့မယ်ဆိုတာ ဖြစ်သင့်ပါတယ်။ဒါဟာဗဟိုသန်းခေါင်စာရင်းကော်မရှင်၊ ဝန်ကြီးနဲ့ဆွေးနွေးပြီး သဘောတူထားတဲ့အချက်လည်း ဖြစ်ပါတယ်။ ကိုယ့်လူမျိုးစုရဲ့ အမည်မှန်ကဘာလဲ၊ လွဲနေမှားနေတာကဘာလဲဆိုတာကို ကိုယ့်မျိုးနွယ်စုတွေကအသိဆုံးပါပဲ။ မှားနေတဲ့အသုံးတွေ ပြန်ပြင်မယ်။ အုပ်စုခွဲတာတွေ ပြန်လုပ်မယ်ဆိုတဲ့ကိစ္စဟာ သက်ဆိုင်ရာမျိုးနွယ်စုခေါင်းဆောင်တွေနဲ့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ကျွမ်းကျင်တဲ့ပညာရှင်တွေ အားလုံးဝိုင်းပြီးဆောင်ရွက်ကြတာအကောင်းဆုံးဖြစ်သင့်တဲ့နည်းလို့ ပြောလို့ရပါတယ်။ လက်ရှိရှေ့ပြေးသန်းခေါင်စာရင်းထုတ်ပြန်တဲ့ အနေအထားကတော့ ထိခိုက်မှုအနည်းဆုံးပုံစံနဲ့သွားထားတဲ့ အစီရင်ခံစာ ဖြစ်ပါတယ်။ တကယ်ကလည်း သန်းခေါင်စာရင်းအစအဆုံးထုတ်ပြန်တာထက် ပဋိပက္ခဖြစ်နိုင်ခြေ အနည်းဆုံးကိုယူပြီး ထုတ်ပြန်တဲ့အနေအထားကအကောင်းဆုံးဖြစ်ပါတယ်။အကုန်လုံးဆိုရင် ဝိရောဓိဖြစ်စရာတွေ အများကြီးရှိတယ်။ နောက်ပြီးအချေအတင်ဆွေးနွေးရမယ့်ကိစ္စတွေလည်း အများကြီးရှိတယ်။ အခုလို ဆွေးနွေးရမယ့်ကိစ္စတွေကို လောလောဆယ် မဆွေးနွေး၊ မထုတ်ပြန်သေးဘဲ ရှေ့ပြေးထုတ်လိုက်တဲ့အတွက်ကြောင့် အထူးသဖြင့် ပဋိပက္ခတွေမဖြစ်စေနိုင်တဲ့ အရေးအတွက်တွေကိုဖော်ပြတဲ့အပိုင်းက တော်တော်လေးကောင်းတဲ့အချက်ဖြစ်ပါတယ်" ဟု ပြောသည်။

**ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါက်တာညီညီ** က "၂၀၁၅ ခုနှစ် မေလလောက်ဆိုရင် ပြီးပြည့်စုံတဲ့ ပင်မသန်းခေါင်စာရင်းအစီရင်ခံစာကို ထုတ်ပြန်နိုင်မှာဖြစ်ပါတယ်။အဲလိုထုတ်ပြန်နိုင်ဖို့အတွက်ကိုလည်း ကောက်လာ တဲ့ မေးခွန်း(၄၁)ချက်ထဲမှာပါတဲ့ပုံစံကိုအရင် scan ဖတ်ရပါတယ်။ ဒုတိယ အဆင့်အနေနဲ့ key correction ပြန်လုပ်ရပါတယ်။ တချို့နံပါတ်တွေက လူတွေမျက်စိနဲ့ကြည့်ရင် သဲသဲကွဲကွဲမြင်ရပေမယ့် စက်နဲ့ကျတော့ သဲသဲကွဲကွဲမဖတ်နိုင်တာတွေ ဥပမာ-သုံးဂဏန်းကဆက်သွားရင် ရှစ်ဂဏန်းလို့ထင်ရပါတယ်။ ဒါမျိုးတွေကို key correction ပြန်လုပ်ပေးရပါတယ်။ ဒါတွေကလည်းအချိန်ယူပြီး ပြန်လုပ်ပေးရပါတယ်။ လူဦးရေသန်း ၅၀ ကျော်ဆိုတော့ သူရဲ့လုပ်ငန်းစဉ်က ကြာတယ်။ ဒါကိုလုပ်ပြီးရင် အချက်အလက်တွေကို ပြန်စိစစ်ရတယ်။ ဥပမာပြရရင် အချို့က ယောကျ်ားတစ်ယောက်က သားသမီးမွေးထားတာတို့၊ အသက်ငယ်ငယ်နဲ့ ဘွဲ့ရနေတာတို့၊ အလုပ်လုပ်နေတာတို့တွေ စတဲ့ စာရင်းကောက်ကမှားဖြည့်တဲ့ အချက်အလက်တွေကို ပြန်တည်းဖြတ်ရတယ်။ ဒီလုပ်ငန်းစဉ်က ကြာပါတယ်။ ဒါတွေကို အခုစလုပ်နေပါပြီ၊ ဒီနှစ်ကုန်ပိုင်းလောက်မှာစကင်(scan)နဲ့ key correction ပိုင်းပြီး သွားမယ်လို့ ခန့်မှန်းတယ်။ တည်းဖြတ်၊ စစ်ဆေးခြင်းနဲ့ အမှားတွေ မပါအောင်၊ အချက်အလက်တွေ ကောင်းအောင်၊ တိကျအောင် ပြန်လုပ်ရတာဖြစ်ပါတယ်။ အခုထွက်တာက ရှေ့ပြေးကလူဦးရေဖြစ်ပြီးပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်မျိုးစုံစတဲ့ အသေးစိတ်စာရင်းဇယားကို ၂၀၁၅ ခုနှစ် မေလလောက်မှာထွက်နိုင်အောင် ကြိုးစားနေပါတယ်" ဟုပြောသည်။

နှစ်ပေါင်း ၃၀ ကျော်ကြာမှ ယခုတစ်ကြိမ် မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်သည် အခက်အခဲများ၊ စိန်ခေါ်မှုများ အထိုက်အလျောက် ကြုံတွေ့ခဲ့ရသော်လည်း နိုင်ငံတကာမှ အသိအမှတ်ပြုရသည်အထိ အောင်မြင်ခဲ့ရုံသာမက နိုင်ငံတော်၏အနာဂတ်စီမံကိန်းအဝဝကိုလည်း စနစ်တကျဆောင်ရွက်နိုင်တော့မည်ဖြစ်သည်ဟု ရှုမြင်မိပါသည်။

## မိုးရွာသွန်းမှုကြောင့် မုံရွာ-မန္တလေးကားလမ်းမပေါ် ရေကျော်

**မြင်းမူ ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် ဩဂုတ် ၂၈ ရက် နံနက် ၇ နာရီမှစ၍ မိုးများရွာသွန်းမှုကြောင့် အလ္လကပ္ပကျေးရွာအနီးရှိ မုံရွာ-မန္တလေးကားလမ်းမ မိုင်တိုင်(၅၃/၁)နှင့် (၅၃/၃ )အကြားတွင် ရေလေးလက်မခန့် ကျော်ခဲ့ကြောင်း သိရသည်။

နံနက် ၁၀ နာရီခန့်တွင် မိုးရွာသွန်းမှု ရပ်သွားသော်လည်း မြင်းမူမြို့နယ်၏ မြောက်ဘက်ခြမ်းရှိ လက်ပန်၊ တောချောင်းဦး၊ သစ်လိုက်၊ ပဒတ္ထိုင်း၊ လက်ပံကျင်း၊ ဂရု၊ မဲနော စသည့် ကျေးရွာများတွင် ရွာသွန်းခဲ့သည့် မိုးရေများစီးဆင်းလာမှုကြောင့် မွန်းတည့် ၁၂ နာရီတွင် မုံရွာ-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၅၅/၂)နှင့် (၅၅/၃)အကြားတွင်လည်း ရေရှစ်လက်မခန့်ကျော်ခဲ့သည်။

မုံရွာ-မန္တလေးကားလမ်း ရေကျော်ခဲ့သော်လည်း ယာဉ်သွားလာမှုရပ်နားထားရခြင်းမရှိဘဲ ရေကျော်သည့်နေရာများတွင် အလံနီများစိုက်ထူ၍ အချက်ပြထားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ယာဉ်သွားလာမှုအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ မုံရွာ-မန္တလေးကား လမ်းရေကျော်ရာနေရာများသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ပုံမှန်သွားလာနိုင်ရေး၊ ရေများအမြန်ဆုံး ကျဆင်းရေးနှင့် ရေများကျဆင်းသည့် အခါ ကားလမ်းပျက်စီးမှုရှိခဲ့ပါက အမြန်ဆုံးပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြင်းမူမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဖိုးခါး)**



## ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၃၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၀)တွင် ဖော်ပြထားသော "အမျိုးသားဥပဒေ (မူကြမ်း) စကားဝိုင်းဆွေးနွေးပွဲ ကောက်နုတ်ချက်" ဒုတိယကော်လံတွင်ပါရှိသော "University Chater" အစား "University Charter" ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**

## ဥတုရာသီ တောကိုမှီ၏

# ရေလမ်းကြောင်း အထူးသတိပေးနှိုးဆော်ချက်

ယခင်ဖော်ပြခဲ့သော ဘုရင့်နောင်တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်း ရေလမ်းကြောင်းအထူးသတိပေးနှိုးဆော်ချက်အား လုပ်ငန်းလိုအပ်ချက်အရ ပယ်ဖျက်၍ အောက်ပါအတိုင်း ပြင်ဆင်သတိပေးနှိုးဆော်အပ်ပါသည်။

ဘုရင့်နောင်တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်း ပင်မတံတားသံပေါင်များ တပ်ဆင်ရာတွင် လှိုင်မြစ်အတွင်း ရေလယ်ခန်းဖွင့် သုံးခန်းရှိသည့်အနက် အလယ်အခန်း RP-3 နှင့် RP-4 အကြား လှိုင်သာယာဘက်အခန်း RP-4 နှင့် RP-5 အကြား ရေလမ်းကြောင်းများအား ၂၈-၈-၂၀၁၄ ရက်နေ့မှစ၍ ခေတ္တပိတ်ထားမည်ဖြစ်ပြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဘက်အခန်း RP-2 နှင့် RP-3 အကြား ရေလမ်းကြောင်းအားဖွင့်ထားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လှိုင်မြစ်အတွင်း သွားလာနေသော လှေ/သင်္ဘောများသည် ၃၁-၈-၂၀၁၄ ရက်နေ့မှစ၍ ဘုရင့်နောင်ဘက်အခန်း RP-2 နှင့် RP-3 အကြား ရေလမ်းကြောင်းမှဖြတ်သန်းသွားလာကြပါရန်နှင့် အောက်ဖော်ပြပါစည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်ပါသည်။

(၁) ည ၆ နာရီမှ နံနက် ၆ နာရီအတွင်း မည်သည့်ရေယာဉ်မှ ဖြတ်သန်းသွားလာခြင်းမပြုရ။
(၂) ရေယာဉ်အားလုံး ရေဆန်ဖြင့်သာဖြတ်သန်းခွင့်ပြုမည်။
(၃) အရှည် ပေ ၁၂၀၊ အကျယ် ၂၅ ပေထက်မပိုသော (ကုန်မပါ)စက်တပ်ရေယာဉ်များသာ ဖြတ်သန်းခွင့်ပြုမည်။
(၄) ဘုရင့်နောင်တံတား၏ အထက်ဘက်အောင်ဇေယျကြိုးတံတားနှင့် အောက်ဘက်သီရိမင်္ဂလာဈေးသစ်အကြား ရေပြင်အတွင်း မည်သည့် စက်တပ်/စက်မဲ့ရေယာဉ်မျှ ကျောက်ချရပ်နားခွင့်မပြု။
(၅) သဲသမ္ဗန်များ လုံးဝဖြတ်သန်းခွင့်မပြု။
(၆) မည်သည့်စက်မဲ့ရေယာဉ်များကိုမျှ တွဲ၍ဖြစ်စေ၊ တွန်း၍ဖြစ်စေ ဖြတ်သန်းခွင့်မပြု။
(၇) ဖြတ်သန်းသွားမည့် ရေယာဉ်များသည် သတ်မှတ်ထားသည့် စစ်ဆေးရေးနေရာတွင် ရပ်တန့်အစစ်ဆေးခံပြီး ခွင့်ပြုချက်ရမှသာ ဖြတ်သန်းသွားရမည်။
(၈) ရေယာဉ်ကြံ့ခိုင်ရေး၊ ရေယာဉ်အထောက်အကူပြုပစ္စည်းများ ပြည့်စုံစေရေးနှင့် ကျွမ်းကျင်ရေယာဉ်မောင်းများသာ မောင်းနှင်ရေးတို့အား ရေယာဉ်ပိုင်ရှင်များက တာဝန်ခံ၍ အထူးအလေးထားဆောင်ရွက်ရန်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ကမ္ဘာ့ရုပ်ရှင်လောက၏ ရှေးအကျဆုံးရုပ်ရှင်ပွဲတော် ဆက်လက်ကျင်းပလျက်ရှိ

ကမ္ဘာ့ရုပ်ရှင်လောကတွင် ရှေးအကျဆုံးရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် အီတလီနိုင်ငံမှ ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ယခုနှစ်တွင်လည်း (၇၁) ကြိမ်မြောက်အဖြစ် အီတလီနိုင်ငံ ဗင်းနစ်မြို့တော်၌ ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါရုပ်ရှင်ပွဲတော်တွင် မကြာမီထွက်ရှိလာမည့် Birdman ဟာသဒရာမာဇာတ်ကားဖြင့် စတင်ဖွင့်လှစ်ပေးခဲ့ပြီး အပိတ်ဇာတ်ကားအဖြစ် တရုတ်ဇာတ်ကားသစ် The Golden Era ဖြင့် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အမေရိကန်ရုပ်ရှင်ဒါရိုက်တာ Frederick Wiseman အား တစ်သက်တာအကောင်းဆုံးအနုပညာရှင်ဆုအဖြစ် ရွှေခြင်္သေ့ရုပ်တုကို အပ်နှင်းချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းရုပ်ရှင်ပွဲတော်တွင် အာရှမှရုပ်ရှင်ကားများဖြစ်သည့် ဂျပန်နိုင်ငံမှ Fires on the Plain ဇာတ်ကား၊ တရုတ်နိုင်ငံမှ Red Amnesia ဇာတ်ကား၊ တောင်ကိုရီးယားနိုင်ငံမှ Make-Up ဒရာမာဇာတ်ကားနှင့် ဟောင်ကောင်မှ Dearest ဇာတ်ကားများလည်း ပါဝင်ယှဉ်ပြိုင်ပြသကြမည်ဖြစ်ကြောင်း သိရသည်။



ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက ဥပဒေပညာရှင် စာရေးဆရာ ဦးဟန်ညွန့်(ဥပဒေ)သည် ၎င်းပြုစုရေးသားထုတ်ဝေသော "ဖြူစင်သောစိတ်ထားနှင့် တရားဥပဒေစိုးမိုးရေး" အမည်ရှိ ဥပဒေပညာပေးဆောင်းပါးပေါင်းချုပ်စာအုပ်ကို အများပြည်သူလေ့လာဖတ်ရှုနိုင်စေရန် မူဆယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးထံမှတစ်ဆင့် ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းစဉ်။ မူဆယ်ခရိုင် (ပြန်/ဆက်)



## ဒုတိယရင်သွေးအကြောင်း အတည်ပြုခဲ့သည့် ရှာကီရာ

ကိုလံဘီယာကြယ်ပွင့် ရှာကီရာက ဘောလုံးငွေကြယ်ပွင့် ဂျရတ်ပီကေးနှင့် ဒုတိယမြောက် ရင်သွေးရတနာကို လွယ်ထားရပြီဖြစ်ကြောင်း ဩဂုတ် ၂၈ ရက်က ၎င်း၏ လူမှုကွန်ရက် စာမျက်နှာများဖြစ်သည့် ဖေ့စ်ဘွတ်ခ်နှင့် တွစ်တာစာမျက်နှာများထက်တွင် တရားဝင်ကြေညာခဲ့ပြီး ရှာကီရာ၏ ပြောရေးဆိုခွင့်ရှိသူကလည်း ယင်းမှာ မှန်ကန်ပါကြောင်း အတည်ပြုပြောကြားခဲ့သည်။

ထို့ပြင် တေးသံရှင် ရှာကီရာက "ဟုတ်ပါတယ်၊ ကျွန်မ ဒုတိယရင်သွေးလေးကို လွယ်ထားရပါတယ်၊ ဆုတောင်းပေးကြတဲ့ပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ်" ဟု ရေးသားဖော်ပြထားခဲ့ပြီး အခြားအသေးစိတ် အချက်အလက်များကို ထည့်သွင်းပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

မကြာမီက တေးသီချင်းမူပိုင်ခွင့်ပြဿနာများနှင့် ရင်ဆိုင်နေရသူ ကိုလံဘီယာကြယ်ပွင့် ရှာကီရာသည် ၂၀၁၃ ခုနှစ် နှစ်ဦးပိုင်းက အသက်(၂၇)နှစ်အရွယ် ဘောလုံးငွေကြယ်ပွင့် ပီကေးနှင့် သားဖြစ်သူ မိုင်လန်ပီကေးကို မွေးဖွားခဲ့ပြီး ယခုဒုတိယရင်သွေးကို ကိုယ်ဝန်ဆောင်ထားရခြင်းလည်းဖြစ်သည်။

**မျိုးစန္ဒာမောင်-စုစည်းဖော်ပြသည်**

## ရောဝတီမြစ်ရေတိုက်စားမှုကြောင့် စလင်းမြို့နယ်တွင် လူနေအိမ် တချို့ပြောင်းရွှေ့

**မင်းဘူး ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာပြီး မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုနေသဖြင့် ဩဂုတ် ၂၉ ရက်က စလင်းမြို့နယ် ဘိုကုန်းကျေးရွာမှ လူနေအိမ် နှစ်လုံးအား ဇီးဖြူပင်ကျေးရွာအုပ်စုသို့လည်းကောင်း၊ တလင်းကြီးကုန်းကျေးရွာရှိ လူနေအိမ် တစ်လုံးအား တလင်းကြီးကျေးရွာအုပ်စုအတွင်းသို့လည်းကောင်း၊ ဆင်ဖြူကျွန်းကျေးရွာရှိ လူနေအိမ် ရှစ်လုံးအား ဆင်ဖြူကျွန်းကျေးရွာအုပ်စု ကွင်းအမှတ် ၄၁၆ သို့လည်းကောင်း အဆိုပါကျေးရွာ အုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့ဝင်များ၊ ရွာသူ ရွာသားများက ဝိုင်းဝန်းပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျာ(မကွေး)**














# ချယ်လ်ဆီးတိုက်စစ်မှူး ဖာနန်ဒိုတောရက်စ် နှစ်ရာသီအငှားစာချုပ်ဖြင့် အေစီမီလန်သို့ ပြောင်းရွှေ့



ချယ်လ်ဆီးအသင်းမှ စပိန်တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်သည် အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းသို့ပြောင်းရွှေ့ကစားရန် သဘောတူညီခြင်းအားဖြင့် ၎င်း၏ ချယ်လ်ဆီးအသင်း၌ သုံးနှစ်ကျော်ကြာ စိတ်ပျက်ဖွယ်ဖြတ်သန်းခဲ့ရသည့် စတမ်းဖို့ဘရစ်ချ်အိပ်မက်ကို အဆုံးသတ်လိုက်ပြီဖြစ်သည်။

အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းသည် အီတလီတိုက်စစ်မှူး ဘာလော့တယ်လီအား လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၆ သန်းဖြင့် ရောင်းချခဲ့ပြီးနောက် ဘာလော့တယ်လီနေရာတွင် အစားထိုးရန် တိုက်စစ်မှူး တောရက်စ်အား ခေါ်ယူခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးတောရက်စ်သည် အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဩဂုတ် ၂၈ ရက်က ဆွေးနွေးမှုများပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အီတလီအင်အားကြီးကလပ် အေစီမီလန်အသင်းနှင့် နှစ်ရာသီစာ အငှားစာချုပ်ဖြင့် သဘောတူညီခဲ့ခြင်းဖြစ်သည်။

လီဗာပူးနှင့် အက်သလက်တီကိုမက်ဒရစ် တိုက်စစ်မှူးဟောင်း တောရက်စ်သည် ၂၀၁၁ ခုနှစ်က ဗြိတိန်စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ ဖြင့် လီဗာပူးအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိတွင် ချယ်လ်ဆီးအသင်းနှင့် တစ်ပတ်လုပ်ခ ပေါင် ၁၅၀၀၀၀ ဖြင့် နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကျန်ရှိနေသေးကြောင်း သိရသည်။

တိုက်စစ်မှူး တောရက်စ်သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အက်သလက်တီကိုမက်ဒရစ်အသင်း၌ ကစားခဲ့ရာ ၂၄၄ ပွဲပါဝင်ကစားပေးကာ ၉၁ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ လီဗာပူးအသင်း၌ ကစားခဲ့ရာတွင်လည်း ၁၄၂ ပွဲပါဝင်ကစားပေးခဲ့ပြီး ၈၁ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ချယ်လ်ဆီးအသင်း၌ ကစားခဲ့ရာတွင်လည်း ၁၇၂ ပွဲတွင် ၄၅ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ စပိန် လက်ရွေးစင်အသင်းအတွက်မူပွဲပေါင်း ၁၁၀ ပါဝင်ကစားပေးခဲ့ရာတွင် ၃၈ ဂိုးသာသွင်းယူထားနိုင်ခဲ့သူဖြစ်သည်။

ဆန်းချက်သည် ဘာစီလိုနာအသင်းမှ အာဆင်နယ်အသင်းသို့ ပေါင် ၃၅ သန်းဖြင့်လည်းကောင်း၊ ကာရိုးလ်သည် နယူးကာဆယ်အသင်းမှ လီဗာပူးအသင်းသို့ ပေါင် ၃၅ သန်းဖြင့်လည်းကောင်း၊ မာတာသည် ချယ်လ်ဆီးအသင်းမှ မန်ယူအသင်းသို့ ပေါင် ၃၇ ဒသမ ၁ သန်းဖြင့်လည်းကောင်း၊ အဂူရိုသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ မန်စီးတီးအသင်းသို့ ပေါင် ၃၈ သန်းဖြင့်လည်းကောင်း၊ အိုဇေးလ်သည် ရီးယဲလ်မက်ဒရစ်အသင်းမှ အာဆင်နယ်အသင်းသို့ ပေါင် ၄၂ ဒသမ ၄ သန်းဖြင့်လည်းကောင်း၊ တောရက်စ်သည် လီဗာပူးအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပေါင် သန်း ၅၀ ဖြင့်လည်းကောင်း၊ ဒီမာရီယာသည် ရီးယဲလ်မက်ဒရစ်အသင်းမှ မန်ယူအသင်းသို့ ပေါင် ၅၉ ဒသမ ၇ သန်းဖြင့်လည်းကောင်း အသီးသီးပြောင်းရွှေ့ခဲ့ရာ အင်္ဂလန်ကလပ်အသင်းတစ်သင်းက ခေါ်ယူခဲ့သည့် ဗြိတိန် စံချိန်တင်ပြောင်းရွှေ့ကြေးအများဆုံး ကစားသမားထဲတွင် တိုက်စစ်မှူး တောရက်စ်သည် ပြောင်းရွှေ့ကြေး ဒုတိယအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။

**[ငွေကြယ်]**

# အေဂျက်ဇ် နောက်ခံလူ ဘလိုင်းအား ခေါ်ယူရန် မန်ယူသဘောတူညီမှုရရှိ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်း၏ခံစစ်ကို အားဖြည့်ရန်အတွက် အေဂျက်ဇ် အသင်း၏ ဟော်လန်လက်ရွေးစင် နောက်ခံလူ ဒါလေဘလိုင်း အားခေါ်ယူရန် သဘောတူညီချက်ရရှိထားပြီဖြစ်ကြောင်းသိရသည်။ မန်ယူနည်းပြဖြစ်သူ လူးဝစ် ဗန်ဟားလ်မှာ ဒါလေဘလိုင်းအား ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်ကတည်းက ခေါ်ယူရန်ပစ်မှတ်ထားနေခဲ့ခြင်းဖြစ်ပြီး အပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီ နောက်ဆုံးရက်သတ္တပတ်အတွင်း တရားဝင်လက်မှတ်ရေးထိုးသွားဖွယ်ရှိနေကြောင်း goal.com ကဖော်ပြခဲ့သည်။ မန်ယူအသင်းမှာ ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ကစားသမား လေးဦးကိုခေါ်ယူထားခဲ့ပြီး အားနည်းနေသည့် ခံစစ်ပိုင်းအတွက် ဘလိုင်းအား ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ အေဂျက်ဇ် အသင်းမှာ ဘလိုင်းအတွက် ယူရို ၁၄ သန်းခန့်အလိုရှိနေပြီး မန်ယူအသင်းမှာလည်း ယင်းပမာဏကိုပေးချေရန် အသင့်ဖြစ်နေကြောင်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သည်။ ထို့ပြင် အေဂျက်ဇ် နောက်ခံကစားသမား ဘလိုင်းမှာလည်း နယ်သာလန်အသင်းတွင် အတူလက်တွဲခဲ့ဖူးသည့် ဗန်ဟားလ်၏ မန်ယူအသင်းသို့ပြောင်းရွှေ့ရန်ဆန္ဒရှိနေပြီး ယင်းအပြောင်းအရွှေ့မှာ မကြာမီရက်ပိုင်းအတွင်း ဖြစ်မြောက်လာနိုင်ဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများကဖော်ပြခဲ့ကြသည်။

**(ကိုရဲ)**

## စပိန်လာလီဂါ ပွဲစဉ် (၂) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ဂီတာဖေး | ၁ - ၀ | အယ်မာရီယာ |
| ဗလန်စီယာ | ၃ - ၀ | မာလာဂါ |

## ဘွန်ဒက်လီဂါ ပွဲစဉ် (၁) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| အော့စ်ဘတ် | ၂ - ၃ | ဒေါ့မွန် |
| လေဗာကူဆင် | ၄ - ၂ | ဟာသာဘာလင် |
| ဝုဖ်ဘတ် | ၂ - ၂ | ဖရန့်ဖတ် |
| ဝါဒါဘရီမင် | ၁ - ၁ | ဟော့ဖန်ဟိမ်း |
| စတုဂတ် | ၀ - ၂ | ကိုလုံး |
| ဟမ်းဘတ် | ၀ - ၃ | ပါဒါဘွန်း |

## ပရီမီယာလိဂ် ပွဲစဉ် (၃) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ဘန်လေ | ၀ - ၀ | မန်ယူ |
| မန်စီးတီး | ၀ - ၁ | စတုတ် |
| နယူးကာဆယ် | ၃ - ၃ | ပဲလေ့စ် |
| ကျူပီအာ | ၁ - ၀ | ဆန်းဒါးလန်း |
| ဆွမ်းဆီး | ၃ - ၀ | ဝက်စ်ဘရွမ်း |
| ဝက်စ်ဟမ်း | ၁ - ၃ | ဆောက်သမ်တန် |

## ဘောလုံးလောက သတင်းတိုများ

- **တိုက်စစ်မှူးတောရက်စ်အား အေစီမီလန်အသင်းသို့ အငှားချရန် သဘောတူညီခဲ့ပြီးနောက် တိုက်စစ်မှူး ရီမီအား ခေါ်ယူရန် ချယ်လ်ဆီးအသင်းပြင်ဆင်လျက်ရှိကြောင်းသိရသည်။**
- ကွင်းလယ်ကစားသမား ဒီမာရီယာအား ပေါင် ၅၉ ဒသမ ၇ သန်းဖြင့် ခေါ်ယူခဲ့သည့် မန်ယူအသင်း၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အင်္ဂလန်ကွင်းလယ်ကစားသမားဟောင်း ဝီလ်ကင်က မေးခွန်းထုတ်ခဲ့ကြောင်း သိရသည်။
- **အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား အိုဇေးလ်သည် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်း ပရီမီယာလိဂ်ဖလားရယူနိုင်မည်ဟု ယုံကြည်ထားကြောင်း ပြောကြားခဲ့သည်။**
- ဘာစီလိုနာအသင်းမှ ကင်မရွန်းကွင်းလယ်ကစားသမား အဲလက်စ်ဆောင်းသည် ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းသို့ အငှားသွားရောက်ကစားမည်ဖြစ်ကြောင်းသိရသည်။
- **ကျူပီအာအသင်းသည် တိုက်စစ်မှူးရီမီအား အသင်း၌ ဆက်ရှိနေစေရေးအတွက် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းထားကြောင်း သိရသည်။**


# မွေးနေ့ဆုမွန်တောင်းလွှာ

TAW WIN ACM CO.,LTD(Construction & Real Estate)၏ Managing Director "ဦးချမ်းမြေ့ဆွေ"၏ ၃၁-၈- ၂၀၁၄ ရက်တွင် ကျရောက်သော "၂၇"နှစ်ပြည့်မွေးနေ့မှစ၍ နောင်နှစ်ပေါင်း (၁၀၀)တိုင် အောင်မြင်ကျော်ကြားသော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက်အဖြစ် အများအလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာ အစဉ်ထာဝရ ရပ်တည်သွားနိုင်ပါစေကြောင်း မွေးနေ့ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ကိုအောင်မျိုးထွန်း
**Executive Director**
**TAW WIN ACM CO.,LTD**
**Construction &Real Estate**



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
### ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်တွင် အောက်ဖော်ပြပါလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

မော်တော်ယာဉ်သိုလှောင်ရုံ(၁၀)လုံး၏ **Fire Fighting & Fire Protection System** ဆောက်လုပ်ခြင်းလုပ်ငန်း

(က) Fire Hydrant and Fire Hose Reel System Installation
(ခ) Fire Sprinkler System Installation
(ဂ) Ground Tank and Pump House Construction

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၉-၂၀၁၄ ရက်မှ ၁၀-၉-၂၀၁၄ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၀၀ နာရီအတွင်း ရုံးအမှတ် (၃၂)၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်နှင့် စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တို့တွင် တင်ဒါပုံစံ(၁)စောင်လျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိဖြင့်) လာရောက်ဝယ်ယူနိုင်ပါသည်-

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန် - ၁၁-၉-၂၀၁၄ရက် ၁၃း၀၀ နာရီမှ ၁၄း၀၀ နာရီထိ
(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ရုံးအမှတ်(၃၂)၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန အစည်းအဝေးခန်းမ၊ နေပြည်တော်။

၄။ အသေးစိတ်သိရှိလိုသော အချက်များကို ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ရုံးအမှတ်(၃၂)၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၆၀၈၈/၄၀၆၃၂၂ သို့ စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကြီးကြပ်ရေးအဖွဲ့







**ပျောက်ဆုံးခြင်း**

ကျွန်မ မေမျိုးသူ(ဘ)ဦးမျိုးမြင့်သောင်း[၁၂/ကမတ(နိုင်)၀၅၇၃၄၆] ကိုင်ဆောင်သူ၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ် MA-392 525 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပါရန်။

၀၉-၅၁၂၃၄၁၂၊ ၀၁-၅၇၁၁၅၉၊ ၀၁-၅၇၉၅၁၀








အဝင်ကို စိတ်ကြိုက်ရွေးချယ်စီမံစားခဲ့သလို အထွက်ကိုသဘာဝနဲ့ လွှတ်မထားဘဲ ဂရုတစိုက်ထောက်ကူပေးရန်လိုအပ်ပါသည်။
စုစုအေးအောင်
ဝမ်းမှန်အကြောပြေဆေး

# Myanma Posts & Telecommunications

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ SIM ကတ်များကို နိုင်ငံတစ်ဝန်းရှိ လက်လီအရောင်းဆိုင်များတွင် စက်တင်ဘာလ (၁)ရက်နေ့မှ စတင်၍ ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါသည်။**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိဘပြည်သူများအား SIM ကတ်များ ပိုမိုလွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တန်ဖိုးနည်း SIM ကတ်များကို နိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ လက်လီအရောင်းဆိုင်များတွင် စက်တင်ဘာလ (၁)ရက်နေ့မှ စတင်၍ ကျယ်ကျယ်ပြန့်ပြန့် ရောင်းချပေးမည်ဖြစ်ပါသည်။ SIM ကတ်များကိုလစဉ်လတိုင်း ဝယ်ယူရရှိနိုင်ရေးနှင့် နိုင်ငံအနှံ့ရှိ မြို့များနှင့် မြို့နယ်တိုင်းတွင် ရရှိနိုင်ရေး ဆက်လက် စီစဥ် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

| ပြည်နယ်/တိုင်း | မြို့နယ်များ |
|---|---|
| နေပြည်တော် | [illegible] |
| ကချင် | [illegible] |
| ကယား | လွိုင်ကော် |
| ကရင် | [illegible] |
| ချင်း | [illegible] |
| စစ်ကိုင်း | [illegible] |
| တနင်္သာရီ | [illegible] |
| ပဲခူး | [illegible] |
| မကွေး | [illegible] |
| မန္တလေး | [illegible] |

| ပြည်နယ်/တိုင်း | မြို့နယ်များ |
|---|---|
| မွန် | [illegible] |
| ရခိုင် | [illegible] |
| ရန်ကုန် | [illegible] |
| ရှမ်း | [illegible] |
| ဧရာဝတီ | [illegible] |

**အသေးစိတ်သိလိုပါက ဖုန်းနံပါတ် "၁၀၆" သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။**

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

# လက်ဖြင့် ခြစ်၍ ငွေဖြည့်ခြင်းက ရေရှည်တွင် ကျန်းမာရေးထိခိုက်နိုင်

**ရန်ကုန် ဩဂုတ် ၃၀**

ဖုန်းငွေဖြည့်ရာတွင် ငွေဖြည့်ကတ်မှ လျှို့ဝှက်စာလုံးများကို လက်သည်းဖြင့် တိုက်ရိုက် ကိုင်တွယ်ခြစ်ကာလုပ်ဆောင်ခြင်းက ရေရှည်တွင်ကျန်းမာရေး အတွက်ဆိုးကျိုးများဖြစ်လာစေကြောင်း ကျန်းမာရေးဆိုင်ရာ ဆရာဝန်ကြီးတစ်ဦးက ပြောသည်။

ယခုနောက်ပိုင်းတွင် တန်ဖိုးနည်း မိုဘိုင်းဖုန်းများကို တွင်တွင်ကျယ်ကျယ် ရောင်းချလာလျက်ရှိသလို ဖုန်းသုံးစွဲသူဦး ရေမှာလည်း တိုးလာပြီးဝင်ငွေနည်းသော လူတန်းစားများပါ ဖုန်းကိုင်ဆောင်နိုင်သည့် အခြေအနေမျိုးရောက်လာခဲ့ကြောင်း၊ ဖုန်းသုံးစွဲသူများလာသည်နှင့် အမျှ ငွေဖြည့်တင်းရန်အတွက်လည်း ငွေဖြည့်ကတ်သုံးစွဲမှုလည်းများလာပြီး အချို့သော သူများမှာငွေဖြည့်သွင်းရာတွင် ငွေဖြည့်ကတ်ကိုအလွယ်တကူ လက်သည်းဖြင့်ခြစ်၍ ဖြည့်သွင်းကြခြင်းများရှိလာခဲ့သည်။

ထိုသို့လက်သည်းဖြင့် အလွယ်ခြစ်ကာသုံးစွဲသောသူအများစုသည် ပြန်လည် လက်ဆေးခြင်းမျိုးလည်းမရှိဘဲ လက်မှ အမှုန်များကိုခါရုံဖြင့်လည်းကောင်း၊ အစားအစာများကိုလွယ်လင့်တကူကိုင်တွယ်စားသောက်ကြခြင်းတို့ဖြင့် လည်း ကောင်းလုပ်ဆောင်မိသည့် အခါ ရေရှည်တွင် ကျန်းမာရေးအတွက် ဆိုးကျိုးများကြုံလာစေတတ်ခြင်းဖြစ်သည်။

ထိုငွေဖြည့်ကတ်များတွင် လျှို့ဝှက်စာလုံးများအဖြစ် ကုတ်နံပါတ်များကို အုပ်ထားသည့်နေရာမှသုတ်ဆေးကဲ့သို့သော မှင်တစ်မျိုးဖြင့်လုပ်ဆောင်ထားခြင်းဖြစ်သည်။ "သုတ်ဆေးမှန်သမျှတော့ ခဲဓာတ်အနည်းအကျဉ်းပါတယ်၊ ဒီလောက်ကလေးခြစ်ရုံနဲ့ လောလောဆယ်မဖြစ်သေးပေမယ့် ကာလကြာလာရင် ဆိုးကျိုးတွေဖြစ်လာနိုင်တယ်၊ အကောင်းဆုံးကတော့ လက်နဲ့တိုက်ရိုက်ကိုင်တွယ် ခဲခြစ်တာမျိုးမလုပ်ဆောင် သင့်ဘူးပေါ့" ဟု အထက်ပါဆရာဝန်ကြီး ကရှင်းပြသည်။ ဆိုးကျိုးများဖြစ်စေသောခဲဆိပ်သည် လူ၏ခန္ဓာကိုယ်အတွင်းသို့ အရေပြားမှလည်းကောင်း၊ ရှူရှိုက်မိရာမှလည်းကောင်း ဝင်ရောက်နိုင်ချေရှိပြီး ခဲဆိပ်သင့်မှုများဖြစ်စေကာ ခန္ဓာကိုယ်အတွင်းမှအလိုလိုပြန်ထွက်တတ်ခြင်းမျိုး မရှိဘဲဆေးဝါးကုသမှုခံယူမှသာ ပျောက်ကင်းနိုင်ချေရှိပြီး ဝင်ရောက်သောပမာဏအနည်းအများပေါ် မူတည်၍ ဆိုးကျိုးများဖြစ်လာစေတတ်ကြောင်းသိရသည်။

ထို့ကြောင့် လက်သည်းဖြင့်တိုက်ရိုက်ကိုင်တွယ်ခြစ်ကာလုပ်ဆောင်တတ်သော အပြုအမူများကိုရှောင်ရှားသင့်ပြီး တစ်သျှူးဖြင့်လည်းကောင်း ဖိပွတ်ကာလုပ်ဆောင်သင့်သလို လက်သည်းဖြင့်တိုက်ရိုက်ကိုင်တွယ်လုပ်ဆောင်ခဲ့ပါက လက်ဆေးခြင်းကို ဂရုတစိုက်ဖြင့်ပြုလုပ်ရန်လိုအပ်ကြောင်း ၎င်းကဆက်လက်အကြံပြုပြောကြားခဲ့သည်။ **ထက်နိုင်(စမ်းချောင်း)**

# ရေးတွင်ရော်ဘာအစေး ကုန်ကြမ်းများထုတ်ရန် လုပ်ငန်းခွင်ပြင်ဆင်နေ

**ရေး၊ ဩဂုတ် ၃၀**

မွန်ပြည်နယ်၊ ရေးမြို့နယ်အတွင်းရှိ အဓိကစီးပွားရေးစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့်ရော်ဘာအစေးကုန်ကြမ်းများကိုထုတ်လုပ်နိုင်ရန် ရော်ဘာအစေးထုတ်လုပ်သူ ခြံရှင်အများအပြားမှာ အချိန်မီလုပ်ငန်းခွင်ဝင်နိုင်ရန် ပြင်ဆင်နေကြကြောင်းသိရသည်။

အရင်နှစ်ရော်ဘာရာသီအချိန်တွင်ရော်ဘာ ထုတ်လုပ်သူ ခြံရှင်များမှာ ရော်ဘာဈေးနှုန်းနည်းသည့်အတွက်ရော်ဘာခြံရှင်များက အလုပ်သမားများအားလုပ်ခလစာပေးရာတွင် တွက်ခြေမကိုက်ကြောင်းနှင့် အပြင်ခြံငယ်အများစုမှာလည်း တွက်ခြေမကိုက်၍အစေးခြစ်လုပ်ငန်းကိုယာယီဆိုင်းငံ့ထားရသည့်အချိန်တွင် အလုပ်သမားများမှာ အလုပ်များကို ရှာဖွေပြောင်းလဲ လုပ်ကိုင်ကြကြောင်း သိရသည်။

ယခုလာမည့် စက်တင်ဘာလအတွင်းတွင် ရော်ဘာအစေးခြစ်လုပ်ငန်းကို လုပ်နိုင်ရန်အစေးခြစ်ကျွမ်းကျင်အလုပ်သမားများကို စုဆောင်းပြင်ဆင်လာကြပြီး ရော်ဘာကုန်သည်များကလည်းယခင်ပြီးခဲ့သည့် ရော်ဘာရာသီအချိန်မှာအရောင်းအဝယ် အားကောင်းနေသော်လည်း ဈေးနှုန်းမှာ ထင်သလောက် မရရှိကြောင်းသိရသည်။'ဈေးနှုန်းကအကျ ဘက်ကို ဦးတည်နေတော့ အကျိုးမြတ်နည်းပြီး ရှုံးမဲ့အနေအထားကိုရောက်ရှိနေပါတယ်။ ဒီလာမယ့်ရော်ဘာရာသီအချိန်မှာ ရော်ဘာဈေးမြင့်ဖို့ ရော်ဘာ ထုတ်လုပ်သူများနဲ့ အပြင်ကုန်သည်တွေလည်း မျှော်လင့်နေပါတယ်" ဟု လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ **ထွန်းထွန်း(ရေး)**

# စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် တွင် နွားများမေထုန်မဲ့ သားစပ်နည်းပညာပေး သင်တန်းဆင်းပွဲ ကျင်းပ

**ကန့်ဘလူ၊ ဩဂုတ် ၃၀**



ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့်မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရုံးခန်းမတွင် နွားများ မေထုန်မဲ့သားစပ်နည်းပညာပေးသင်တန်း(၁/၂၀၁၄) ဆင်းပွဲကို ဩဂုတ်၂၈ရက် ညနေ ၄ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

၎င်းသင်တန်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ကြောင်း မြို့နယ်မွေး/ကုဦးစီးမှူး ဒေါက်တာကျော်ဝင်းက ပြောသည်။

အဆိုပါသင်တန်းကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ နွားမွေးမြူရေး၊ သားစပ်မျိုးပွားပညာ၊ အာဟာရဗေဒပညာ၊ မေထုန်မဲ့သားစပ်ခြင်းပညာ၊ နွားမွေးမြူရေးခြံများတွင် မေထုန်မဲ့သားစပ် လက်တွေ့ဆောင်ရွက်ခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ ဘာသာရပ်များကို ငါးရက်ကြာ သင်ကြားပို့ချခဲ့ကြောင်းနှင့် သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာများမှ မွေးမြူရေးတောင်သူ သင်တန်းသား ၂၀ ဦးတက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

နွားများမေထုန်မဲ့နည်းဖြင့် သားစပ်ခြင်းသည် နွားမတစ်ကောင် ဇီး (ကိုယ်ဝန်) ရရှိရေးအတွက် သဘာဝနည်းအတိုင်း မျိုးနွားသိုးဖြင့် သားစပ်ပေးခြင်းမဟုတ်ဘဲ မျိုးရည်ခဲချောင်း (straw)အသုံးပြု၍ သားစပ်ကိရိယာဖြင့် နွားမ၏ သားအိမ်ကိုယ်ထည်အတွင်းသို့ ထည့်ပေးခြင်းအားဖြင့် ကိုယ်ဝန်ဆောင်စေခြင်း ဖြစ်ကြောင်းနှင့် မေထုန်မဲ့နည်းဖြင့် သားတင်နိုင်သော နွားများတွင် သမအအေးပိုင်းဒေသ နို့စားနွားမျိုးများဖြစ်သော ဖရီရှန်၊ ဂျာစီ၊ အပူပိုင်းဒေသ နို့စားနွားများ ဆင်ဒီ၊ ပြာစိမ်းနွားမျိုးနှင့် အမေရိကန် ဘရာပင်အသားစား နွားမျိုးတို့တွင် မြန်မာနိုင်ငံ၌ ဆင်ဒီစပ်မျိုး နွားများမွေးမြူကြကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း**

## နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာတွင် ကုန်ကျစရိတ်များလှူဒါန်း

**လားရှိုး ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးသို့ လုပ်ငန်းကိစ္စဖြင့် လာရောက်ကြသည့် ပြည်သူများ၏ ဆိုင်ကယ်များထားရှိရန် ဆိုင်ကယ်ရပ်နားသည့် နေရာဆောက်လုပ်နိုင်ရေးအတွက် Crown ဘိလပ်မြေစက်ရုံ၊ ငွေရည်ပုလဲကုမ္ပဏီမှ တန်ဖိုးငွေကျပ် ရှစ် သိန်းကျော်ခန့် တန်ဖိုးရှိသော ဆောက်လုပ်ရေးပစ္စည်းများ လှူဒါန်းသည့် အခမ်းအနားကို လူဝင်မှုကြီးကြပ် ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးဌာနမှူးရုံးခန်းမ၌ ဩဂုတ် ၂၃ ရက် မွန်းလွဲ ၂ နာရီက ကျင်းပကြောင်း သိရသည်။ ငွေရည်ပုလဲကုမ္ပဏီအနေဖြင့် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းကလည်း သီပေါမြို့ အထက(၂)နှင့် အလကခွဲ(၂)ကျောင်း များမှ ကျောင်းသားကျောင်းသူများ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာတွင် ဓာတ်ပုံရိုက်ကူးခ၊ သွေးစစ်ခ၊ မိတ္တူကူးခများ ကုန်ကျစရိတ်သုံးစွဲနိုင်ရန် တစ်ဦးလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ကျောင်းသား ကျောင်းသူ ၁၆၅ ဦးအတွက် ငွေကျပ် သုံးသိန်းသုံးသောင်းကို ထည့်ဝင်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **(စံဏီအောင်)**


### အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI၊ ပိတောက်(၂)လမ်း၊ အမှတ်-၂၁/ဘီနေ ဒေါ်မိုးသက်ခိုင်[၁၄/ဟသတ(နိုင်)၀၄၆၉၄၉]မှ လှိုင်သာယာမြို့နယ်၊ FMI၊ ပိတောက်(၂)လမ်း၊ အမှတ်-၂၁/ဘီနေ ဦးသန်းနိုင်[၁၄/ဟသတ(နိုင်) ၀၅၃၈၅၁] အား ၇-၄-၂၀၁၀ ရက်တွင် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၃၈၅၇/၂၀၁၀ ကို ယနေ့မှစ၍ အထွေထွေကိုယ်စားလှယ်လွှဲစာကိုရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါ်မိုးသက်ခိုင်[၁၄/ဟသတ(နိုင်)၀၄၆၉၄၉]



### ဖခင်အမည်မှန်

အထက၊ က၀၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ဇေယျာအေးထွန်း၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးအေးထွန်း ဖြစ်ပါကြောင်း။

### အမည်ပြောင်းခြင်း

အထက၊ က၀၊ န၀မတန်းမှ အဖဦးစိန်ဝင်း၏သမီး မအိအိခိုင်အား မခင်ချိုထက်ဟုပြောင်းလဲခေါ်ပါရန်။

### ဖခင်အမည်မှန်

အထက၊ က၀၊ န၀မတန်းမှ မောင်ကျော်ဌေးအောင်၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးဝင်းဝင်းထွန်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

အထက၊ က၀၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်သီဟထွေး၏ ဖခင်အမည်မှန်မှာ ဦးတင်စိုးဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါသည်နှင့် အများသိသာစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ သံသုမာလမ်း၊ မြေကွက်အမှတ်(၉၇၁/ခ)၊ မြေအကျယ်အဝန်းပေ(၂၀×၆၀)၊ နှစ်(၆၀)ဂရန်မြေ၊ အိမ်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ဒေါ်အေးအေးခိုင် [၁၂/ဥကတ(နိုင်)၁၁၁၉၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေပေးပြီးဖြစ်ပါ သည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းနိုင်အောင်(**LL.B,C.B.L**)

အထက်တန်းရှေ့နေ(စဉ်-၁၀၂၈၂)

အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့်ဥပဒေအကြံပေးအတိုင်ပင်ခံ

အခန်း(၅၀၂)၊ တိုက်(၃)၊ ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၇၃၀၈၈၀၈၄၊ ၀၉-၇၃၀၈၈၅၉၆

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၁၁၇)၊ ပေ(၄၂×၆၀)အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေပေါ်ရှိ(၁)ထပ်တိုက်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်စန်းစန်းရီထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။

မြင်းခြံဦးစိန်ဝင်း

တရားလွှတ်တော်ရှေ့နေ(၁၇၀၂)

၁၃၉/(၃)လမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။

ဖုန်း-၀၁-၅၇၀၄၉၂၊ ၀၉-၅၀၇၅၈၁၇

### အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၁၈၁)၊ (၅)ထပ်တိုက်၏ ခေါင်းရင်းခြမ်းရှိ တိုက်ခန်း(၅)ခန်းနှင့် ယင်းတိုက်တည်ရှိရာ မြေကွက်သည်ကွယ်လွန်သူ ဦးအောင်စံထွန်း၏ဇနီး ဒေါ်ခင်ကြည်[၁၂/ဒပန(နိုင်)၀၀၃၄၉၂] တစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသူဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် တိုက်ခန်း(၅)ခန်းအား တရားဝင်ပိုင်ဆိုင်သူ ဒေါ်ခင်ကြည်၏ ခွင့်ပြုချက်မပါရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း ဒေါ်ခင်ကြည်မှ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟန်ဇော်လင်း **LL.B,D.B.L** စဉ်-၄၀၄၅၁

ဒေါ်နီနီအောင် **LL.B,D.B.L,D.I.L** စဉ်-၃၅၅၃၇

အထက်တန်းရှေ့နေများ

အမှတ်-၈၃၊ အခန်း-၁၆(အေ)၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၈၅၁၃၂၊ ၀၉-၂၅၀၇၄၆၅၉၂

# လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဝန်ထမ်းများ လုပ်ငန်းခွင်မွမ်းမံသင်တန်း(၂/၂၀၁၄) ဖွင့်လှစ်

**မိတ္ထီလာ၊ ဩဂုတ် ၃၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီးတို့၏ လမ်းညွှန်မှုဖြင့် မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဝန်ထမ်းများ လုပ်ငန်းခွင်မွမ်းမံသင်တန်း (၂/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီက မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပ ပြုလုပ်ကြောင်း သိရသည်။



သင်တန်းဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အဖွင့်အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင် လျှပ်စစ် စစ်ဆေးရေးဌာနမှူး ဦးသန်းစိန်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

၎င်းနောက်ရမည်းသင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်ဝင်း၊ မိတ္ထီလာခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးမွန်းအောင်ဇေတို့က သင်တန်းဖွင့်လှစ်ပို့ချမည့်အကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ လုပ်ငန်းခွင်မွမ်းမံသင်တန်း(၂/၂၀၁၄)ကိုဩဂုတ် ၂၉ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်ပို့ချမည် ဖြစ်ပြီး သင်တန်းသို့ ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းတာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်း ၇၄ ဦး တက်ရောက်သည်။

မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လုပ်ငန်းခွင်မွမ်းမံသင်တန်း ( ၁/၂၀၁၄ ) ကို ဩဂုတ် ၂၂ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး ခရိုင်နှစ်ခုအတွင်းမှ ဝန်ထမ်း ၆၉ ဦး တက်ရောက်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# မူလတန်းကြိုကျောင်းတွင် နွားနို့နှင့် ဖြည့်စွက်အစာများ တိုက်ကျွေး

**မကွေး ဩဂုတ် ၂၉**

မကွေးမြို့ အထက-၁ လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်သည့် နေ့ကလေးထိန်းမူလတန်းကြို ကျောင်းတွင် ကလေးငယ်များအား နွားနို့နှင့် ဖြည့်စွက်အစာများ တိုက်ကျွေးခြင်းကို ဩဂုတ် ၂၇ ရက်က ပြုလုပ်သည်။

ကလေးငယ်များအား ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်လျက် နိုင်ငံတစ်ဝန်းရှိ မူလတန်းကြိုကျောင်းများ၊ မူလတန်းကျောင်းများတွင် နို့တိုက်ကျွေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မကွေးမြို့ လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်သည့် နေ့ကလေးထိန်းမူလတန်းကြိုကျောင်းတွင်လည်း ကလေးငယ်များအား နွားနို့နှင့် ဖြည့်စွက်အစာများကို အပတ်စဉ် တနင်္လာနေ့နှင့် ကြာသ ပတေးနေ့တိုင်း တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။ **ခင်မာလာ(မကွေး)**

# ထန်းတပင်စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

**ထန်းတပင်၊ ဩဂုတ် ၃၀**

ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်ချက်အရ ငါးမျိုးများမပြုန်းတီးစေရန်နှင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချနိုင်ရေးတို့ကို ရည်ရွယ်၍ စပါးခင်းအတွင်း ငါးမျိုးများစိုက်ထည့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဆတ်ကလေးကျေးရွာ တောင်သူဦးအောင်ဘို၏ လယ်မြေအတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးနှင့် ဝန်ထမ်းများက ငါးခုံးမ၊ ရွှေဝါငါးကြင်း ငါးသားပေါက် ၁၅၀၀၀၀ ကို လယ်ဧက ၃၂၂ ဧကအတွက် ငါးမျိုးစိုက်ထည့်ရန် ဆတ်ကလေးကျေးရွာနေ တောင်သူများအား ပေးအပ်ခဲ့ပြီး ပန်းတိုင်းကျေးရွာ ရေတံခါးချောင်းအတွင်းသို့လည်း ငါးသားပေါက်ကောင်ရေ တစ်သိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်တွင် မိဘဆရာအသင်းဖွဲ့စည်းခြင်းနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**ရန်ကုန်၊ ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်(သုဝဏ္ဏ)တွင် ၂၀၁၃-၂၀၁၄ မိဘဆရာအသင်းပြန်လည်ဖွဲ့စည်းခြင်းနှင့် ပညာရည်ချွန်ဆုပေးပွဲကို အမှတ်(၇) မူလတန်းလွန်ကျောင်းခန်းမတွင် ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်ဝေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ ကျောင်းအုပ်စုများ၏ ပညာရေးအခြေအနေ တိုးတက်မှုနှင့် ကျောင်းသားမိဘတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းဖြင့် အောင်မြင်သောဖြစ်တည်မှုတို့ကို အမှတ်(၇) မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာသိန်းက ရှင်းလင်း ဆွေးနွေးသည်။

အ. ထ. က (သုဝဏ္ဏ)ကျောင်းအုပ်ကြီး ဦးတင်ထွန်းကလည်း မြို့နယ်အတွင်း အခြေခံကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ထမ်းများမှ စာပေသင်ကြားပေးသည်သာမက ဆရာဝတ်ငါးပါးနှင့်အညီ ကလေးများ၏ ပညာရေး၊ ကျန်းမာရေးအပြင် ဘေးရန်ဆီးတားဆိုသည့် ကျင့်ဝတ်နှင့်အညီ ကျောင်းသားများ၏ နေထိုင်ပြုမူမှု အကျင့်တို့ကိုပါ လေ့လာ၍ ကျောင်းသားမိဘများနှင့် ပူးပေါင်းကာ ကျောင်းသားများ၏ ဘက်စုံဖွံ့ဖြိုးရေးတို့ကို အလေးထားဆောင်ရွက်ကြစေရေး ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ကျောင်းအုပ်စုဝင်ကျောင်းများမှ ထူးချွန်ကျောင်းသားများအား အထက(သုဝဏ္ဏ)မှ ကျောင်းအုပ်ကြီး ဦးတင်ထွန်း၊ အထက(၃) ကျောင်းအုပ်ကြီး ဦးတင်မောင်အေး၊ အလက(၆) ကျောင်းအုပ်ကြီး ဒေါ်ခင်ချောခိုင်၊ အမက(၇) မူလွန်ကျောင်းအုပ်ကြီး ဒေါ်နီလာသိန်းနှင့် ကျောင်းအုပ်စုဝင်ကျောင်းအုပ်ဆရာမများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုကြီးစိုး(ဆိပ်ကမ်း)**

# မော်လမြိုင်တက္ကသိုလ် ရူပဗေဒဌာန ကျောင်းသား၊ ကျောင်းသူများ မြတ်ဆရာပူဇော်ပွဲ ကျင်းပ

**မော်လမြိုင်၊ ဩဂုတ် ၃၀**

ပညာရေးဝန်ကြီးဌာန မော်လမြိုင်တက္ကသိုလ် ရူပဗေဒဌာန ကျောင်းသား၊ ကျောင်းသူများ၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မြတ်ဆရာပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မော်လမြိုင်တက္ကသိုလ် ပင်မခန်းမဆောင်၌ ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပပြုလုပ်သည်။ အခမ်းအနားတွင် ဆီမီးတိုင်များထွန်းညှိပူဇော်ကာ ကန်တော့ကြပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်မြတ်ကျော်စိန်က ဆုံးမဩဝါဒ အမှာစကား ပြောကြားခဲ့သည်။ ယင်းနောက် ရူပဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်စန်းရီက ဝမ်းသာပီတိစကားပြောကြားပြီး စာပေ၊ အားကစား ထူးချွန် ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။ **ဆက်နေမင်းအောင်**




## အမည်ပြောင်း

ပုသိမ်မြို့၊ ဧရာရတနာကိုယ်ပိုင်အထက်တန်းကျောင်း၊ ဆဋ္ဌမတန်း(A)မှ ဦးသန့်ဇင်၏သား မောင်မျိုးဇော်ဦးအား မောင်မျိုးဇော်သူဟု ပြောင်းလဲခေါ်ပါရန်။

မောင်မျိုးဇော်သူ

## ပျောက်ဆုံးခြင်း

ကျွန်တော်၏ Toyota Mark II 2003 (Chassic No:6045984)မှ Customs စာရွက်/စာတမ်းများ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၇၃၂၂၄၃၀၉




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)ဝါဆို၊ မြေကွက်အမှတ်(၅၀၃)၊ မြေကွက်တည်နေရာအမှတ်(၂၂)၊ကျောင်းတော်ရာလမ်း၊ ဝါဆိုရပ်ကွက် (ဦးညွှန့်ဟန်)၊[၁၂/ဒပန(နိုင်)၀၁၂၇၉၇]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဒေါပုံမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၂၉/၂၀၁၂)၊ တရားလို ဒေါ်အေးငြိမ်း၊ ၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ဇင်မာစိုးက တရားပြိုင်ဦးသန့်ဇင်၊ ဒေါ်ညိုညိုသန်း၊ ဒေါ်ခင်မြင့်ရီ၊ ဒေါ်ခင်မြင့်မော်၊ မြေနှင့်အိမ်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် အနိုင်ဒီကရီနှင့်တရားမဇာရီမှုအမှတ် (၃/၂၀၁၃)အမိန့်တို့အရ တရားရုံးဦးသန့်ဇင်၊ ဒေါ်ညိုညိုသန်း၊ ဒေါ်ခင်မြင့်ရီ ဒေါ်ခင်မြင့်မော် ကိုယ်စား ဒေါပုံမြို့နယ်တရားရုံးဘီလစ်ဦးဆောင်းလွင်ဦးက အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက် အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ်-၃၄ ၁/၂၊ မြေကွက်တည်နေရာအမှတ် (၃၄ ၁/၂)၊ အာသာဝတီလမ်း၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင်ဦးစိန္တ၊ မိခင်ဒေါ်မြရီ(ခ)ဒေါ်ပါရမီ ကွယ်လွန်သဖြင့် ဦးစိန်ထွန်း[၁၂/ဥကမ(နိုင်)၀၄၇၂၈၅]က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာ သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျန်းမာရေးဆောင်းပါး

# ကျွန်တော် ဆေးလိပ်မသောက်ပါသို့သော်...

à a'¦ufwmrdif;oef (ACTION Study)

ကျွန်တော်ကိုယ်တိုင်လည်း ဆေးလိပ်မသောက်ပါ။ ကျွန်တော့်လိုပဲ ဆေးလိပ်မသောက်တတ်သောသူများ ကလေး လူကြီး လူငယ် အမျိုးသား အမျိုးသမီး များစွာရှိပါတယ်။ ကျွန်တော်တို့ဟာ ဆေးရွက်ကြီးနှင့် ဆက်စပ်ထုတ်ကုန်များ မသုံးစွဲသောကြောင့် ဆေးရွက်ကြီးကြောင့်ဖြစ်သော ရောဂါများမှ ကင်းဝေးလေပြီလို့ မမှတ်ကြလေနှင့်။ ကိုယ်ကိုယ်တိုင် မသောက်ပေမယ့် သူများသောက်ပြီးရှူထုတ်လိုက်တဲ့ ဆေးလိပ်ငွေ့တွေကို တစ်ဆင့်ပြန်လည်ရှူရှိုက်မိတဲ့ ဆေးလိပ်မသောက်တတ်သူ ကျွန်ုပ်တို့မှာလည်း အန္တရာယ်မကင်းကြောင်း သိလိုက်ရတဲ့အချိန်မှာ များစွာစိတ်မကောင်းဖြစ်မိပါတယ်။

ဟုတ်ပါတယ်။ ပြန်စဉ်းစားကြည့်တော့ သူတို့သောက်တဲ့ ဆေးလိပ်ငွေ့မှာလည်း ဆေးရွက်ကြီးထဲက မကောင်းတဲ့ ဓာတုပစ္စည်းတွေပါတာပဲ။ ကျွန်ုပ်တို့ ပြန်ရှူမိတဲ့ ဆေးလိပ်ငွေ့မှာလည်း အဲ့ဒီပစ္စည်းတွေ ပါတာပါပဲ။ အဲဒီတော့ သူတို့လည်း ဆေးလိပ်ကိုယ်တိုင်သောက်လို့ ဆေးရွက်ကြီးနဲ့ ဆက်စပ်ရောဂါတွေဖြစ်သလို ကျွန်ုပ်တို့လည်း ဆေးရွက်ကြီးကြောင့်ဖြစ်တတ်တဲ့ရောဂါတွေ ရနိုင်တာပါပဲ။ အဲ့သလိုတွေးမိတိုင်း ကျွန်ုပ်တို့ကိုယ်တိုင် ဘယ်အချိန်များ ရောဂါရလေမလဲလို့ စိုးရိမ်နေကြရပါတယ်။ ဟုတ်ပါတယ် ကျွန်ုပ်တို့ သွားလာလှုပ်ရှား ထိတွေ့ဆက်ဆံနေရတဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းထဲမှာ ဆေးလိပ်ငွေ့တွေ ရှူမိစေဖို့ အချိန်နဲ့ နေရာအတော်များများ ရှိနေပါတယ်။

အိမ်ကစပြီးထွက်လို့ အိမ်ပြန်ရောက်တဲ့အထိ အိမ်၊ ရုံး၊ ကျောင်း၊ အလုပ်ရုံ၊ ကုမ္ပဏီ၊ ဘတ်စ်ကား၊ ဘတ်စ်ကားမှတ်တိုင်၊ တက္ကစီ၊ မီးရထား၊ ဘူတာ၊ ဆေးရုံ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ဈေး၊ စင်တာစသဖြင့် နေရာအစုံမှာ ဆေးလိပ်သောက်သူများ စည်းကမ်းမဲ့စွာ သောက်နေကြပါတော့တယ်။ အဲ့ဒီတော့ ကိုယ်တိုင်ဆေးလိပ်မသောက်တတ်ကြပေမယ့် ဆေးလိပ်ငွေ့တွေ ရှူမိနေကြရတာကြောင့် ဆက်စပ်ဖြစ်ပေါ်လာတဲ့ ကျန်းမာရေးပြဿနာများဟာလည်း ဂရုပြုဖွယ်ဖြစ်လာပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေရဲ့ ၉၃ ရာခိုင်နှုန်းခန့်ဟာ ဆေးလိပ်ဆေးရွက်ကြီးကင်းစင်သည့် အများပြည်သူနှင့်သက်ဆိုင်သော နေရာများကို ရာနှုန်းပြည့် မဖော်ဆောင်နိုင်သော နိုင်ငံများမှာနေထိုင်နေကြရပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ သုံးပုံတစ်ပုံခန့်ဟာလည်း ဆေးလိပ်မသောက်ပေမယ့် ဆေးလိပ်ငွေ့ ပုံမှန်ရှူမိနေကြရတာကြောင့် ဆေးလိပ်ရဲ့ အန္တရာယ်ရှိတဲ့ အကျိုးအာနိသင်များကို ရရှိခံစားနေကြရပါတယ်။ ဒါကြောင့် ဆေးလိပ်မသောက်ပေမယ့် ဆေးလိပ်ငွေ့ ရှူရှိုက်နေကြရတဲ့ လူများမှာလည်း ဆေးရွက်ကြီးကြောင့်ဖြစ်သော ရောဂါများ ရရှိခံစားနိုင်တာကြောင့် ဂရုပြုရမယ့်အခြေအနေတစ်ရပ် ဖြစ်လာပါတယ်။ မိမိကိုယ်တိုင် ဆေးလိပ်သောက်ခြင်း မဟုတ်ဘဲ မိမိပတ်ဝန်းကျင်ရှိ မိသားစုဝင်များ၊ အသိမိတ်ဆွေ သူငယ်ချင်းများ၊ အခြားသူများ ဆေးလိပ်သောက်ပြီးရှူထုတ်လိုက်တဲ့ဆေးလိပ်ငွေ့ကို တစ်ဆင့်ပြန်လည် ရှူရှိုက်မိသောကြောင့် မိမိကိုယ်တိုင် လုံ့လမပြုဘဲ ဆေးလိပ်သောက်မိသူ Passive smoker သို့မဟုတ် Second hand smoker သို့မဟုတ် Involuntary smoker လို့ ခေါ်ဝေါ်သတ်မှတ်ပါတယ်။ Smoker လို့ခေါ်တဲ့ ဆေးလိပ်ကိုယ်တိုင်သောက်သုံးသူများ အသုံးပြုသော စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံစတဲ့ အငွေ့ထွက်သောဆေးလိပ်မျိုးစုံမှ ထွက်ရှိလာတဲ့ ပင်မဆေးလိပ်ငွေ့ (mainstream smoke) မှ တစ်ဆင့် ဘေးသို့ ပျံ့နှံ့သွားတဲ့ဆေးလိပ်ငွေ့ (sidestream smoke) ကို ပြန်လည်ရှူမိကြသူများကို ခေါ်ပါတယ်။ အဲ့ဒီဆေးလိပ်ငွေ့ထဲမှာ ဓာတုပစ္စည်းအမျိုးပေါင်း လေးထောင်ကျော်ပါဝင်ပြီး ကျန်းမာရေးအတွက် အန္တရာယ်ရှိတဲ့ ဓာတုပစ္စည်းအမျိုးပေါင်း ၂၅၀ ခန့်နဲ့ ကင်ဆာဖြစ်စေတဲ့ ဓာတုပစ္စည်းအမျိုးပေါင်း ၅၀ ကျော်ခန့် ပါဝင်နေပါတယ်။

**ဆေးလိပ်ကိုယ်တိုင်သောက်သုံးသူ မိခင်များမှ မွေးဖွားလာသောကလေးများတွင် မွေးရာပါရောဂါနှင့် အခြားကိုယ်လက်အင်္ဂါချွတ်ယွင်းမှုများ ဖြစ်ပွားတတ်. . . .**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ထုတ်ပြန်ချက်များအရ ကမ္ဘာပေါ်မှာရှိတဲ့ ကလေးစုစုပေါင်း ၄၀ ရာခိုင်နှုန်းနဲ့ ဆေးလိပ်မသောက်သူ အမျိုးသား ၃၃ ရာခိုင်နှုန်း၊ ဆေးလိပ်မသောက်သူ အမျိုးသမီး ၃၅ ရာခိုင်နှုန်းတို့ဟာ အဲ့ဒီ Second hand smoking လို့ခေါ်တဲ့ ကိုယ်မသောက်ဘဲ ဆေးလိပ်ငွေ့ကို ထိတွေ့ ရှူရှိုက်နေကြရပါတယ်။ အဲ့သလို ဆေးလိပ်ငွေ့ရှူမိတာကြောင့် ဆက်စပ်ဖြစ်ပေါ်လာတဲ့ ရောဂါများနဲ့ နှစ်စဉ် လူပေါင်း ခြောက်သိန်းကျော် သေဆုံးနေကြရပါတယ်။ ရောဂါကြောင့်သေဆုံးသွားတဲ့ လူဦးရေရဲ့ တစ်ရာခိုင်နှုန်းခန့် ဖြစ်ပါတယ်။ ကျွန်ုပ်တို့မြန်မာနိုင်ငံမှာလည်း အရွယ်မရောက်သေးသူ လူငယ်အမျိုးသား ၃၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၆. ၈ ရာခိုင်နှုန်းနဲ့ အရွယ်ရောက်ပြီး အမျိုးသား ၄၄. ၈ ရာခိုင်နှုန်း၊ အမျိုးသမီး ၇. ၈ ရာခိုင်နှုန်းတို့ဟာ ဆေးလိပ်သောက်သုံးနေကြပါတယ်။ ဆေးလိပ်သောက်သုံးသူများရဲ့ မိသားစု၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းရှိ လူများတွင် မည်မျှအထိ ဆေးလိပ်ငွေ့ ရှူမိနေကြရမည်နည်း။ တွေးသာကြည့်ပါ။ ဒါကြောင့် ဆေးလိပ်သောက်ခြင်းအပါအဝင် ဆေးလိပ်ငွေ့ရှူမိကြခြင်းကြောင့် ဖြစ်ပေါ်လာမယ့် ကျန်းမာရေးပြဿနာများမှာ ဆေးလိပ်သောက်သူများ များပြားလာသည်နှင့်အမျှ ရောဂါဖြစ်ပွားမှုနှုန်းလည်း မြင့်တက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆေးလိပ်ငွေ့ ရှူရှိုက်နေကြရတဲ့ ကလေး၊ လူငယ်၊ လူကြီး၊ အမျိုးသား အမျိုးသမီးများမှာဖြစ်ပွားနေတဲ့ ဆေးရွက်ကြီးကြောင့်ဖြစ်တဲ့ ရောဂါများကို ဂရုပြုဖို့လိုအပ်ပါတယ်။

ဆေးလိပ်သောက်သုံးသူများမှာ ဆေးရွက်ကြီးကြောင့်ဖြစ်သော ကင်ဆာရောဂါများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ နှလုံးရောဂါများ၊ စသဖြင့် ဖြစ်ပွားတတ်သကဲ့သို့ပင် ဆေးလိပ်ငွေ့ရှူရှိုက်မိသောသူများမှာလည်း ယင်းရောဂါများ ဖြစ်ပွားတတ်ပါတယ်။ ထို့အတူပင် ဆေးလိပ်ငွေ့ရှူမိသော ကလေးငယ်များမှာလည်း အခြားဆိုးရွားသောရောဂါများကို ခံစားနေကြရပါတယ်။ ထို့ကြောင့် ဆေးလိပ်ငွေ့ရှူမိသောသူများနှင့် ကလေးငယ်များတွင်ဖြစ်ပွားတတ်သော ရောဂါများကို သိရှိထားပြီး ဆေးလိပ်ငွေ့ရှူမိသောကြောင့် ဖြစ်ပွားသောရောဂါများကို ကြိုတင်ကာကွယ်နိုင်စေရန် တင်ပြအပ်ပါသည်။

**၁။ ဆေးလိပ်ငွေ့ရှူမိသောကြောင့် အရွယ်ရောက်ပြီးသူများတွင် ဖြစ်ပွားတတ်သောရောဂါများ**

**(က) နှလုံးနှင့်သွေးကြောဆိုင်ရာ ရောဂါများ**

နှလုံးသွေးကြောကျဉ်းရောဂါအပါအဝင် အခြားသော နှလုံးရောဂါများနှင့် လေဖြတ်ခြင်းများဟာ ကိုယ်တိုင်ဆေးလိပ်သောက်သုံးသူများတွင် အဓိကဖြစ်ပွားတတ်သော ရောဂါများဖြစ်ပြီး လူသေဆုံးမှုနှုန်း မြင့်သောရောဂါများလည်း ဖြစ်ပါတယ်။ ဆေးလိပ်မသောက်ပေမယ့် ဆေးလိပ်ငွေ့ ရှူရှိုက်မိတာကြောင့်လည်း နှလုံးရောဂါများနှင့် လေဖြတ်ခြင်းတို့ဖြစ်ပွားမှု ဆက်စပ်နေကြတာကိုလည်း သုတေသနများစွာတို့၏ ရလဒ်များအရ သိရပါတယ်။ ဆေးလိပ်ငွေ့ရှူမိသူများမှာ ထိုရောဂါဖြစ်နိုင်ချေ ၃၀ ရာခိုင်နှုန်းခန့် ရှိနေပါတယ်။

**(ခ) အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ**

ပုံမှန်ဆေးလိပ်သောက်သုံးသူများအနေဖြင့် အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်သော ပန်းနာရင်ကြပ်ရောဂါ၊ နာတာရှည်အသက်ရှူလမ်းကြောင်းပိတ်ဆို့ရောဂါ၊ အခြားနာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများဖြစ်သော အသက်ရှူခက်ခဲခြင်း၊ ချောင်းဆိုးခြင်း၊ ခွဲသလိပ်ထူပြောခြင်းတို့ ဖြစ်ပွားတတ်ပါတယ်။ ထို့အတူ ဆေးလိပ်ငွေ့ ရှူမိသောသူများအနေဖြင့်လည်း အထက်ပါ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ခံစားနေကြရပါတယ်။ ထို့အပြင် အဆုတ်ရဲ့ ပုံမှန်လုပ်ငန်းဆောင်တာများလည်း တဖြည်းဖြည်းပျက်စီးယိုယွင်းလာနိုင်ပါတယ်။

**(ဂ) ကင်ဆာရောဂါ**

အပြည်ပြည်ဆိုင်ရာ ကင်ဆာရောဂါသုတေသနအေဂျင်စီ၏ ထုတ်ပြန်ထားချက်များအရ ဆေးလိပ်သောက်သုံးခြင်းဟာ အဆုတ်ကင်ဆာ၊ ခံတွင်းနှင့် အစာရေမျိုကင်ဆာ၊ အစာပြွန်ကင်ဆာ၊ လေပြွန်ကင်ဆာ၊ ပန်းကရိယကင်ဆာ၊ ဆီးအိတ်ကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ နှာခေါင်းကင်ဆာ၊ နှာခေါင်းလေအိတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အသည်းကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာ၊ သွေးဖြူဥကင်ဆာ ဖြစ်ပွားမှုများနှင့် ဆက်နွယ်နေကြောင်း သိရပါတယ်။ ဆေးလိပ်ငွေ့တွင်ပါဝင်သော ကင်ဆာဖြစ်စေသော ဓာတုပစ္စည်းများကြောင့် ကင်ဆာရောဂါ ဖြစ်ပွားနိုင်သဖြင့် ဆေးလိပ်ငွေ့ရှူရှိုက်မိသူများအနေဖြင့်လည်း ကင်ဆာရောဂါများ ဖြစ်ပွားခံစားနေကြရပါတယ်။ ဆေးလိပ်ငွေ့ရှူမိသောကြောင့် အဓိကအဖြစ်များသော ကင်ဆာရောဂါများမှာ အဆုတ်ကင်ဆာ၊ ရင်သားကင်ဆာ၊ နှာခေါင်းနှင့် နှာခေါင်းလေအိတ်ကင်ဆာတို့ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားပါတယ်။ အခြားသောကင်ဆာဖြစ်ပွားမှုများနှင့် ဆက်နွယ်နေပါတယ်။

**(ဃ) ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင်**

ကိုယ်ဝန်ပျက်ကျခြင်း၊ သန္ဓေသားသေဆုံးခြင်းနှင့် မွေးဖွားလာသောကလေးငယ်များတွင် မွေးရာပါရောဂါများ ခံစားရစေပါတယ်။

**၂။ ဆေးလိပ်ငွေ့ရှူမိသောကြောင့် ကလေးများနှင့် အရွယ်မရောက်သေးသောသူများတွင် ဖြစ်သောရောဂါများ**

**(က) မွေးရာပါရောဂါနှင့်ကိုယ်လက်အင်္ဂါချွတ်ယွင်းမှုများ**

Active smoker လို့ခေါ်တဲ့ ဆေးလိပ်ကိုယ်တိုင်သောက်သုံးသူ မိခင်များမှ မွေးဖွားလာသော ကလေးများတွင် မွေးရာပါရောဂါနှင့် အခြားကိုယ်လက်အင်္ဂါချွတ်ယွင်းမှုများ ဖြစ်ပွားတတ်ပါတယ်။ ထို့အတူ ဆေးလိပ်မသောက်ပေမယ့် ဆေးလိပ်ငွေ့ ရှူမိကြရတဲ့ မိခင်များမှတစ်ဆင့်လည်း မွေးရာပါရောဂါနှင့် ကိုယ်လက်အင်္ဂါချွတ်ယွင်းသော ကလေးငယ်များ မွေးဖွားတတ်ကြောင်း သုတေသနများစွာက ထောက်ပြထားကြပါတယ်။ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များ မွေးဖွားမှုနှင့်လည်း ဆက်နွယ်နေပါတယ်။ ပေါင်မပြည့်သောကလေးများ၊ လမစေ့ဘဲမွေးသောကလေးများ မွေးဖွားမှုနှင့်လည်း ဆက်နွယ်နေပါတယ်။ ဆေးလိပ်ကိုယ်တိုင်သောက်သုံးသော မိခင်များမှ မွေးဖွားသော ကလေးငယ်များမှာ မွေးဖွားပြီး ၁၂ လအတွင်း ရုတ်တရက်သေဆုံးသွားတတ်သော ရောဂါလက္ခဏာစု SIDS (Sudden Infant Death Syndrome) များဖြစ်ပွားတတ်ပါတယ်။ အချို့သော သုတေသနပညာရှင်များကလည်း ယခုလိုဖြစ်ရခြင်းဟာ မိခင်ကိုယ်တိုင် ဆေးလိပ်သောက်သောကြောင့်သော်လည်းကောင်း၊ ဆေးလိပ်ငွေ့ရှူမိသောကြောင့်သော်လည်းကောင်း၊ ဖခင်ကိုယ်တိုင် လည်းဆေးလိပ်သောက်သောကြောင့်လည်းကောင်း ဖြစ်ပွားနိုင်ကြောင်း မှတ်ချက်ပြုပြောကြားထားပါတယ်။ အထူးသဖြင့် မွေးဖွားပြီး တစ်လမှ လေးလသားအရွယ်တွင် သေဆုံးမှု ပိုမိုများပြားကြောင်း တွေ့ရှိထားကြပါတယ်။

**(စာမျက်နှာ ၂၀-သို့)**








## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၁)၊ မြေကွက် အမှတ်(၈၃၀)၊ အကျယ်အဝန်း ပေ(၆၀×၄၀)၊ ဧရိယာ(၀. ၀၅၅) ရှိ ဒေါ်တင်တင်ဝင်း J/RGN-020802 အမည်ပေါက် ပါမစ်မြေကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးမောင်မောင်အောင် [၁၂/ပဘတ(နိုင်)၀၀၅၆၂၄] ထံမှ ဒေါ်မြင့်မြင့်သိန်း [၁၂/လမတ(နိုင်)၀၀၇၇၉၅]က အပြီးအပိုင် ဝယ်ယူသည့် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ၎င်းမြေကွက်နှင့် ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေယာဌာနနှင့် မြေစီမံခန့်ခွဲမှုဌာန၌ ဒေါ်မြင့်မြင့် သိန်း အမည်ပေါက် နှစ်(၆၀)ဂရန်ကို လျှောက်ထားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူ မည်သူ မဆိုပိုင်ဆိုင်ကြောင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့် ဤကြော်ငြာ ပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန် ပါက နှစ်(၆၀)ဂရန် အမည်ပေါက်ရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်လှသီ **B.A(Law).LL.B**
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၆)
ဖုန်း-၀၉ ၄၃၀၇၂၄၄၂

## နေရာကောင်းငှားမည်

(၁) RC ၂ထပ်ခွဲ ကိုယ်ပိုင် ထရန်စဖော်မာ /ရေ/မီး/ဖုန်း/အင်တာနက်
(၂) ဝန်ထမ်း(၃၀) ခန့်နှင့် ယာဉ်(၂၀) စီးခန့် သုံးစွဲရပ်နားနိုင်
(၃) Business Locality ကောင်း/မင်္ဂလာဒုံ ခရေပင်လမ်းမပေါ်ထောင့်ကွက် (. ၃၁)ကော၊ လှည်းကူးမြို့အဝင် ရန်ကုန်၊ မန္တလေးလမ်းမပေါ် မေးတင်။ ထရန်စဖော်မာ (ပါမစ်)ကျပြီး၊ အုတ်တံတိုင်းခတ်ပြီး၊ နေရာကောင်း ရောင်းမည်။

မှတ်ချက်။ ။ **No need to broker**
ဆက်သွယ်ရန် ဖုန်း- ၀၉- ၂၅၄၀၁၀၃၈၄

# ထန်းတောကျေးရွာမှ မြန်မာ့ရိုးရာတူရိယာ အိုးစည်၊ ဒိုးပတ်နှင့်ဆိုင်းဝိုင်းလုပ်ငန်းရှင်များကို ပံ့ပိုးချေးငွေထုတ်ချေး



**ရမည်းသင်း၊ ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ထန်တောကြံပင်အုပ်စု၊ ထန်တောကျေးရွာမှမြန်မာရိုး ရာတူရိယာတစ်မျိုးဖြစ်သော အိုးစည်၊ ဒိုးပတ်နှင့် ဆိုင်ဝိုင်း အသုံးပြုသောစခွန့်၊ ပတ်မဆိုက်မျိုးစုံကို မြန်မာတစ်နိုင်ငံလုံး ဖြန့်ချိရောင်းချနေသော လုပ်ငန်းရှင် ၂၅ ဦးတို့အား ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနမှ ပံ့ပိုးချေးငွေထုတ်ချေးနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၈ ရက် ၄ နာရီက ထန်တောကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် လုပ်ငန်းရှင် ဦးကြည်လင်းနှင့် ဦးဝင်းဗိုလ်တို့က အိုးစည်၊ ဒိုးပတ် အမျိုးမျိုးပြုလုပ်ရာတွင် သားရေ၊ သစ်သားများဖြင့် အသုံးပြုရခြင်းကို ရှင်းလင်းကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးထက်မြက်အောင်မှ မြန်မာ့ရိုးရာ အမွေအနှစ်ဖြစ်သည့် လုပ်ငန်းဖြစ်၍ လုပ်ငန်းများ တွင်ကျယ်စွာ ထိရောက်အောင်မြင်ရေးကို အရှိန်မြှင့်ဆောင်ရွက်ရေးကို ရှင်းလင်းပြောကြားပြီး၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းမှ လုပ်ငန်းရှင်များအနေဖြင့် ထုတ်ကုန်အခြေခံ သမဝါယမအသင်းဖွဲ့၍ ပံ့ပိုးချေးငွေထုတ်ချေးမည့် အစည်အစဉ်များကို ရှင်းလင်းသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးဌေးမှ အခြေခံသမဝါယမအသင်းဖွဲ့စည်းရာတွင် စည်းမျဉ်း၊ စည်းကမ်းနှင့်အစုအဖွဲ့အကြောင်းကို ရှင်းလင်းရာ လုပ်ငန်းရှင်တို့မှ စိတ်တူကိုယ်တူဖြင့်(ရွှေထန်တောအခြေခံသမဝါယမအသင်း)ကိုဖွဲ့စည်းကာ အသင်းသားများများမှ ဥက္ကဋ္ဌနှင့် အမှုဆောင်တို့ကို ရွေးချယ်တင်မြှောက်ကြသည်။ ထို့နောက် အသင်းသားများမှ မိမိတို့ လုပ်ငန်းများ လက်တွေ့လုပ်ဆောင်မှု အဆင့်ဆင့်ကို ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

## စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**ကောလင်း၊ ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စာရေးဝန်ထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၂/၂၀၁၄)ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဇာတိမာန်ခန်းမ၌ ကျင်းပပြုလုပ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က အဖွင့်အမှာစကားပြောကြားပြီး အဆိုပါ သင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန် အဟုန်မြင့်တင်မှု လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

သင်တန်းအားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ချိုနှင့် ဒုတိယမြို့နယ်ဦးစီးမှူးများဖြစ်သော ဦးယောမင်းထွန်း၊ ဦးမင်းဇာနည်နှင့် ဒေါ်သီဂီစိုးတို့က သင်ကြား ပို့ချခဲ့ပြီး သင်တန်းသို့ စာရေးဝန်ထမ်း ၄၉ ဦး တက်ရောက်၍ သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်စိုး**(Iprd)

## ကျောင်းကျန်းမာရေးစစ်ဆေးဆောင်ရွက်

**နတ်တလင်း၊ ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ် တာပွန် အခြေခံပညာအထက်တန်းကျောင်းတွင် ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျောင်းအတွင်း ရောင်းချနေသော စျေးဆိုင်များအား ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေးခြင်းများကို တာပွန်တိုက်နယ်ဆရာဝန်ဒေါက်တာဆွေဇင်ဝင်းနှင့်အဖွဲ့၊ အုပ်ချုပ်ရေးမှူးဦးအောင်မြင့်ဦး၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများမှ ကူညီဆောင်ရွက်ပေးကြောင်းသိရသည်။

**ဝ၇၁**

## မိုးမိတ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**မိုးမိတ်၊ ဩဂုတ် ၃၀**

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် သဲနီကျေးရွာအုပ်စု၌ ဩဂုတ်၂၇ ရက်က မိုးပွင့်အဆင့် (၆) စီမံချက်ဖြင့် နိုင်ငံရေးစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနား ပြုလုပ်ရာ မိုးမိတ်မြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကျော်မြင့်မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်ဦး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်မိဘပြည်သူများတက်ရောက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးဦးချစ်အောင်နှင့် ဝန်ထမ်းများက နိုင်ငံသား စီစစ်ရေးကတ်ပြားများပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝဏ္ဏက လက်ခံရယူခဲ့ကြောင်းသိရသည်။

**မြို့နယ်ပြန်/ဆက်**

## ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုကျင်းပ



**ရန်ကုန်၊ ဩဂုတ် ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၁၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကိုဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်လွဲလွဲဝင်းက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အာဟာရပြည့်ဝမျှတစွာ စားသောက်တတ်စေရန် ရှင်းလင်းမှာကြားပြီး မြို့နယ်ဆရာဝန်ကြီးဦးခင်မောင်တင်က ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များ သိသင့်သောအကြောင်းအရာများအား ပညာပေးဟောပြောခဲ့သည်။

ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှခက်နှင့်အဖွဲ့ဝင်များ ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် ၁၂၀ ဦးတို့အား အာဟာရကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် အိုင်အိုဒင်းဆားများ ထောက်ပံ့ပေးအပ်ခဲ့ပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်၍ အရန်သားဖွားသင်တန်းတက်နေသူ ၁၇ ဦးအား ဆန်၊ ဆီနှင့် ငွေသား ၈၅၀၀၀ ကျပ်အား ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**








**အကြောင်းလင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ငွေးကြွယ်ရပ်ကွက်၊ အသောကလမ်း၊ အမှတ်(၂၀)နေ ကျွန်တော်ကိုမင်းသိန်းစိုး[၁၂/ဒဂတ(နိုင်)၀၀၀၃၀၈]နှင့် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဝါဦး(၄)လမ်း၊ အမှတ်(၅၅/က)နေ မတင်ချောစုလှိုင်[၁၂/အစန(နိုင်) ၁၆၉၀၇၇]တို့သည် ၂၅-၈-၂၀၁၄ရက်တွင် မှတ်ပုံတင်အမှတ်-၁၃၂/၂၀၁၄ဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယဦးစီးမှူး ဒေါ်အေးသက်မော်၏ ရှေ့မှောက်တွင်အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် ထိုသို့ ကွာရှင်းပြီးနောက် မတင်ချောစုလှိုင်နှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမဆို ကျွန်တော်နှင့်လုံးဝ သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကိုမင်းသိန်းစိုး[၁၂/ဒဂတ(နိုင်)၀၀၀၃၀၈]

အမှတ်(၂၀)၊ အသောကလမ်း၊ ငွေးကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**ငှားရန်ရှိသည်**

ရန်ကုန်မြို့လယ်ကောင်၊ စျေးအနီး၊ ကျောင်းအနီးဒေသတွင် ကွန်ဒိုတိုက်ခန်းများနှင့် ကွန်ဒိုတိုက်ခန်းများ အလုံးလိုက်၊ လုံးချင်းအိမ်များ ငှားရန်ရှိသည်။

ဆက်သွယ်ရန်-

၀၉-၅၁၁၃၂၉၉၊ ၀၉-၇၃၂၀၇၄၈၆၊

၀၉-၉၇၂၂၉၁၅၂၀၊ ၀၉-၉၇၂၁၀၆၈၂၈

**အမည်ပြောင်း**

အိမ်မဲမြို့၊ အထက၊ ဒုတိယတန်းတွင် ပညာသင်ကြားနေသော (အဖ)ဦးကျော်စွာ[၁၄/အမန(နိုင်)၀၀၀၅၅၆]၏သမီး မဆုသန္တာကျော်အား မချမ်းကြာညိုသင်း ဟုပြောင်းလဲခေါ်ဆိုပါရန်။

မချမ်းကြာညိုသင်း

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ လက်အောက်ရှိဌာန အသီးသီးနှင့် ခရိုင်(၄)ခရိုင်တို့တွင် အသုံးပြုရန်အတွက် လိုအပ်သော မီးသတ် ဆေးဘူး(၇၀၀)ဘူးနှင့် 3Ø4W Power Meter,CT Meter နှင့် Accessoriesများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပိတ်မည့်ရက် - ၁၂-၉-၂၀၁၄ရက်

တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊
ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့
အမှတ်(၁၉၇၊ ၁၉၉)အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။
ဖုန်း ၀၁-၂၂၀၈၁၆

## ကျွန်တော်ဆေးလိပ်မသောက်ပါ သို့သော်... မှအဆက်

အခြားသော ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ မွေးရာပါ ချွတ်ယွင်းမှုများ၊ ဉာဏ်အရည်အသွေးပိုင်းဆိုင်ရာ မွေးရာပါချွတ်ယွင်းမှုများနှင့်လည်း ဆက်စပ်နေပါတယ်။

**(ခ) အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ**

Lower respiratory tract infection လို့ခေါ်တဲ့ အသက်ရှူလမ်းကြောင်း ရောဂါပိုးစွဲကပ်ခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကလေးငယ်ပေါင်း ၃. ၉ သန်းခန့်ဟာ နှစ်စဉ် သေဆုံးနေကြရပါတယ်။ အသက်နှစ်နှစ်ဝန်းကျင်ရှိ ကလေးငယ်များမှာ အသက်ရှူလမ်းကြောင်းရောဂါပိုး စွဲကပ်မှုကြောင့် သေဆုံးမှုမြင့်မားပြီး မွေးဖွားချိန်မှစပြီး ဆေးလိပ်ငွေ့ရှူရှိုက်မိခြင်းနှင့်လည်း ဆက်နွယ်နေကြောင်း တွေ့ရှိပါတယ်။ ထို့အပြင် ကလေးငယ်များတွင် မွေးရာပါ ဖြစ်ပွားလာသော ပန်းနာရင်ကြပ်ရောဂါဖြစ်ပွားမှုနှင့်လည်း ဆက်စပ်မှုရှိကြောင်း တွေ့ရပါတယ်။ သန္ဓေသားဘဝမှ စတင်ကာ မိခင်မှတစ်ဆင့် ဆေးလိပ်ငွေ့၏ အကျိုးအာနိသင်ကို ထိတွေ့ခံစားခဲ့ရသဖြင့် ကလေးဘဝတွင် မွေးရာပါ ရင်ကြပ်ရောဂါများ ခံစားရပြီး မွေးဖွားပြီးချိန်မှစတင်ပြီး ဆေးလိပ်ငွေ့ကို စတင်ရှူမိသော ကလေးများတွင် ပန်းနာရင်ကြပ်ရောဂါ ပြင်းထန်စွာခံစားရကြောင်းလည်း တွေ့ရှိထားပါတယ်။ ထို့အပြင် ဆေးလိပ်ငွေ့ရှူမိသော ကလေးငယ်များတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပုံမှန်လုပ်ငန်းစဉ်များလည်း ဆောလျင်စွာ ပျက်စီးသွားစေပါတယ်။ ကလေးငယ်ဘဝတွင် ဆေးလိပ်ငွေ့ရှူမိထားသောကြောင့် အရွယ်မရောက်သေးပဲ ဆေးလိပ်သောက်သုံးတတ်လာကြောင်း ဆက်စပ်တွေ့ရှိထားပါတယ်။

**(ဂ) အလယ်နားစည်ရောင်ခြင်း**

Otitis media (middle ear infection) ခေါ် အလယ်နားစည် ရောဂါပိုးစွဲကပ်ပြီး ရောင်ရမ်းခြင်းဟာ ကလေးငယ်များတွင် အဖြစ်များသော ရောဂါတစ်ခုဖြစ်ပြီး ရောဂါအခြေအနေ ပြင်းထန်ပါက နား၏ အကြားအာရုံ ချွတ်ယွင်းသွားတတ်ပြီး နားမကြားတော့ပေ။ ထိုအခါ နောက်ဆက်တွဲပြဿနာအနေဖြင့် စာပေသင်ကြားရာတွင် အနှောက်အယှက်များဖြစ်ပွားခြင်း၊ လူမှုဆက်ဆံရေးတွင် အခက်အခဲများရှိခြင်း စသည်တို့ ခံစားရနိုင်ပါတယ်။ အမေရိကန်ခွဲစိတ်ဆရာဝန်များအဖွဲ့ (The United States Surgeon General) အဖွဲ့မှ သုတေသနပြုလုပ်ထားချက်များအရ မိဘများနှင့် မိသားစုအတွင်း ဆေးလိပ်သောက်သုံးမှုကြောင့် ဆေးလိပ်ငွေ့ရှူမိသော ကလေးငယ်များတွင် အလယ်နားစည်ရောင်ယမ်းခြင်း ပြင်းထန်စွာဖြစ်ပွားတတ်ပြီး မကြာခဏလည်း ပြန်လည်ဖြစ်ပွားတတ်ကြောင်း ဆက်စပ်တွေ့ရှိထားပါတယ်။

**(ဃ) ကလေးငယ်များတွင်ဖြစ်ပွားသော ကင်ဆာများ**

သာမန်အားဖြင့် အသက် ၁၅ နှစ်အောက် ကလေးငယ်များတွင်ကင်ဆာရောဂါဖြစ်ပွားမှု နည်းပါးပါတယ်။ သို့ပေမယ့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကလေးအရွယ်တွင်ဖြစ်ပွားသော ကင်ဆာရောဂါနှင့် ထိခိုက်ဒဏ်ရာကြောင့် ကလေးငယ်များ အများဆုံးသေဆုံးနေကြရပါတယ်။ အပြည်ပြည်ဆိုင်ရာ ကင်ဆာရောဂါ သုတေသနအေဂျင်စီ၏ ထုတ်ပြန်ချက်အရ ကလေးငယ်များတွင်အဖြစ်များသော သွေးဖြူဥကင်ဆာ၊ ဦးနှောက်ကင်ဆာနှင့် ပြန့်ရည်ကျိတ်ကင်ဆာတို့ဟာ မိဘများနှင့် အခြားမိသားစုဝင်များတွင် ဆေးလိပ်သောက်သုံးမှုနှင့် ဆက်နွယ်နေပါတယ်။

ဆေးလိပ်ငွေ့ထဲမှာပါဝင်တဲ့ အန္တရာယ်ရှိတဲ့ ဓာတုပစ္စည်း ၂၅၀ ကျော်နဲ့ ကင်ဆာဖြစ်စေတဲ့ ဓာတုပစ္စည်း ၅၀ ကျော်တို့ကြောင့် အထက်ဖော်ပြပါရောဂါတွေ ဖြစ်ပွားတတ်တာကို သုတေသနများစွာ ပြုလုပ်တွေ့ရှိထားပြီး ဖြစ်ပါတယ်။ ဆေးလိပ်သောက်သုံးသူများမှာ ၎င်းတို့ကိုယ်တိုင် မဆင်မခြင်သောက်သုံးကြသောကြောင့် ရောဂါရသည်မှာ မဆန်းသော်လည်း ၎င်းတို့ရှူထုတ်လိုက်သော ဆေးလိပ်ငွေ့များကို ဘေးပတ်ဝန်းကျင်ရှိ ဆေးလိပ်မသောက်သောသူများ ပြန်လည်ရှူမိကြပြီး ရောဂါရကြသည်မှာ မမှားပါဟု ခံစားမိပါသည်။ သို့ကြောင့် ဆေးလိပ်ကင်းစင်သော အများပြည်သူများ သွားလာရာနေရာများကို ရာနှုန်းပြည့် ဖန်တီးပေးဖို့ လိုအပ်မည်ဖြစ်ပြီး ဥပဒေ၊ နည်းဥပဒေများကိုလည်း တင်းကြပ်စွာပြဋ္ဌာန်းသင့်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ တစ်ကမ္ဘာလုံး ဆေးရွက်ကြီးအသုံးပြုမှု လျော့နည်းလာစေရန် ပြဋ္ဌာန်းထားသော ပေါ်လစီဖြစ်တဲ့ MPOWER အကြောင်း တင်ပြလိုပါတယ်။

၁။ M- Monitoring tobacco use and prevention - တစ်ကမ္ဘာလုံးတွင် ဆေးရွက်ကြီးနှင့် ဆက်စပ်ထုတ်ကုန်များ သုံးစွဲနေမှုကို စစ်တမ်းများနှင့်ကောက်ယူပြီး ရရှိလာသော အချက်အလက်များမှတဆင့် ဆေးရွက်ကြီးသုံးစွဲနေမှုကို ထိန်းချုပ်နိုင်ရန်နှင့် မသုံးစွဲရန် ကာကွယ်နိုင်သောနည်းလမ်းများကို ဖော်ဆောင်ဖို့ဖြစ်ပါတယ်။

၂။ P- Protecting people from smoke – second hand smoke ကဲ့သို့ ဆေးလိပ်မသောက်ပေမယ့် ဆေးလိပ်ငွေ့ရှူနေကြရတဲ့သူများကိုလည်း ဆေးလိပ်ငွေ့နှင့် ထိတွေ့ခြင်းမှ ကာကွယ်ပေးနိုင်ရန် တင်းကြပ်သော ဥပဒေများ ပြဋ္ဌာန်းပြီး ပြည်သူများနှင့် အုပ်ချုပ်ရေးအာဏာပိုင်များပါ ပူးပေါင်းပြီး ရာနှုန်းပြည့် ဆေးလိပ်ဆေးရွက်ကြီးကင်းစင်သော အများပြည်သူနှင့်သက်ဆိုင်သောနေရာများ ဖန်တီးလုပ်ဆောင်ပေးရန်။

၃။ O- Offering help to quit tobacco use - သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများမှ ဦးဆောင်ပြီး ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲသူများကို အသိပညာပေးခြင်းများ၊ အခြားသူများ မသုံးစွဲအောင် ကျန်းမာရေးအသိပညာပေး အစီစဉ်များကို ဦးစီးလုပ်ဆောင်ခြင်းဖြင့် ဆေးရွက်ကြီး သုံးစွဲမှုလျော့ကျအောင် ဖန်တီးခြင်း။ ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲသူများ သုံးစွဲမှုစွန့်လွှတ်လာစေရန် အကူအညီများပေးခြင်း။

၄။ W- Warning people about the danger of tobacco – ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးပြဿနာများ၊ ဆေးရွက်ကြီး၏ ဆိုးကျိုးအန္တရာယ်များကို အများပြည်သူများ သိရှိလိုက်နာလာစေရန် ပညာပေးအစီစဉ်များကို အင်တိုက်အားတိုက် လုပ်ဆောင်ကြဖို့ ဖြစ်ပါတယ်။

၅။ E- Enforcing bans on tobacco advertising, promotion and sponsorship - ဆေးလိပ်ဆေးရွက်ကြီးနှင့်ပတ်သက်သော ကြော်ငြာများ၊ အရောင်းမြှင့်တင်မှုများ၊ ငွေရေးကြေးရေး အထောက်အပံ့ အကူညီများကို အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် အသုံးပြုခြင်းကို လုံးဝတားမြစ်ကြရန်။

၆။ R- Raising taxes on tobacco - ဆေးလိပ်ဆေးရွက်ကြီးနှင့်ပတ်သက်သော ထုတ်ကုန်များ ရောင်းဝယ်ဖောက်ကားမှုများကို အခွန်မြင့်မားစွာ ကောက်ခံကြဖို့ ဖြစ်ပါတယ်။

ထို့ကြောင့် ဆေးလိပ်မသောက်ပဲ ဆေးလိပ်ငွေ့ရှူမိသောကြောင့် ရောဂါရနေကြရသောသူများကို ကာကွယ်နိုင်စေရန်အတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ အသိပညာရှင် အတတ်ပညာရှင်များ ပူးပေါင်းပြီး ဝိုင်းဝန်းဖော်ဆောင်းပေးရန်နှင့် ပြည်သူတစ်ရပ်လုံးလည်း ပူးပေါင်းပါဝင်ပြီး ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ကို ဖန်တီးပေးကြပါရန် တိုက်တွန်းအပ်ပါတယ်။

**ဒေါက်တာမျိုးမင်းသိန်း** (ACTION Study)

# တတိယအဆင့်အရှိန်မြှင့်တင်မှု(Third Wave)လုပ်ငန်းစဉ်များ ကဏ္ဍအလိုက် ပညာရှင်များပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ကျောက်ဆည်၊ ဩဂုတ် ၃၀**

ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှူးဦးစီးကာ ပြည်သူ့အကျိုးပြု ရဲလုပ်ငန်းများဖြစ်စေရေးနှင့် ရဲလုပ်ငန်းများဖြင့် ပြည်သူကို လျှင်မြန်ထိရောက်စွာ ကူညီဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များထဲမှ တာဝန်ယူရမည့် လုပ်ငန်းကဏ္ဍများအလိုက် အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကပညာရှင်များနှင့် ခရိုင်အတွင်း ရဲတပ်ဖွဲ့များပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင်တရားသူကြီးဒေါ်သန်းသန်းတင့်၊ ခရိုင်ဥပဒေအရာရှိဦးဝင်းမြင့်၊ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်တင်ရီတို့က ပြည်သူ့အကျိုးပြု ရဲလုပ်ငန်းများ ဖြစ်စေရေးအတွက် တရားရေးဆိုင်ရာလိုက်နာရမည့်အချက်များ ပြစ်မှုလိုက် စွဲဆိုသင့်သည့် ပုဒ်မများ၊ ဆေးစာထုတ်ယူဆောင်ရွက်ရေးဆိုင်ရာ အချက်လက်များနှင့် ရဲလုပ်ငန်းများဖြင့်စပ်ဆက်လျက်ရှိသော လုပ်ငန်းများကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းကဏ္ဍအလိုက် အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကပညာရှင်များ ပြည်သူအားကိုးသော ရဲလုပ်ငန်းများဖြစ်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းနောင်ကယခု ဆွေးနွေးပွဲမှ အကြံပြုဆွေးနွေးလာသောအချက်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မိမိတို့ ရဲတပ်ဖွဲ့အနေဖြင့်လည်း ပြည်သူ့အကျိုးကို လျှင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ပြည်သူကို ဥပဒအရ အပြည့်အဝ ကာကွယ်ပေးနိုင်ရေးအတွက် ဥပဒေစိုးမိုးရေး လုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူယုံကြည်အားကိုးသော ရဲတပ်ဖွဲ့ဖြစ်ရေးအတွက်အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းကို ဆွေးနွေးခဲ့သည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ဟောပြောပွဲကျင်းပ

**သံတွဲ၊ ဩဂုတ် ၃၀**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဆိုင်ကယ်စီးသူများ၊ ယာဉ်မောင်းသူများအား အန္တရာယ်ကင်းစွာ ဦးထုပ်ဆောင်းမောင်းနှင်ရေး အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေပေးခြင်းလုပ်ငန်းကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက သံတွဲမြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ညီညီဌေး ဦးဆောင်၍ သံတွဲမြို့နယ် အမှတ် (၅) ယာဉ်ထိန်းတပ်စု တပ်ဖွဲ့စုမှူး ရဲအုပ်ထွန်းလှအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်(မထသ)အဖွဲ့ဝင်များ၊ ပို့/ဆက်ဦးစီးဌာနဝန်ထမ်းများက ဒွါရာဝတီမြို့ဦးတံတားထိပ်နှင့် ဈေးရှေ့တို့တွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်ပြီး အဖွဲ့ဝင်များသည် သံတွဲမြို့ အထက(ခွဲ) ၄/ကျော်တောင်ကျောင်းသို့ သွားရောက်ပြီး သတ္တမတန်းမှ ဒသမတန်းထိ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ယာဉ်းစည်းကမ်း၊ လမ်းစည်းကမ်း ဆောင်ရန်၊ ရှောင်ရန် စည်းမျဉ်းစည်းကမ်းများနှင့် ယာဉ်များအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**











**တိုက်ခန်းငှားမည်**

ဆိပ်ကမ်းသာလမ်း (အပေါ်ဘလောက်) ပေ (၂၀×၆၀) ပါကေး၊ A/C ၊ ဖုန်းရုံးခန်း၊ ကုမ္ပဏီ ဦးစားပေးငှားမည်။

ဖုန်း-၃၉၈၅၂၆၊ ၀၉ ၅၁-၆၈၁၀၅

**ဆိုင်ခန်းငှားမည်**

ဗိုလ်တထောင်မြို့နယ်၊မဟာဗန္ဓုလလမ်းမကြီး၊(၅၂လမ်းထိပ်ထောင့်ခန်း) ပေ(၂၈×၅၀)မြေညီထပ်

ဖုန်း-၀၁ ၂၉၄၁၁၈၊ ၀၁ ၂၉၃၀၀၁၊ ၀၉ ၅၀၃၀၅၁၈

ကြော်ငြာ


သာသနဇ္ဈမြည် စေတနာ...



(SBA,MA,Dip-Hindi,Ph.D(Thesis))

Professor ဒေါက်တာ...

Ph.D( Tantra & Sastra )(Kol-India)

0950-10735, 0973-207774

ဆရာကြီး ဦးသိန်းအောင် (Chef and Food Writer) ဦးစီး

(SCC) SCHOOL OF CATERING & COOKERY

(STRAND HOTEL)

(CDC 4016)

Provisions Order Menu Safe Galley Work Practises

[3-9-2014]

Ph : 09-51 19756, 09-310 22668

မြတ်ဗိမာန

15 Oct,16 Nov,10 Dec ,7 Jan,21 Jan,11 Feb,22 Mar,11 April

## ပုပ္ပား အဘဘိုးတော်အောင်မင်းခေါင်၏ (၆၂)ကြိမ်မြောက် ထွက်ပွဲ၊ အောင်ပွဲ၊ ပူဇော်ပွဲ ဖိတ်ကြားခြင်း

အဘဘိုးတော်အောင်မင်းခေါင်၏ ထွက်ပွဲ၊ အောင်ပွဲ၊ ပူဇော်ပွဲသို့ ပဌာန်းဆက်၊ သိုက်ဆက်၊ ပါရမီဆက်၊ အကျိုးဆက်၊ အကြောင်းဆက်ရှိကြကုန်သော အဘသား သမီးများ မည်သူမဆို ကြွရောက်ပူဇော်ကြပါရန် ဆရာကျော်ဇင်ဟိန်းနှင့် အဘ သား သမီးများက ရပ်ဝေးရပ်နီးမှ ဆွေတော်မျိုးတော် ပါရမီရှင်အပေါင်းတို့အား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၇-၉-၂၀၁၄ ရက်(တနင်္ဂနွေနေ့)၊ တော်သလင်းလဆန်း ၁၄ ရက်
အချိန် - နံနက် ၇ နာရီမှ ၁၂ နာရီအထိ
နေရာ - အမှတ်(၂၂-က)၊ ပဒေသရာဇာလမ်း၊ ဝါးတောဆုထူးပန်ကျောင်းရှေ့၊ (အပေါ်ကျောင်း) သန်လျင်မြို့၊ (အောင်ချမ်းသာမှတ်တိုင်တွင်ဆင်းပါ)

ဖုန်း-၀၉-၅၄၀၂၃၂၂

## ဖခင်အမည်မှန်

အထက၊ က၀၊ တက္ကသိုလ်ဝင်တန်းမှ မောင်မင်းမင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုး ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

သန်လျင်မြို့နေ ဦးမြင့်ရွှေ၏ သမီးဖြစ်သူ မအေးသီရိမွန်(ခ)မအေးငြိမ်းမွန်[၁၂/သလန(နိုင်)၁၁၈၃၂၀] ကိုင်ဆောင်သူမှာ တစ်ဦးတည်းဖြစ်ပါသည်။

## အမည်ပြောင်း

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ သဘော်ဆိပ် အုပ်စု၊ ထိန်ပြင် စံပြကျေးရွာနေ အဖ ဦးစောဘ၏သား မောင်စောဝင်းချေ[၁၀/ရဗန(နိုင်) ၀၄၇၁၉]အား မောင်စိုးဝင်းဟု ခေါ်ဆိုပါရန်။

**မောင်စိုးဝင်း**

## Condo ကွန်ဒို(အသစ်)ရောင်းပါမည်

- ပေ (၁၂၀၀) Sq.ft အဆင့်မြင့်ပြင်ဆင်ပြီး၊ စမ်းချောင်းမြို့နယ်။
- (လူနေရန်၊ company ရုံးခန်းဖွင့်ရန်၊ ငှားစားရန်) အတွက် နေရာကောင်း။
- ကျွန်းပါကေးပြည့်၊ MBR(1),BR(1),Aircon(3)လုံး၊ ရေပူရေအေးစက်။
- ပထပ်ကွန်ဒို၊ ဒုထပ်ကွန်ဒို။ (အကျိုးဆောင်မလိုပါ)

ဖုန်း-၀၉-၅၀၇၁၁၄၄၊ ၀၉-၇၃၁၅၆၄၉၄

ဒေါက်တာခင်မောင်ညို ခေတ်ဆန်းချိန်နဲ့ လူငယ်ဂဏ္ဍ

ဗိုင်ယာရီ ဒေါက်တာကျော်တင်

## ရောင်းရန်ရှိသည်

ကမာရွတ်မြို့နယ်၊ ဆင်မလိုက်ဈေးအနောက်ဘက်၊ ပေ(၂၄×၅၀)။

**ဖုန်း-၀၉-၇၃၁၈၆၆၇၇၊ ၀၁-၇၀၆၈၇၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၆-၂၀၁၄ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂) ကန့်ကွက်ကြော်ငြာ သာကေတမြို့နယ် GP ဦးမြတ်မောင်နိုင်(ခ) ဦးဖေမောင်ဇော်၏ မြေပုံကူးတွင် GPဦးမြတ်အောင်နိုင်[၁၂/သဃက(နိုင်)၁၀၂၀၃၅]အစား GP ဦးမြတ်မောင်နိုင်(ခ)ဦးဖေမောင်ဇော် [၁၂/သဃက(နိုင်)၁၀၂၀၃၅]ဟု ဖတ်ရှုပါရန်။

CRT, LCD, Plasma, OLED TV

(LCD TV)

MYANMAR

MBA

PhD

ဖေလင်းသစ် ဘဝစာမျက်နှာသစ်

## အများသိစေရန်

ကျွန်မ၏မိတ်ဆွေ ဒေါ်ပပ[၁၄/ဝခမ(နိုင်)၁၂၄၄၄၆]၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်ပါသည်။ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၅)ရပ်ကွက်၊ မြေကွက်အမှတ်(၁၀၀၇)ဟုခေါ်တွင်သော ပေ(၄၀×၆၀)အကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်အေးအေး အမှတ်(၃၅)၊ ဗိုလ်ဥတ္တမလမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်တွင်နေသူက မိမိတစ်ဦးတည်း ပိုင်ဆိုင်ကြောင်း ပြောဆိုရောင်းချရန် ကမ်းလှမ်းလာသဖြင့် ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ပေးချေ ထားပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်မှု တစ်စုံတစ်ရာရှိပါက (၁၅)ရက်အတွင်း ကန့်ကွက်လိုလျှင် ဒေါ်ခင်သန်းအေးထံ ခိုင်လုံသောအထောက်အထား အပြည့်အစုံဖြင့် အောက်ပါလိပ်စာအတိုင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်ခင်သန်းအေး**
**B.Com,H.G.P,R.L,W.I.P.O(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(၆၀၉၅)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၃)F၊၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၅၄၅)၊ မြေကွက်တည်နေရာအမှတ်(၅၄၅)၊ ကေတုမတီလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးလှကြိုင်၊ ဦးသန်းလှိုင်၊ ဦးကျော်လှိုင်၊ ဦးတင်ဝမ်း၊ ဒေါ်မြင့်မြင့်ခင်၊ ဒေါ်ခင်နှင်းဆွေ၊ ဦးသန့်ဇင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (ဦးလှကြိုင်နှင့်ဦးသန်းလှိုင်) (လူပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ဦးကျော်လှိုင်[၁၂/ဗတထ(နိုင်)၀၂၂၅၈၃]၊ ဦးတင်ဝမ်း(အက်စ်အိုကေအေ-၀၇၀၈၂၂)၊ ဒေါ်မြင့်မြင့်ခင်(ဂျီ/အာဂျီအင်န်-၀၂၅၀၇၄)၊ ဒေါ်ခင်နှင်းဆွေ(အက်စ်/အိုကေအေ-၀၅၀၂၈၆)၊ ဦးသန့်ဇင်(အက်/အိုကေအေ-၀၇၀၈၂၃] တို့က မောင်နှမအရင်းများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရောင်းမည်

တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီးပေါ်၊ ၉-လွှာ၊ Pent house၊ ပေ(၄၈×၇၃)၊ Sqft -3504 1MB, 1B, 2A/C, ပါကေးခင်း Lift.

**Ph:09-5160778, 09-5089945**

# ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ရွှေ့ပြောင်းလူဦးရေစာရင်းဆိုင်ရာ ရှင်းလင်းခြင်း အခမ်းအနားကျင်းပ

## ရွှေ့ပြောင်းလူဦးရေစာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ သန်းကျော်ရှိကြောင်း ထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၃၀**

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်း မရှိသည်မှာ ၁၉၈၃ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း ၃၀ ကြာပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်းကောက်ယူခြင်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိဆောင်ရွက်ခဲ့သည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှရရှိသော ရွှေ့ပြောင်းလူဦးရေစာရင်းအရ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ၂၀၁၄ ခုနှစ် မတ် ၂၉ ရက် ညသန်းခေါင်ယံအချိန်ရှိနေကြသော(ပြည်ပရှိမြန်မာသံရုံးများမှ ဝန်ထမ်းများအပါအဝင်) မြန်မာနိုင်ငံ၏လူဦးရေမှာ ၅၁၄၁၉၄၂၀ ဖြစ်ကြောင်း၊ ကျား ၂၄၈၂၁၁၇၆ ဦး၊ မ ၂၆၅၉၈၂၄၄ ဦးဖြင့် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁ ဒသမ ၇ သန်းပိုကြောင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ထုတ်ပြန်လိုက်သည်။

အဆိုပါလူဦးရေသည် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် စာရင်းမကောက်နိုင်သည့် **စာမျက်နှာ ၉ ကော်လံ ၃ သို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် မိန့်ခွန်းပြောကြားမည်

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့်မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နှင့် ၂ ရက်နေ့တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်သည်။

အဆိုပါမိန့်ခွန်းအပြည့်အစုံကို စက်တင်ဘာ ၁ ရက်ထုတ် သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ယနေ့မာတိကာ


**အစိမ်းရောင်စွမ်းအင်များ**

စာမျက်နှာ - ၂

**မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင် သုံးနိုင်ငံ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဩဂုတ် ၃၁ ရက်တွင် စင်ကာပူ၌ ယှဉ်ပြိုင်ထိုးသတ်မည်**

စာမျက်နှာ - ၅

**ကမ္ဘာ့ရုပ်ရှင်လောက၏ ရှေးအကျဆုံးရုပ်ရှင်ပွဲတော် ဆက်လက်ကျင်းပ**

စာမျက်နှာ - ၁၂

**ချယ်လ်ဆီးတိုက်စစ်မှူး ဖာနန်ဒိုတောရက်စ် နှစ်ရာသီအငှားစာချုပ်ဖြင့် အေစီမီလန်သို့ ပြောင်းရွှေ့**

စာမျက်နှာ - ၁၃


# မူလရုပ်သွင်ပြန်လည်မြင်၍ သက်ဝင်လှုပ်ရှားအကျိုးများမည့် ဘိုးဘွားအမွေအနှစ် ပန်းလှိုင်မြစ်ကြီး စတင်တူးဖော်နေပြီ

**သတင်းဆောင်းပါး-သပြေထွန်း၊ ဝင်းမြင့်ကျော် (ညောင်တုန်း) ဓာတ်ပုံ-ဆည်မြောင်းဦးစီးဌာန**



၂၀၁၄ ခုနှစ် ဒုတိယရေတံခါးအနီး ပန်းလှိုင်မြစ်ကြောင်းအခြေအနေပြကောင်းကင်ဓာတ်ပုံ။

နိုင်ငံတော်အစိုးရသည် နိုင်ငံအဝန်း အကြားအလပ်မရှိ အဘက်ဘက်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်ဆောင်ရွက်မှုလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိပါသည်။ ထိုဆောင်ရွက်ချက်များထဲတွင် နှစ်ပေါင်းများစွာ ပျောက်ကွယ်လုနီးပါးထိ တိမ်ကောနေသော ပန်းလှိုင်မြစ်ကြောင်းအား တူးဖော်ပေးမည့် လုပ်ငန်းစီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထို့အပြင် စပါးသီးနှံနှင့် အခြားသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ရေကြီးနစ်မြုပ်မှုလျော့ပါးသက်သာစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်လာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရေးစသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအား ရှေးရှုဦးတည်၍ အချိန်တိုအတွင်းပြီးစီးအောင်မြင်၍ အကျိုးခံစားရစေနိုင်ပါသည့် ဆည်မြောင်းစီမံကိန်းများကိုလည်း စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

ဖော်ပြပါ ဆောင်ရွက်အကောင်အထည်ဖော်မှုများနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးနှစ်ခုအတွင်း တည်ရှိနေသည့် တိမ်ကောပျောက်ကွယ်လုနီးပါးဖြစ်နေသော ပန်းလှိုင်မြစ်ကြီးအား ဒေသအကျိုးနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့**

## မြန်မာနိုင်ငံနှင့် အာဆီယံစီးပွားရေးကဏ္ဍအပေါ် အမေရိကန်ကုမ္ပဏီများ၏ လေ့လာသုံးသပ်ချက်

ဩဂုတ် ၂၈ ရက်က နေပြည်တော်တွင်ကျင်းပသော အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးမှ ထုတ်ပြန်သော လေ့လာသုံးသပ်ချက်အရ အာဆီယံနိုင်ငံများရှိ အမေရိကန်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ခြင်း၊ လုပ်သားအင်အားတိုးချဲ့ခြင်းနှင့် ၂၀၁၅ ခုနှစ်တွင် အကျိုးအမြတ်တိုးပွားခြင်းများရှိလာမည်ဟု မျှော်မှန်းထားကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ ယင်းလေ့လာသုံးသပ်ချက်ကို အမေရိကန်ကုန်သည်ကြီးများအဖွဲ့နှင့် အမေရိကန်ကုန်သည်ကြီးများအဖွဲ့ (အာဆီယံ) တို့က ပြုလုပ်ခဲ့ပြီး အာဆီယံ ၁၀ နိုင်ငံရှိ အမေရိကန် အသေးစား၊ အလတ်စားနှင့် အကြီးစားကုမ္ပဏီပေါင်း **စာမျက်နှာ ၈ ကော်လံ ၅ သို့**




သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

## မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ် ၂၃ ဦး ရွေးချယ်

**ရန်ကုန် ဩဂုတ် ၃၀**

ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလား ဖိတ်ခေါ်ပြိုင်ပွဲကိုယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်းသည် အပြီးသတ်ကစားသမား ၂၃ ဦးကို ရွေးချယ်လိုက်ပြီဖြစ်သည်။ အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ ဖိလစ်ပိုင်၊ ပါလက်စတိုင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းမှာ ဆူဇူကီးဖလားခြေစစ်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ဆူဇူကီးဖလားခြေစစ်ပွဲအောင်မြင်ရေး ကြိုးပမ်းနေသည့် မြန်မာအသင်းအတွက် အကောင်းဆုံးပြင်ဆင်မှုဖြစ်လာမည်ဖြစ်သည်။ မြန်မာအသင်းမှာ ယခုပြိုင်ပွဲအတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့**


STI MYANMAR UNIVERSITY

OCTOBER INTAKE!

BE
Bachelor of Engineering
Civil & Architectural Engineering
Electronic Engineering

BBA
Bachelor of Business Administration
Management
Finance and Banking

MBA / MFS / MEd
Master of Business Administration
Master of Financial Services
Master of Education

MBA, MFS, MEd နှင့် BBA ဘွဲ့ကို The Open University of Hong Kong (OUHK) မှချီးမြှင့်ပါသည်။

Application Deadline: 29th Sept, 2014

Building-15, MICT Park, Hlaing Campus, Yangon. TEL: 377988, 507151/52, 09250064451, 0931702299, 09420254872

ကြေးမုံ Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2014 AUGUST 31, SUNDAY

STI MYANMAR UNIVERSITY
MBA BBA MED BE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

စီးပွားရေး

# အာဆီယံနိုင်ငံများတွင် ဆောင်ရွက်လျက်ရှိသော စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများနှင့် မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်မှု

**၂၀၁၅ ခုနှစ်မှာ အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရမယ့် အာဆီယံစီးပွားရေးအသိုက်အဝန်းလက်အောက်မှာ စားသုံးသူ အကာအကွယ်ပေးရေးကဏ္ဍဟာလည်း အရေးကြီးတဲ့ ကဏ္ဍတစ်ရပ်အနေနဲ့ ပါဝင်လျက်ရှိပါတယ်။ အာဆီယံနိုင်ငံများမှာ အာဆီယံစားသုံးသူ အကာအကွယ်ပေးရေးကော်မတီကို ဖွဲ့စည်းတည်ထောင်လျက် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။**

မျိုးမျိုးထိုက်

အာဆီယံစားသုံးသူအကာအကွယ်ပေးရေးကော်မတီကိုတည်ထောင်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ အာဆီယံစီးပွားရေးပေါင်းစည်းဆောင်ရွက်ရာမှာ အာဆီယံနိုင်ငံများမှ စားသုံးသူကာကွယ်ရေးလုပ်ငန်းတွေ အဆင့်မြင့်မြင့်နဲ့ ခိုင်မာတိုးတက်စေဖို့ ဖြစ်ပါတယ်။ အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီရဲ့လက်အောက်မှာ လုပ်ငန်းအဖွဲ့ (၃) ဖွဲ့ရှိ ပြီး လျင်မြန်စွာသတိပေးလှုံ့ဆော်မှုစနစ်နှင့် သတင်းအချက်အလက်ဖလှယ်ရေး လုပ်ငန်းအဖွဲ့၊ နိုင်ငံဖြတ်ကျော် စားသုံးသူ အရေးယူ ဆောင်ရွက်မှုလုပ်ငန်းအဖွဲ့နှင့် သင်တန်းပေးရေးနှင့် ပညာပေးရေးလုပ်ငန်းအဖွဲ့တို့ ဖြစ်ကြပါတယ်။ ဒီလုပ်ငန်းအဖွဲ့ရဲ့ လုပ်ငန်းတာဝန်တွေကတော့ အဓိကအားဖြင့် လုံခြုံစိတ်ချရမှုမရှိတဲ့ ထုတ်ကုန်တွေနဲ့ ပတ်သက်ပြီး အာဆီယံနိုင်ငံများအကြား သတိပေးထုတ်ပြန်ကြေညာတဲ့ လုပ်ငန်းနဲ့ သတင်းအချက်အလက် ဖလှယ်တဲ့လုပ်ငန်းတွေ၊ စားသုံးသူတွေအနေနဲ့ ဘေးဥပဒ်အန္တရာယ်ရှိတဲ့ကုန်စည်တွေ ဒါမှမဟုတ် သတ်မှတ်ဖော်ပြထားတဲ့ အာမခံချက်တွေနဲ့ မကိုက်ညီတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကြောင့် နစ်နာဆုံးရှုံးမှုတွေဖြစ်ပေါ်လာခဲ့ရင် စားသုံးသူတွေရဲ့ တိုင်တန်းမှုတွေကိုလက်ခံပြီး အရေးယူဖြေရှင်းဆောင်ရွက်ပေးတဲ့ လုပ်ငန်းတွေ၊ စားသုံးသူတွေကို စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတတွေ ဖြန့်ဖြူးပေးတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အာဆီယံနိုင်ငံအားလုံးဟာ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီက ချမှတ်လိုက်တဲ့ လုပ်ငန်းအစီအစဉ်အတိုင်း




စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြပါတယ်။ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီနဲ့အတူ အခြား ဆွေးနွေးဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ အာဆီယံ-ဩစတြေးလျ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် အဆင့် (၂)၊ အရှေ့တောင်အာရှစားသုံးသူကာကွယ်ရေး ကောင်စီနှင့် GS1အဖွဲ့အစည်း စတဲ့ အဖွဲ့အစည်းတွေနဲ့လည်း အကူအညီရယူပြီး ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ငန်းတွေရှိသလို ပူးပေါင်းဆောင်ရွက်သွားဖို့ဆွေးနွေးညှိနှိုင်းနေတာတွေလည်း ရှိပါတယ်။

အာဆီယံနိုင်ငံတွေရဲ့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဆောင်ရွက်မှုတွေကို အကျဉ်းချုပ်တင်ပြပါမယ်။ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံတွေ ပါဝင်ဖွဲ့စည်းထားတဲ့ အာဆီယံ (၁၀) နိုင်ငံအနက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကိုကမ္ဘောဒီးယားနိုင်ငံမှလွဲ၍ ကျန်တဲ့ကိုးနိုင်ငံမှာ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်မှာ ၂၀၁၄၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀ နဲ့ ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ အာဆီယံနိုင်ငံအားလုံးမှာ စားသုံးသူအကာအကွယ်ပေးရေးနဲ့ ဆက်စပ်တဲ့ ဥပဒေတွေဖြစ်တဲ့ အစားအသောက်၊ ဆေးဝါး၊ အလှကုန်ဆိုင်ရာ သီးသန့်ဥပဒေများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာဥပဒေများ၊ ဘဏ်၊ အာမခံ၊ ကြော်ငြာ စတဲ့ သက်ဆိုင်ရာကဏ္ဍအလိုက် ပြဋ္ဌာန်းထားတဲ့ဥပဒေများ အသီးသီးရှိကြပြီး စားသုံးသူတွေရဲ့ အခွင့်အရေးတွေကို အကာအကွယ်ပေးထားပါတယ်။ အာဆီယံနိုင်ငံတွေမှာ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန စသည်တို့မှ အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိကြပါတယ်။ မလေးရှားနိုင်ငံမှာဆိုရင် ပြည်တွင်းကုန်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် စားသုံးသူရေးရာဝန်ကြီးဌာနမှ အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံမှာတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ အခြားသက်ဆိုင်တဲ့ဝန်ကြီးဌာနတွေဖြစ်တဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန စသည်တို့မှလည်း

စာမျက်နှာ ၇ သို့ » »



# နေစရာအခက်ကြုံသော မြို့ပြနှင့် တန်ဖိုးနည်းအိမ်ရာအဖြေ

ရေးသူ-မြန်သပြေ

***ပြဿနာတိုင်းတွင် အဖြေရှိစမြဲဟု နားလည်ပြီး လူဦးရေများပြားလာသော မြို့ပြဒေသများ Urban Centers ၏ လူနေမှုအခက်အခဲအတွေ့တွေကို အဖြေရှာကြရမည်ဖြစ်ပါသည်။ မြို့ပြတွင် မြင်သာသော အခက်အခဲများအနက် မိသားစုနေစရာ အိမ်ပိုင်မရှိသည့်ဒုက္ခမှာ အလွန်လေးနက်သော ကိစ္စဖြစ်၍ ချက်ချင်းလက်ငင်း ဖြေရှင်းပေးနိုင်ရန် လိုအပ်ပါသည်။ Informal Settlements ဟု ပြောနိုင်သည့် ကျူးကျော်တဲငယ် အများအပြား တွေ့မြင်လာရခြင်း၊ စနစ်တကျ တည်ဆောက်ထားမှုမရှိဘဲ ပရမ်းပတာဖြစ်တည်လာသော ကျူးကျော်ရပ်ကွက်များ၊ လမ်း၊ ရေမြောင်း၊ ရေပေးစနစ်၊ လျှပ်စစ်ဓာတ်အားပေးစနစ်စသည့် အခြေခံအဆောက်အအုံမပြည့်စုံသော အဆင့်နိမ့်ရပ်ကွက်များ တွေ့မြင်နေရခြင်းသည် မြို့ပြကြီးထွားလာမှုနှင့်အတူ ပါလာသော ပြဿနာများပင် ဖြစ်ပါသည်။***

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၀၀၀၀ ကျော်၊ မြို့ပေါင်း ၃၀၀ ကျော်ရှိသည့်အနက် လူဦးရေ တစ်သိန်း အထက်နေထိုင်သည့် မြို့ပေါင်း ၃၁ မြို့ရှိပါသည်။ လူဦးရေ အများဆုံး နေထိုင်သည့် မြို့မှာ ရန်ကုန်မြို့ဖြစ်လေရာ နိုင်ငံလူဦးရေစုစုပေါင်း၏ ၁၂ ရာခိုင်နှုန်း လူဦးရေ ခြောက်သန်းခန့်နေထိုင်ကြကြောင်း သိရပါသည်။ လူဦးရေသန်းချီပြီး နေထိုင်လာသော မြို့ပြတိုင်းတွင် မိသားစုနေစရာ အိမ်ခန်း အခက်အခဲဖြေရှင်းပေးရန် အရေးကြီးပြဿနာ ဖြစ်တတ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် မြို့ပြဖွံ့ဖြိုးရေး Urban Development နှင့်အိမ်ရာဖွံ့ဖြိုးရေး Housing Development ကိုအကောင်အထည်ဖော်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ စနစ်ကျသော မြို့ပြဖွဲ့စည်းတည်ဆောက်မှုပုံစံ Town Plan နှင့်စံမီသော၊ သင့်လျော်ကောင်းမွန်သော အိမ်ရာများ Decent Housing ဖြစ်ပေါ်လာရေးသည် တစ်ခုနှင့်တစ်ခု နီးကပ်စွာ ဆက်သွယ်နေသော ကဏ္ဍ(၂)နှစ်ရပ်ဖြစ်ပါသည်။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် မြို့ပြနှင့်ဒေသစီမံကိန်းရေးဆွဲရေးဌာနနှင့် အိမ်ရာစီမံကိန်းများ ကြီးကြပ်စီမံခန့်ခွဲသည့်ဌာနများ ပါဝင်ဖွဲ့စည်းထားသော ဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးဌာနတစ်ခုဖြစ်ပါသည်။

နေရေးကို အဖြေတွေး၊ စိတ်အေးဖို့ များပြည်သူ အိုးအိမ်ကကူ ဆိုသည့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ရည်ရွယ်ချက်မှာ မြို့ပြဒေသတွင် မိသားစုနေစရာ အခက်ကြုံနေသော ဝင်ငွေနည်းလက်လုပ်လက်စား ပြည်သူများအတွက် မျှော်လင့်ချက်ဖြစ်ခဲ့ပါသည်။

ရန်ကုန်မြို့ကြီးထွားလာမှုနှင့်အတူ စံမမီသော ကျူးကျော်အိမ်များ၊ ကျူးကျော်တဲများပေါ်ပေါက်လာသဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက မြို့ကွက်သစ်၊ လူနေရပ်ကွက်သစ်များ ဖော်ထုတ်ပြီး အိမ်ပိုင်၊ မြေပိုင် မရှိသူများအား ပေ (၂၀×၆၀) မြေကွက်များ နေရာချထားပေးခဲ့သည့် ဆောင်ရွက်မှုများကို ပြည်သူများ နှစ်မြို့က်ခဲ့ကြပါသည်။

Site and Services ဟုခေါ်သည့် မြို့ကွက်သစ်၊ ရပ်ကွက်သစ် ဖော်ထုတ်ခြင်းနည်းလမ်းကို ၁၉၆၀၊ ၁၉၇၀၊ ၁၉၈၀၊ ၁၉၉၀ ပြည့်နှစ်များအတွင်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇၀၀၀၀ ကျော်လာပြီး မြို့ကြီးပြကြီးများမှာ လူဦးရေ ၁၀ သန်းကျော်အထိ မဟာမြို့ကြီးများ Mega Cities ဖြစ်လာသော ယနေ့မျက်မှောက်ကာလတွင် မြို့ပြတိုးချဲ့ရေးမှာ အလွန်ခက်ခဲသော ကိစ္စဖြစ်လာပါသည်။ မြို့ပြတိုးချဲ့ရန် မြေနေရာ အခက်အခဲကြီးမားပြီး အခြေခံအဆောက်အအုံ တည်ဆောက်စရိတ်မြင့်မားမှုကြောင့် မြေနေရာရှားပါးသော ကျွန်းနိုင်ငံများဖြစ်သည့် စင်ကာပူ၊ ဟောင်ကောင်တို့ကို နမူနာယူပြီး မြို့ပြကို အလျားလိုက် Horizontal Expansion မတိုးချဲ့တော့ဘဲ ဒေါင်လိုက်ချဲ့ထွင်ခြင်း Vertical Expansion Policy ဖြင့် Compact Cities များ ပြောင်းလဲဖော်ထုတ်လာကြသည်ကို နိုင်ငံအတော်များများတွင် တွေ့မြင်နိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ရန်ကုန်မြို့နေ ကိုယ်ပိုင်အိမ်ခန်းမရှိသေးသော ဝင်ငွေအလယ်အလတ်ရှိသူ မိသားစုများ စုဆောင်းငွေဖြင့် ဝယ်ယူနိုင်စွမ်းရှိအောင် တန်ဖိုးသင့်အိမ်ရာ Affordable Housing များ တည်ဆောက်ရန် စီစဉ်ခဲ့ပါသည်။

အိမ်ရာလိုအပ်ချက် Housing Demand and Supply မမျှမတဖြစ်နေသည်ကို သတိပြုမိသဖြင့် အိမ်ရာစီမံကိန်းတစ်ခု ဆောင်ရွက်တိုင်း အိမ်ခန်းအရေအတွက်များများ ထုတ်လုပ်ပေးနိုင်အောင် အထပ်နိမ့်အိမ်ရာဆောက်လုပ်မှု လျှော့ချပြီး ငါးထပ်၊ ခြောက်ထပ်အထပ်မြင့်အိမ်ရာများကို ဦးစားပေး၍ ဆောက်လုပ်ခဲ့ပါသည်။

ထင်ရှားသော သာဓကအနေဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရတနာလမ်းမကြီးနှင့် ဧရာဝဏ်လမ်းမကြီးအနီးတွင် အိမ်ရာစီမံကိန်းဆောင်ရွက်နိုင်သော မြေဧက ၂၂၀ ကို မူလက လုံးချင်းအိမ်ရာများ ဆောက်လုပ်နေထိုင်ရန် မြေနေရာချထားပေးသည့် အစီအစဉ်ကို ပြောင်းလဲပြီး အိမ်ခန်းယူနစ်ပေါင်း ၁၉၆၀၀ ယူနစ် ရရှိလာမည့် ၂၄ ခန်းတွဲ ၁၈ ထပ် အိမ်ရာအဆောက်အအုံ ၄၉ လုံးပါဝင်သော Master Plan ရေးဆွဲတည်ဆောက်ခြင်းဖြစ်ပါသည်။

ဧရာဝဏ်/ရတနာအိမ်ရာစီမံကိန်းကို သမားရိုးကျ RCC နည်းပညာဖြင့် လေးထပ်၊ ခြောက်ထပ်၊ ကိုးထပ်၊ ၁၂ ထပ်ထိ ဆောက်လုပ်ရန် စဉ်းစားသုံးသပ်ခဲ့ပြီး ဆောက်လုပ်မှုပိုမိုမြန်ဆန်စေရန် တစ်ခေတ်ဆန်းစေလိုသော ရည်မှန်းချက်ပါထားရှိပြီး Precasting နည်းပညာဖြင့် Pre Fabricating နည်းပညာများ အသုံးပြု၍ မြန်၊ ကောင်း၊ သက်သာဖြစ်စေရန် မူဝါဒချမှတ်ခဲ့ပါသည်။

အထပ်မြင့် ၁၈ ထပ်တိုက် ၄၉ လုံး တည်ဆောက်ခြင်းဖြင့် လူဦးရေ တစ်သိန်းနီးပါး နေထိုင်နိုင်မည့် Infrastructure အဆင့်အတန်းမြင့်သော လူနေရပ်ကွက်တစ်ခုကို မြေဧရိယာ ၂၂၀ ဧကသာ အသုံးပြု၍ စီမံဖန်တီးနိုင်ရန် ဖြစ်ပါသည်။ အထပ်မြင့်အိမ်ရာသစ်များဖြင့် ဖွံ့ဖြိုးတိုးတက်လာသော မဟာရန်ကုန်မြို့ပြ မြင်ကွင်းကို သစ်လွင်စေရန်လည်းဖြစ်သည်။

**ဝင်ငွေနည်းမိသားစုများ တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းကို ဝယ်ယူနေထိုင်နိုင်အောင် မိသားစု၏ စုဆောင်းငွေကျပ်သိန်း ၃၀ ခန့် ရှိရန်လိုအပ်ပါသည်။ အိမ်ခန်းတန်ဖိုး ကျပ်သိန်း ၁၀၀ ဖြင့် ရောင်းချပါက ကနဦး ပထမအရစ် ၃၀ ရာခိုင်နှုန်းပေးသွင်းရမည်ဖြစ်၍ မိသားစု၏ စုဆောင်းငွေ သိန်း ၃၀ လိုအပ်။**

မိသားစုငါးဦး ကောင်းမွန်စွာ နေထိုင်နိုင်ရန် အိမ်ခန်းတစ်ယူနစ်လျှင် Floor Area ၆၀၀ စတုရန်းပေ သတ်မှတ်ပေးထားပြီး အိပ်ခန်း နှစ်ခန်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာနှင့်ဧည့်ခန်း၊ တစ်ခန်းစီ ပါရှိမည်ဖြစ်၍ အဆင့်အတန်းရှိနေသော လူနေအိမ်ရာများ ဖြစ်လာပါမည်။ အထပ် ၁၈ ထပ်အတွက် ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ မီးငြိမ်းသတ်ရေး၊ ပံ့မှန်အသုံးပြုရန် ဓာတ်လှေကားနှစ်စင်းနှင့် လေဝင်လေထွက်ကောင်းမွန်သော စိမ်းလန်းစိုပြည်သော လူနေမှုပတ်ဝန်းကျင် Liveable environment ကို ဖန်တီးတည်ဆောက်ပေးသွားရန် စီစဉ်ထားခြင်းလည်း ဖြစ်ပါသည်။

အဆင့်အတန်းရှိသော အိမ်ရာပတ်ဝန်းကျင်ကောင်းကို စီမံဖန်တီးပေးခြင်းဖြစ်၍ တည်ဆောက်စရိတ်သက်သက် မြေတန်ဖိုးထည့်မတွက်ဘဲ ရောင်းချပေးမည့် တန်ဖိုးမှာ အိမ်ခန်းတစ်ယူနစ် ကျပ်သိန်း ၂၀၀ ဖြစ်၍ တန်ဖိုးထပ်မံလျှော့ချရန် မဖြစ်နိုင်သဖြင့် ပြည်သူများ ဝယ်ယူနေထိုင်ကြစေရန်မှာ လစဉ်ပေးသွင်းသည့်စနစ်ဖြင့် နှစ်ရှည်အရစ်ကျဆပ် ဝယ်ယူခွင့်ပေးနိုင်ရန် လိုအပ်ပါသည်။ အရစ်ကျဆပ်နှစ်ရှည်အိမ်ဝယ်ချေးငွေ ထုတ်ပေးသည့်စနစ်မှာ နိုင်ငံအတော်များများတွင် အောင်မြင်နေသော စနစ်ဖြစ်၍ မြန်မာနိုင်ငံတွင်လည်း ကျင့်သုံးနိုင်မည်ဟု ယူဆပါသည်။

ဂျပန်နိုင်ငံတွင် မိသားစုတိုင်း အိမ်ခန်းတစ်ခန်း ပိုင်ဆိုင်ခွင့်ရစေရေးမူဝါဒဖြင့် အိမ်ခန်းဝယ်ယူရန်၊ ကိုယ်ပိုင်မြေတွင် အိမ်ပြုပြင်ဆောက်ရန် Government Housing Loan Corporation (GHLC) က အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေထုတ်ပေးခဲ့ကြောင်း သိရပါသည်။ ဒုတိယကမ္ဘာစစ်အပြီး နှစ်ပေါင်း ၂၀ ခန့်အတွင်း ဂျပန်နိုင်ငံဒေသအားလုံးတွင် မိသားစုတိုင်း အိမ်ခန်းတစ်ခန်းစီ အပိုင်သို့မဟုတ် အငှားဖြင့် နေထိုင်နိုင်ကြပြီဖြစ်ကြောင်း သိရှိရပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် ဝင်ငွေနည်းမိသားစုများ ဝယ်ယူနိုင်စွမ်းရှိစေမည့် တန်ဖိုးနည်းအိမ်ရာ Lost Cost Housing Projects များကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေးမြို့၊ ပုသိမ်မြို့များတွင် ဆောင်ရွက်ရန် စီမံကိန်းများ စတင်ဆောင်ရွက်နေကြောင်းသိရပါသည်။

တန်ဖိုးနည်းအိမ်ရာစီမံကိန်းဆိုသော်လည်း တဲအိမ်များ၊ တန်းလျားများမဟုတ်ဘဲ အဆင့်အတန်းရှိသော လေးထပ်အခန်းတွဲ တိုက်ခန်းများ ဆောက်လုပ်မည်ဖြစ်သည်။ မိသားစုနေထိုင်ရန် သင့်တင့်သောအကျယ်အဝန်း၊ ရေ၊ လျှပ်စစ်မီး၊ မိလ္လာစနစ်၊ ရေစီးရေလာနှင့် လမ်းပန်းကောင်းမွန်မှု အားလုံးပါဝင်သဖြင့် အဆင့်အတန်းရှိသည်ဟု ဆိုရခြင်းဖြစ်ပါသည်။

တန်ဖိုးနည်းစေရန် စီမံကိန်းမြေတန်ဖိုးကို ထည့်သွင်းတွက်ချက်ခြင်းမပြုဘဲ ဝင်ငွေနည်းပြည်သူများအတွက် နိုင်ငံတော်အစိုးရက Subsidize လုပ်ပေးထားသည်။ လမ်းခင်းခြင်း၊ ရေမြောင်းများ၊ ရေတံခါးများဆောက်ရွက်ခြင်း၊ လျှပ်စစ်မီးနှင့် ရေပေးဝေရေးစနစ်များတည်ဆောက်ခြင်းစသည့် Infrastructure Cost ကိုလည်း နိုင်ငံတော်အစိုးရကပင် ကျခံပေးရန် တင်ပြခြင်းလည်းတွေ့ရသည်။ တိတိကျကျပြောရလျှင် တန်ဖိုးနည်းအိမ်ရာ အဆောက်အအုံတည်ဆောက်စရိတ်သက်သက်ဖြင့် အိမ်ခန်းတစ်ခန်းကို ကျပ်သိန်း ၁၀၀ ခန့် ကုန်ကျပါသည်။

ဝင်ငွေနည်းမိသားစုများ တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းကို ဝယ်ယူနေထိုင်နိုင်အောင် မိသားစု၏ စုဆောင်းငွေကျပ်သိန်း ၃၀ ခန့်ရှိရန်လိုအပ်ပါသည်။ အိမ်ခန်းတန်ဖိုး ကျပ်သိန်း ၁၀၀ ဖြင့် ရောင်းချပါက ကနဦး ပထမအရစ် ၃၀ ရာခိုင်နှုန်းပေးသွင်းရမည်ဖြစ်၍ မိသားစု၏ စုဆောင်းငွေ သိန်း ၃၀ လိုအပ်ခြင်းဖြစ်သည်။ တိုက်ခန်းတန်ဖိုး၏ ကျန်ငွေ ၇၀ ရာခိုင်နှုန်း သိန်း ၇၀ ကို လစဉ်အရစ်ကျပေးသွင်းသွားရန် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHD Bank) ကကူညီပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

တန်ဖိုးနည်းအိမ်ရာများကို ဝင်ငွေနည်းပြည်သူများ အရစ်ကျပေးသွင်းစနစ်ဖြင့် ဝယ်ယူနေထိုင်နိုင်ကြပါက မြို့ပြဒေသတွင် နေစရာအခက်ခဲပြဿနာ ပြေလည်စေရုံမျှမက ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပတ်ဝန်းကျင် Healthy Living Environment ကို ဖန်တီးပေးနိုင်၍ ဒေသဖွံ့ဖြိုးမှုနှင့် ပြည်သူလူထု၏စီးပွားရေးအခြေအနေတိုးတက်ဖွံ့ ဖြိုးမှုကိုပါ ကြီးမားစွာအထောက်အကူပြုသွားနိုင်ပါသည်။

မြို့ပြဆိုင်ရာစီးပွားရေးပညာရှင်များ၏ အကြံပြုချက်မှာ ဝင်ငွေနည်းပြည်သူများအား တန်ဖိုးနည်းအိမ်ရာများတွင် အဆင့်အတန်းရှိရှိနေထိုင်နိုင်အောင် မြှင့်တင်ပေးခြင်းအားဖြင့် မိသားစုများ၏ ဝင်ငွေပြောင်းလဲတိုးတက်လာမှု၊ ပညာရေးနှင့်အသိအမြင်တိုးတက်လာမှု၊ မိသားစုများ၏ ဝယ်ယူစားသုံးနိုင်မှုမြင့်တက်လာခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းငယ်များ ပိုမိုလုပ်ကိုင်ထူထောင်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဟု သိရပါသည်။

ရန်ကုန်မြို့တွင် လူဦးရေတိုးပွားများပြားလာမှုနှင့်အတူ နေစရာအခက်အခဲရှိနေသော မိသားစုများလည်း အတော်အတန် များပြားလာနေသည်ကို သတိပြုမိကြမည်ဖြစ်ပါသည်။ သက်ဆိုင်ရာဒေသအာဏာပိုင်များ ကောက်ယူခဲ့သော စာရင်းအရ ကျူးကျော်တဲအိမ်များ ၃၀၀၀၀ ကျော်ရှိသည်ဟုသိရပါသည်။

တန်ဖိုးနည်းအိမ်ရာဝယ်ယူလိုသည့် Housing Demand မှာ အမှန်တကယ်အားဖြင့် နှစ်သိန်းကျော်ရှိပါသည်။ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပွဲဦးထွက်စတင်ရောင်းချမည်ဖြစ်ရာ ဝယ်ယူခွင့်လျှောက်ထားသူပေါင်း တစ်သိန်းကျော်ရှိနေပါသည်။ တန်ဖိုးနည်းအိမ်ရာ ရောင်းချမှုစနစ်ကိုလည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် အများပြည်သူအား ပွင့်လင်းမြင်သာစွာ မဲနှိုက်ရောင်းချမည်ဖြစ်ပါသည်။ ဝယ်ယူခွင့်မဲပေါက်သူသည် မိသားစုမှ အမှန်တကယ်နေထိုင်ကြရန်ဖြစ်ပြီး ငါးနှစ်ပြည့်ပြီးမှသာ တရားဝင်လွှဲပြောင်းရောင်းချခွင့်ပြုမည်ဖြစ်ပါသည်။

ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ တစ်ခန်းမှာ အကျယ်အဝန်း(၁၈×၂၆)ပေဖြစ်၍ ဧရိယာစတုရန်းပေအားဖြင့် ၄၆၈ စတုရန်းပေရှိပါသည်။ မြန်မာလူမျိုးတို့၏ လူနေမှုဘဝဓလေ့ထုံးစံအရ မိသားစုအတူတကွ နှစ်ပေါင်းများစွာ တစ်အိုးတစ်အိမ်တည်းနေထိုင်သည်ကို အခြေခံစဉ်းစားပြီး တန်ဖိုးနည်းအိမ်ရာပင်ဖြစ်သော်လည်း မိသားစုငါးဦး နေထိုင်နိုင်ရန် ရည်ရွယ်ဆောက်လုပ်ရပါသည်။

ဝင်ငွေနည်းပြည်သူများ တိုက်ခန်းဝယ်ယူရာတွင် နေ့စဉ်စားသောက်ရေးနှင့် လူမှုစရိတ်များကို မထိခိုက်စေဘဲ လစဉ်အရစ်ကျပေးသွင်းစနစ်ဖြင့် စိတ်ချမ်းမြေ့စွာဝယ်ယူနိုင်ကြစေရန် နှစ်ရှည်ဘဏ်ချေးငွေ နှစ် ၂၀ ထိ ရရှိစေရမည်ဖြစ်ပါသည်။ ထိုသို့ နှစ်ရှည်ဘဏ်ချေးငွေများ ရရှိနိုင်ရန်အတွက် ပြည်သူများမှ ငွေစုဆောင်းသောအလေ့အကျင့်ရှိရန်လိုအပ်ပါသည်။ အလုပ်လုပ်သောပြည်သူများအတွက် တစ်ဦးချင်းစုဆောင်းငွေစနစ် Myanmar provident Fund ထူထောင်ရန်နှင့် အငြိမ်းစားယူသည့်အခါ ကိုယ်ပိုင်အိမ်ခန်းဖြင့် နေထိုင်နိုင်ရန် ဆောင်ရွက်မည့်အစီအစဉ်များကိုလည်း ကြားသိရသဖြင့် ဝမ်းမြောက်မိပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် DHSHD Always Serving For Better Living ဟူသောဆောင်ပုဒ်ဖြင့် ပြည်သူလူထုအတွက် သင့်တော်ကောင်းမွန်သော အိမ်ရာလူနေမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်းတွေ့ရသဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်မှ တစ်တပ်တစ်အားပါဝင်နေခြင်းဖြစ်သည်ဟု ဂုဏ်ယူဖွယ်ဖြစ်ပါသည်။

မြို့ပြကြီးထွားလာခြင်းနှင့် လိုက်လျောညီထွေစွာ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ၊ တန်ဖိုးသင့်တင့်သော အိမ်ရာစီမံကိန်းများကို စနစ်တကျဖြည့်ဆည်းတည်ဆောက်ပေးခြင်းသည် နေစရာအခက်အခဲမကြုံတွေ့စေရန် မှန်ကန်သည့် အဖြေဖြစ်သည်ဟုဆိုချင်ပါသည်။ မြို့ပြစီးပွားရေးရှုထောင့်မှကြည့်လျှင်လည်း Housing Sector တွင် ရင်းနှီးမြှုပ်နှံခြင်းမှာ နှိုင်းယှဉ်အကျိုးကျေးဇူးရလဒ်ကောင်းသော ရင်းနှီးမြှုပ်နှံမှုဖြစ်ပါသည်။ မိသားစုတိုင်း လုံခြုံသော အမိုးအကာအောက်ရောက်စေရန် Safer Settlement ခေါ်သည့် မြို့ပြစီမံကိန်းနှင့်အိမ်ရာစီမံကိန်းများကို ဟန်ချက်ညီပေါင်းစပ် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ■

# မြန်မာ့လူနေမှုအဝန်းအဝိုင်းမှ ထန်းပဒေသာပင်

ရာမည-သွေးမွှန်

မိမိတို့မြန်မာများသည် ထန်းပင်နှင့်ခွေးရောယှက်တင်၊ ငယ်ပေါင်းကြီးဖော်များသာဖြစ်သည်။ မြန်မာ့လူနေမှုဘဝ တစ်လျှောက် ထန်းပင်နှင့် လက်ပွန်းတတီးရှိနေတတ်သည်။ မြန်မာ့လယ်ယာမြေမှ ရှင်သန်ထွန်းပေါက်လာသော မြန်မာ့ထန်းပင်သည် ပြည်တစ်ဝန်းသာမက ကမ္ဘာသို့ပင် အသွင်ပြောင်းထန်းလျက်များအဖြစ် ခြေဆန့်လျက်ရှိနေပြီ ဖြစ်သည်။

တစ်လောက သတင်းတစ်ပုဒ်တွင် ထန်းပင်များ၊ သစ်ဝါးရှားပါးသော အရပ်တို့တွင် ခုတ်လှဲကာသစ်ဝါးများ၏ တာဝန်များကို အိမ်တိုင်မျောတိုင်များအဖြစ် အစားထိုးထမ်းဆောင်နေကြရကြောင်းကို တုံးလုံးပက်လက်ထန်းပင်များ သတင်းဓာတ်ပုံနှင့်တကွ နှမြောဖွယ် တွေ့မြင်ဖတ်ရှုလိုက်ရပါသည်။ နောက် ထန်းတက်သမားများ ရှားပါးလာသဖြင့် မြန်မာထန်းလျက်များအထွက်နှုန်းကျ၍ ဈေးနှုန်းမြင့်လာကြောင်းကိုပါ ဖတ်လိုက်ရသည်။ ထန်းတောင်သူတို့အတွက် ထုတ်လုပ်မှုကိုက်မကိုက်ကိုလည်း ဆန်တစ်ပြည်ဈေးနှုန်းနှင့် ထန်းလျက်တစ်ပိဿာဈေးနှုန်း နှိုင်းယှဉ်နိုင်ကြောင်းဟူ၍ ဗဟုသုတရလိုက်ပါသည်။

ထို့နောက်မှ တစ်နေ့ (ကြေးမုံ ၁၃/၁၀)က ဆရာကြီး တက္ကသိုလ်တင်ခ၏ "သာတန်ဆောင် ဝါခေါင်လတွင် ထန်းပင်စိုက်ကြပါ"ဆောင်းပါးကို ကျေးဇူးတင်စွာဖတ်လိုက်ရပြန်ပါသည်။ အထောက်အထားကိန်းဂဏန်းများဖြင့် မြန်မာ့နယ်မြေတစ်ဝန်းရှိ ထန်းပင်စိုက်ပျိုးမှုအခြေအနေကို သိရှိလိုက်ရသည်။ အကျိုးရှိလှပါသည်။

အမှန်ကိုဆိုရပါမူ မိမိသည် ကျမ်းစာ၊ သုသေတနစာတမ်းများ လက်လှမ်းတမီ ရှာဖွေဖတ်ရှုနေသော်လည်း ထန်းပင်စိုက်ဇော၊ ထန်းပင်စိုက်ပျိုးခြင်းနှင့် ပတ်သက်သော စာရင်းဇယားများ မတွေ့မိပါ။ ဖော်ပြခဲ့သော် သတင်းဆောင်းပါးများကြောင့် မိမိ၏စိတ်ရင်း ထန်းတောများ ပါးလျားလာမှုစိတ်အနွှမ်းကို သက်ဆက်လန်းဆန်းစေခဲ့ပါသည်။ ဆရာကြီးဆောင်းပါးတွင် ဖော်ပြထားသော "နိုင်ငံတော်က ၁၉၉၈ ခုနှစ် ထန်းနှစ်ဟု သတ်မှတ်ပြီး ထန်းပင်ပေါင်း နှစ်သန်း စိုက်ပျိုးစေခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင်လည်း ထန်းပင်ပေါင်း ငါးသန်းစိုက်ပျိုး စေခဲ့သည်" ဟု ဆိုပါသည်။ သို့ဖြစ်ပါက နိုင်ငံတော်ကလည်း အားပေးထောက်ကူပြုခဲ့သည်ပင်။ လက်ရှိထန်းပင်စိုက်ပျိုး ဧရိယာတိုးတက်ရေး၊ ပင်ရေ ဆက်လက်ပွားများရေးအလားတူ အစီအမံများဖြင့် ဆောင်ရွက်သင့်ပါသည်။

မိမိသည် သစ်တောသစ်ပင် ချစ်မြတ်နိုးသူတစ်ယောက်ဖြစ်ပါသည်။ သို့ဖြင့်တောင်သူတို့၏ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရနိုင်သော၊ မူလလယ်လုပ်ငန်းကိုလည်း ထိခိုက်မှုမရှိသော ထန်းစိုက်စီးပွားရှုထောင့်၊ လူမှုရေးမြင်ထောင့်များကို ဖတ်ရှုသိနားလည်နေရသော်လည်း မြန်မာတို့ကို အထူးသဖြင့် ကျေးလက်နေသူတို့ကို ကျန်းမာရေးမြင်ထောင့်မှ မည်မျှအထောက်အကူပြုနေသည်ကို သိချင်နေပါသည်။ ထန်းပင်သည် တိုင်းရင်းဆေးဝါးအဖြစ်မည်မျှ အကျိုးပြုနေပါသနည်း။ ထန်းပင်သည် မြန်မာ့လူနေမှုဘဝကို စီးပွားရေးသာမက၊ သားစဉ်မြေးဆက် အကျိုးပြုနေသည့်နည်းတူ ရိုးရာတိုင်းရင်းဆေးဝါးအမြင်မှ မည်သို့အကျိုးပြုနေသည်ကို ဤဆောင်းပါးဖြင့် ဖော်ပြလိုရင်းဖြစ်ပါသည်။

ထန်းပင်သည် မြန်မာ့လူနေမှုဘဝတွင် ကျေးလက်တောနေ လယ်ယာမြေမှသည် နိုင်ငံတစ်ဝန်း၊ ကမ္ဘာတစ်ဝန်းသို့တိုင်ခြေဆန့်နေပြီလည်းဖြစ်သော မြန်မာ့ရိုးရာ အစားအစာစစ်စစ်၊ ထန်းလျက်များအကြောင်းအပြင်၊ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်အပင်များ ရှုထောင့်ကိုလည်း တစ်ဖက်က ဖော်ပြလိုသည် ဖြစ်ရာ ထန်းပဒေသာပင်ဆိုသည်နှင့်အညီ ထန်းတစ်ပင်လုံးဆေးဖက်ဝင်မှုအသုံးကိုရေးသားလိုပါသည်။

ရှေးဦးစွာ မြန်မာများ တွေ့ဖူးမြင်ဖူးပြီးဖြစ်သော်လည်း ခရီးဆောင်မြန်မာ အဘိဓာန် (နှာ-၁၄၆) တွင် ဖော်ပြထားချက်အရ အကိုင်းမထွက်သောအပင်မျိုးဖြစ်သည်။ ပင်စည်မတ်စောက်၊ လုံးချော၍ အဖျားတွင်သာ ယပ်ဝန်းပုံအရွက်ထွက်သည့် အပင်ကြီးမျိုးဖြစ်သည်။ (ကျေးမြီး၊ လက်မြော်၊ ဆင်ခြေပေါ်၊ သမီးလှ၊ ရည်ရ၊ ပင်ထွက်ဟူ၍ ပင်အရွယ်အလိုက်ခြောက်မျိုးရှိသည်)ဟု ပြသည်။ ထန်းပင်ထွက် ထန်းလျက်ကိုမူ ထန်းရည်ချိုကို ကျိုချက်ရာမှ ရရှိသောခဲဖွယ်ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။

ရင်ဘတ်ဒဏ်သင့်၊ သွေးဒေါသစသည်ကိုလည်း ပျောက်စေတတ်၏။ အသီးခိုင်များကို ပြာချ၍ သောက်သော် နှလုံးပူခြင်း ပျောက်၏။ အသီးစိမ်းမှ ကျသောရေကို သောက်သော် ကြို့ထိုးခြင်း ပျောက်၏။

အသီးမှည့်သည် ကြေခဲ၏။ အားကိုဖြစ်စေ၏။ ဆီးနှင့် သုက်ကို ပွားစေ၏။ ကျင်ကြီးကို ချုပ်စေ၏။ ထန်းစေ့ ကို အပင်ဖောက်၍ ထန်းပင်မြစ်အဖြစ် ပြုတ်၍၊ ဖုတ်၍ စားကြ၏။ လေငန်း၊ သွက်ချာပါဒ၊ ဆီးချိုရောဂါ တို့၌ အာဟာရအဖြစ်ဖြင့် သုံးသင့်၏။ အသီးမှည့်၏။ အနှစ်ကို လိမ်းကျံသော် အရေပြားရောဂါ ပျောက်ကင်း၏။

ထန်းရည်သည် ချို၏။ ကြေခဲ၏။ ဆီးကိုများစေ၏။ ဆီးအိမ်ကို သန့်ရှင်းစေ၏။ အိပ်ပျော်စေ၏။ မူးဝေစေ



ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ဝေသော "လက်တွေ့အသုံးချဆေးဖက်ဝင်အပင်များ ပေါင်းချုပ်" တွင် လည်းကောင်း၊ အရှင်နာဂသိန်၏ ပုံပြဆေး အဘိဓာန်(ဒုတိယတွဲ) မှလည်းကောင်း ဖတ်ရှုမှတ်သားရသည်များကို ဖော်ပြလိုက်ရပါသည်။ ထန်းပင်၏ ရုက္ခဗေဒ အမည်မှာ Borassus Flabellifer Linn ဖြစ်သည်။ ထန်းပင်တွင် အဖိုအမနှစ်မျိုးရှိသည်။ ထန်းနို့သာရပြီး အသီး မသီးသော အပင်နှင့် ထန်းနို့ရော အသီးပါရသော အပင်ဟူ၍ ဖြစ်သည်။

ထန်းပင်၏ ပဉ္စင်းပါးအရသာသည် ချို၏။ သတ္တိအေး၏။ ဝိပါက၌လည်း ချို၏။ အပင်သည် မူးယစ်စေ၏။ ကြေကျက်ခဲ၏။ ဝဖြိုးစေ၏။ သုက်ကို ပွားစေ၏။ အဆီကို ဖြစ်စေ၏။ အားကိုလည်း ဖြစ်စေ၏။ အမှည့်သည် ဆီးသုက်ကို ပွားစေ၏။ ငိုက်မြည်းစေ၏။

ထန်းတစ်ပင်လုံး အကျိုးအာနိသင်ပေးပါသည်။ အရသာအနေဖြင့်လည်း ရရှိသောအစိတ်အပိုင်း အားလျော်စွာဖြစ်၍ အကျိုးအာနိသင်မှာလည်း ကွဲပြားခြားနားကြသည်။

အသီးစိမ်းသည် အေး၏။ ချို၏။ အကာဖန်၏။ ဆိမ့်၏။ နုလျှင်ကြေလွယ်၏။ ရင့်လျှင် ကြေခဲ၏။ လေကို ချုပ်စေ၏။ အနည်းငယ် မူးယစ်စေ၏။ ဆီးဝမ်းကို ရွှင်စေ၏။ သီးနုစိမ်းမှာ အပေါ်ယံဖန်သောအခွံကို ဖယ်ရှား၍ဓားနှင့် ပါးပါးလှီးကာ သကြားနှင့်ရောစားကာ ပန်းနာ၊ သွေးအန်၊ သွေးကျရောဂါများ ပျောက်စေ၏။ အနာပေါက်

တတ်၏။ ထန်းရည်ချဉ်၊ ထန်းရည်ခါးသည် သည်းခြေအပူချိန်များစေ၏။ ချောင်းခြောက်ရောဂါ ပျောက်စေ၏။ ပို၍မူးဝေစေ၏။ အစာကြေ၏။ လေနိုင်၏။ ဆီးအောင့် ဆီးပူရောဂါရှိသူများ သွေးလေး သွေးတက်အိပ်စက်မှုများသူများနှင့် သင့်တော်၏။ ချိုပြင်ခါး၊ ချိုပြင်း၊ အချို သက်သက်ဟူ၍ သုံးမျိုးခွဲနိုင်သည်။ အချိုသည် ကြေကျက်ခဲ၏။ အိပ်ပျော်စေသည်။ ချိုပြင်းခါးသည် အစာကို ကြေကျက်စေ၏။ အအိပ်များသူကို ပယ်ဖျက် တတ်၏။ လတ်ဆတ်သော ထန်းရည်ကို သကြားရော၍ သောက်ခဲ့သော် ဆီးအောင့်ရောဂါပျောက်၏။

ထန်းပင်မြစ်သည် ဆိမ့်၏။ ခါး၏။ အနည်းငယ်ဖန်၏။ လေကိုနိုင်၏။ အားနှင့်တကွ သုက်ကို ပွားစေ၏။ ထန်းသီးအပင်ပေါက် ထန်းပင်မြစ်သည် ဝမ်းမီးတောက်စေ၏။ နှုတ်မြိန်စေ၏။ အသက်ရှည်စေ၏။ လေရောဂါများကို ပျောက်ကင်းစေ၏။

ထန်းဆံချည်ထွေးသည် ချိုအေး၏။ နှုတ်ကို မြိန်စေ၏။ ဆီးရွှင်စေ၏။ ပိုးနာနှင့် လေနာမျိုးကို နိုင်၏။ ထန်းဦးနှောက် (ထန်းပင်ခေါင်းမှရသောအနှ)သည် နဂါးခေါင်းဟုလည်းခေါ်သည်။ အရသာရှိ၏။ ဆိမ့်၏။ ချို၏။ ခါးသက်သက်ရှိ၏။ အားကိုလွန်စွာဖြစ်စေ၏။ အသက်ရှည်စေ၏။ ၎င်းထန်းဦးနှောက်ကို အမှုန့်ပြုပြီး ပျားရည်နှင့် တေ၍ အသက်ရှည်အားတိုးဆေး ရသာယနအဖြစ်လည်းကောင်း၊ အားတိုးဆေး(ဝါဇီကရဏ)ဟု လည်းကောင်း လွန်စွာ လူကို

အကျိုးပြု၏။ ရှေးလူတို့သည် "နဂါးခေါင်းနှင့် ပန်းပေါင်းရည်"ဟု အမှတ်အသားပြုကြသည်။

ထန်းနို့သည် ချိုဖန်ရသာရှိသည်။ အဆိပ်ကို နိုင်ကာ အစာမကြေ၊ လေ ရောဂါ၊ ဝဲနာဒဏ်နာများကို နိုင်၏။ ထန်းနို့ကို ဆေးအဖြစ်ပြာချ၍လည်းကောင်း၊ ဆားချက်၍လည်းကောင်း သုံးရ၏။ ထန်းပင်ပွင့်အခိုင်မှ ထွက်သော အရည်ကိုသောက်သော် ဆီးများလာကာ ရေဖျဉ်းရောဂါ ပါပျောက်၏။ ထန်းရွက်စိမ်ရည်ကို သောက်ခဲ့သော် ကာလသားရောဂါကြောင့် လိင်ဥနှင့် လိင်ချောင်းယောင်၍ အရည်များကျခြင်းပျောက်ကင်း၏။ ထန်းရွက်ပြာ၊ ရှိန်းခို၊ ထမင်းရည်တို့ကို ရော၍သောက်ပေးကာ ခန္ဓာကိုယ် အဆီကျစေ၏။

ကုသပျောက်ကင်းစေသော ရောဂါများအတွက် အသုံးချရာတွင် ဆီးပူ၊ ဆီးအောင့်၊ ဆီးနည်းရောဂါများအတွက် ထန်းသီးမှထွက်သော ထန်းရည်ကို သောက်ပေးပါ။ ရေဖျဉ်းရောဂါလည်းပျောက်စေသည်။ ဒက်နာ၊ ဝဲနာ၊ယားနာများကို ထန်းနို့ခြောက်ကိုပြာချ၍ အုန်းဆီနှင့် လိမ်းပေးရသည်။ အရှင်နာဂသိန်၏ ဆေးအဘိဓာန်တွင် ထန်းလက်ဖြင့် ယပ်တောင်လုပ်ခတ်သောလေသည်ပင် ဒေါသသုံးပါး ပယ်တတ်သည်ဟု ဆိုထားသည်။ ပူလောင်ခြင်း၊ ပင်ပန်းခြင်း၊ မြစ်ခြောက်နာ၊ အဆိပ်သင့်နာ၊ နူနာ၊ ပိုးနာတို့ကိုလည်း ပျောက်ကင်းစေသည်။

တောထန်း၊ တောင်ထန်းဟုခေါ်ကြသော ငယ်သော ထန်းမျိုးများလည်း ရှိသေးသည်။ သထုံခရိုင်တွင် အရွက်ကို အိမ်မိုးအဖြစ် အသုံးပြုကြ၏။ ရက်လုပ်ကြ၏။ ထန်းလက်ရိုး၊ အကြောများကို တောင်း၊ ဖျာစသည့် လူ့အသုံးအဆောင်များလည်း ပြုလုပ်သုံးစွဲကြသည်။

ယင်းထန်းပင်သည် မိမိတို့မြန်မာလူမျိုးများအတွက်သာမက အိန္ဒိယတိုင်းရင်းသား၊ သီဟိုဠ်ကျွန်းစသော လက်လှမ်းတမီ တိုင်းနိုင်ငံများတို့၌ လူသားတို့အတွက် များစွာ အကျိုးပြုနေသည်ကို တွေ့ရမည်ဖြစ်သည်။ မိမိတို့မြန်မာပြည်တွင် အစဉ်အလာမပျက် သမိုင်းစဉ်အဆက် ထန်းတစ်ပင်လုံးတိုင်းရင်းဆေးအသုံးအမျိုးမျိုး၊ အားတိုးဆေးအမျိုးမျိုး၊သက်ရှည်ဆေးအမျိုးမျိုး အသုံးထည့်သွင်းဖော်စပ်သုံးစွဲလာကြရုံမျှမက အိမ်တွင်းမှုလုပ်ငန်း အသုံးအဆောင်များကိုပါ လုပ်ကိုင်သုံးစွဲ၍ ကိစ္စအဝဝကို အကျိုးပြုနေပါသည်။

မိမိတို့သာမန်အားဖြင့် သကာ၊ တင်လဲ၊ ထန်းလျက်တို့ကို ရစေနိုင်သောအပင် ထန်းရည်ခါးသောက်ပုဂ္ဂိုလ်များသည်လည်း မိမိတို့မြင်သော အမြင်မျှသာရှိကြသော်လည်း ထန်းပင်မှုကား ဤမျှသာ အကျိုးပြုသည် မဟုတ်၊ ဖော်ပြခဲ့သော လူ့အကျိုးပြု ကျေးလက်နေပြည်သူတို့ စီးပွားရေး၊ ကျန်းမာရေး အကျိုးပြုနေလျက်ရှိရာ၊ ရနိုင်သမျှ မြေပြင်တွင် စိုက်ပျိုးထားခြင်းဖြင့် မြေနေရာလည်းမရွေး၊ အကျယ်အဝန်းလည်း သိပ်မကုန်၊ အထူးဂရုစိုက်နေစရာလည်းမရှိ၊ အပန်းမကြီးဘဲ ဆရာကြီးဆိုခဲ့သကဲ့သို့ မိမိတို့၏ မူရင်းလယ်ယာမြေလုပ်ငန်းကိုလည်း ထိခိုက်မှုမရှိ၊ ရေရှည်မှာလည်း ပင်ရေအနည်းအများမူတည်၍ ဝင်ငွေတိုးအကျိုးများစေမည်ဖြစ်ရာ၊ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရစေရေးအတွက် တောင်သူလယ်သမားပြည်သူတို့၏ အဝန်းအဝိုင်းတွင် ထန်းပဒေသာပင်များကို ဖြစ်ထွန်းအောင်မြင်စေရန် အားထုတ်စိုက်ပျိုးသင့်လှပါကြောင်း ထပ်လောင်းတိုက်တွန်းရေးသားရပါသည်။ ။




## ခင်ဦးမြို့နယ်၌ မိုးရေချိန်တစ်လက်မကျော် ရွာသွန်းသဖြင့် တောင်သူများဝမ်းသာ

ခင်ဦး ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ဩဂုတ် ၂၇ ရက်က မိုးရေချိန် လက်မ ၁ ဒသမ ၁၀ ရွာသွန်းခဲ့သဖြင့် တောင်သူများမှာ ဝမ်းသာလျက်ရှိကြောင်း သိရသည်။ အဆိုပါမိုးသည် ခင်းဦးမြို့၌ မေလမှစ၍ ယနေ့ထိ ရွာသွန်းမှုမိုးရေချိန်အများဆုံးဖြစ်ပြီး ရွှေဘိုတစ်ခရိုင်လုံးရွာသွန်းကြောင်း သိရသည်။

မိုးရွာသွန်းမှုကြောင့် မိုးကောင်းသောက်တောင်သူများ၏ ပျိုးခင်းများ၊ ယာသီးနှံစိုက်တောင်သူများ၏ သီးနှံများမှာ မျှော်လင့်ချက်ရှိပြီး ဝမ်းသာလျက်ရှိကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။ ယခုရွာတဲ့မိုးကြောင့် တောင်သူများလည်းအဆင်ပြေ၊ အပူဒဏ်လည်းသက်သာပြီး မိုးဆက်လက်ရွာသွန်းမည့်လက္ခဏာများ ဖြစ်ပေါ်နေကြောင်း ဒေသခံတစ်ဦးကပြောသည်။

(ခင်ဦးစိုးဝေ)

# အာဆီယံနှင့် လူ့အခွင့်အရေး

» » ကျော်ဖုံးမှ

ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကမ္ဘာ့လူသားအားလုံးအတွက် အားကိုးအားထားရာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီးကို စတင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ မင်္ဂလာရှိလှပေစွ။

ယင်းကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းကြီး၏ ဥပဒေဖြစ်သည့် ပဋိညာဉ်စာတမ်းအပိုဒ် ၆၈ အရ လူ့အခွင့်အရေးကော်မရှင် (Human Rights Commission)အား ၁၉၄၆ ခုနှစ်တွင် ဖွဲ့စည်းနိုင်ခဲ့ပြန်ပါသည်။ ၎င်းကော်မရှင်မှ ဦးဆောင်ပြီး လူသားအားလုံး၏ မွေးရာပါ ဂုဏ်သိက္ခာကိုတန်းတူညီမျှမှုရှိပြီး ဖယ်ရှားထုတ်ပယ်၍ မရနိုင်သော အခွင့်အရေးများအားအသိအမှတ်ပြုခြင်းသည် ဤကမ္ဘာမြေပေါ်တွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့်ငြိမ်းချမ်းမှုတို့အတွက် အခြေခံအုတ်မြစ်ပင်ဖြစ်သည်ဟူသော ယူဆချက်ကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါသည်။ ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်ဆိုသည့် အဓိပ္ပာယ်အားရှင်းလင်းစွာပြဆိုနိုင်ရန်အတွက် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကိုရေးဆွဲရန် စီမံဆောင်ရွက်ခဲ့ကြပြီး ၁၉၄၈ ခုနှစ် ဇွန်လတွင် မူကြမ်းကိုအပြီးသတ်နိုင်ခဲ့ပါသည်။

၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအား အတည်ပြုမဲခွဲဆုံးဖြတ်ခဲ့ရာ ကန့်ကွက်သူမရှိကြားနေရှစ်နိုင်ငံဖြင့် အတည်ပြုဌာန်းနိုင်ခဲ့ပါသည်။ ကျွန်မတို့ မြန်မာနိုင်ငံသည်လည်းသဘောတူထောက်ခံခဲ့သော မဲပေးသူစာရင်းတွင် ပါဝင်ခဲ့ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် စာပိုဒ်ပေါင်း ၃၀ပါရှိပြီး ကမ္ဘာတွင်ပထမဦးဆုံးပေါ်ပေါက်ခဲ့သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းဖြစ်ခြင်းကြောင့် နှစ်စဉ် ဒီဇင်ဘာလ ၁၀ ရက်နေ့ကို ကမ္ဘာ့လူ့အခွင့်အရေးနေ့အဖြစ်သတ်မှတ်ထားရှိခဲ့ရခြင်းပင်ဖြစ်ပေသည်။

ကမ္ဘာ့လူ့အခွင့်အရေးကိစ္စရပ်များကို အတောမသတ် စဉ်းစားမိရင်းဖြင့်ကျွန်မတို့ အာဆီယံဒေသတွင်း နိုင်ငံများက လူ့အခွင့်အရေး ကိစ္စရပ်တွေအပေါ်အလေးထားဆောင်ရွက်ချက်များကိုလည်း သတိတရရှိလာခဲ့ရပါသည်။ ယနေ့ကမ္ဘာတွင် အခြေအနေအမျိုးမျိုးကြောင့် နီးစပ်ရာ၊ ယုံကြည်ရာ၊ ဆက်စပ်ရာဒေသတွင်းရှိနိုင်ငံများ စုစည်းပြီး နယ်ပယ်ကဏ္ဍပေါင်းစုံမှာ ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်နေထိုင်လျက်ရှိကြပြီဖြစ်ပါသည်။ ကျွန်မတို့ ဒေသတွင်းနိုင်ငံတွေ၌လည်း အာရှတန်ဖိုး(Asia Value)ဆိုသည့်အချက်ကို အလေးထားလက်ခံခဲ့ကြပြီး ဒေသတွင်း စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် မတူကွဲပြားခြားနားချက်များအား ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ဖြေရှင်းနိုင်ရေးဆိုသည့် မွန်မြတ်ကောင်းမွန်သော ဦးတည်ချက်များဖြင့် အာဆီယံအဖွဲ့အစည်း (South East Asia Association) ကို ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် စတင်ဖွဲ့စည်းထားနိုင်ခဲ့ပြီ ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် အာဆီယံသည် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းအဖွဲ့ဝင်(၁၀)နိုင်ငံဖြင့် ဖွဲ့စည်း၍ ခိုင်မာစွာ ရပ်တည်နိုင်ခဲ့ပြီလည်းဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်းကြီးတစ်ခုလုံးတွင် လူဦးရေသန်း ၆၀၀ ခန့်ရှိခြင်းကြောင့် ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၈ ဒမသ ၈ ရာခိုင်နှုန်းရှိနေပြီဖြစ်ပါသည်။ အာဆီယံအဖွဲ့အစည်းကြီးသည် ယခုအခါ စတင်ဖွဲ့စည်းစဉ်က ချမှတ်ခဲ့သော မူလရည်မှန်းချက် တာဝန်များထက် ပိုမိုကျယ်ပြန့်လာပြီး လူ့အခွင့်အရေးဆိုင်ရာနယ်ပယ်ကိစ္စရပ်များတွင် အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ အာဆီယံဒေသအတွင်း လူ့အခွင့်အရေးနှင့်ပတ်သက်၍ခိုင်မာသော အဖွဲ့အစည်းတစ်ရပ်တည်ဆောက်နိုင်ရေးဦးတည်မျှော်မှန်း၍ အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်ခဲ့ရင်းဖြင့် အဖွဲ့ဝင်နိုင်ငံအားလုံး လိုက်နာရမည့် ဥပဒေ တစ်ရပ်ဟု တင်စားခေါ်ဆိုရမည့် အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter)ကို ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် စတင်အာဏာသက်ဝင်လာအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။

ဤပဋိညာဉ်စာတမ်းတွင် လူသားအားလုံး၏ အခွင့်အရေးနှင့်အခြေခံလွတ်လပ်မှုကို လေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်၊ မြှင့်တင်ရန်၊ လူမှုတရားမျှတမှုကို မြှင့်တင်ရန်၊ အခြေခံလူ့အခွင့်အရေးနှင့်ပတ်သက်၍ အာဆီယံပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသည့် အခြေခံမူများ၊ ရည်ရွယ်ချက်များနှင့်အညီအာဆီယံလူ့အခွင့်အရေးဆိုင်ရာအဖွဲ့ ဖွဲ့စည်းတည်ထောင်ရန်ဆိုသည့်အချက်များလည်း ထည့်သွင်းပြဋ္ဌာန်းထားခဲ့သည်ကို တွေ့ရမည်ဖြစ်ပေသည်။

၎င်းအချက်များပေါ် မူတည်၍ အာဆီယံ ပဋိညာဉ်စာတမ်း၏ အပိုဒ် ၁၄ အရ ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် အာဆီယံအစိုးရများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်(ASEAN Inter Goverment Commission on Human Right)ကို တည်ထောင်နိုင်ခဲ့ပါသည်။ ၎င်းကော်မရှင်သည် အာဆီယံဒေသတွင်း လူ့အခွင့်အရေး အခြေခံလွတ်လပ်ခွင့်နှင့် တိုးတက်ရေးများအား ကာကွယ်စောင့်ရှောက်နိုင်ရန်၊ ရေရှည်နည်းဗျူဟာများ ချမှတ်ဆောင်ရွက်နိုင်ရန်၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့်တိုင်ပင်ညှိနှိုင်းရန် စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခဲ့ပါသည်။ ကော်မရှင်သည် လူ့အခွင့်အရေးဆိုင်ရာ အတိုင်ပင်ခံဖြစ်သောကြောင့်အဖွဲ့ဝင်နိုင်ငံများမှ လူ့အခွင့်အရေးဆိုင်ရာ အကြံဉာဏ်များ တောင်းခံလာပါက အကြံပြုနိုင်ရန် ရည်ရွယ်ထားကြောင်းလည်း သိရှိရပါသည်။

အာဆီယံလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးသတ်မှတ်ချက်များနှင့်အညီ အာဆီယံလူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း (ASEAN Human Right Declaration) ကို ပြုစုရေးသားနိုင်ခဲ့ပြီးယင်းစာတမ်းအား အာဆီယံနိုင်ငံခေါင်းဆောင်များမှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပခဲ့သော (၂၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုထုတ်ပြန်နိုင်ခဲ့ပါသည်။

လူ့အခွင့်အရေး အခြေခံလွတ်လပ်ခွင့်၊ ဒီမိုကရေစီကျင့်စဉ်၊ တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုတို့အား အလေးထား၍ အာဆီယံပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်နှင့်စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ကြမည်ဟုလည်းကောင်း၊ အာဆီယံဒေသတွင်း အမျိုးသမီး အခွင့်အရေးမြှင့်တင်ရေး ကြေညာချက်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကြေညာချက်စသည့် လူ့အခွင့်အရေးဆိုင်ရာ ရှေ့တိုးဆောင်ရွက်ချက်များအပေါ်၌လည်းကောင်း ဒေသတွင်း ခေါင်းဆောင်များမှ အလေးထားအသိအမှတ်ပြုကြပြီလည်း ဖြစ်ပါသည်။

အာဆီယံလူ့အခွင့်အရေး ကြေညာချက်သည် အာဆီယံဒေသတွင်း လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မူဘောင်တစ်ရပ် ချမှတ်နိုင်ရန်အတွက် အထောက်အကူပြုနိုင်သကဲ့သို့ ညီညွတ်သော အာဆီယံအသိုက်အဝန်းကြီးဖြစ်ထွန်း ပေါ်ပေါက်တည်ဆောက်နိုင်ရေးကိုလည်း အထောက်အကူပြုနိုင်ကြလိမ့်မည်ဟု လက်ခံထားခဲ့ကြပြီ ဖြစ်ပါသည်။

အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်းသည် အာဆီယံအသိုက်အဝန်း၏ နိုင်ငံရေးဆိုင်ရာစာတမ်းတစ်ရပ်ဖြစ်ပြီး ဒေသတွင်း ကွဲပြားခြားနားနေကြသော အဖွဲ့ဝင်နိုင်ငံများအကြား အခြေခံအားဖြင့် တူညီသည့်ဆန္ဒများဖြင့် ဖွဲ့စည်းထားခဲ့ကြခြင်းဖြစ်ပါသည်။ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် သတ်မှတ်စံချိန်စံနှုန်းများသည် အဖွဲ့ဝင်နိုင်ငံအားလုံးဘုံသဘောတူညီမှုဖြင့် ဆောင်ရွက်ထားခြင်းဖြစ်၍ ဥပဒေအရ စည်းနှောင်ထားခြင်းမရှိဘဲ အာဆီယံနိုင်ငံများ၏ စုစည်းထားသော ကတိကဝတ်တစ်ရပ် (a Collective Commitment)လည်း ဖြစ်နေပါသည်ဟု လေ့လာသိရှိရပါသည်။

အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်းကြီးတွင် အထွေထွေမူများ၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ငြိမ်းချမ်းခွင့်နှင့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ပေးရေးကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းစသည့် အခန်းကဏ္ဍပေါင်းများစွာလည်း ပါဝင်နေသည်ဖြစ်၍ ပြီးပြည့်စုံသည့်စာတမ်းကြီးတစ်ခုဟု ဆိုရမည်သာဖြစ်ပါသည်။

လူ့အခွင့်အရေးဆိုသည် ကျယ်ပြန့်နက်ရှိုင်းသကဲ့သို့ မဖြစ်မနေလိုက်နာစောင့်ထိန်းရမည့်ကဏ္ဍလည်းဖြစ်ပါသည်။ လူ့အခွင့်အရေးအား သက်ဝင်ယုံကြည်ကြသော နိုင်ငံများအနေဖြင့် လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရန်နှင့် အမျိုးသားအဆင့်လူ့အခွင့်အရေးအဆောက်အအုံများကိုလည်း တည်ဆောက်ကြရမည်ဖြစ်ပါသည်။ ဤသို့တိုးမြှင့်ဆောင်ရွက်ရာတွင် နိုင်ငံတိုင်း၌ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းလည်း ပါဝင်ရမည်ဖြစ်ပါသည်။

ကျွန်မတို့ မြန်မာနိုင်ငံတွင် ကမ္ဘာ့လူ့ဘောင်အဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများနှင့်အတူ လူ့အခွင့်အရေးကိစ္စနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှုများကိုလည်း အတွေးထဲမှာ မြင်ယောင်လာမိပြန်ပါသည်။ ကျွန်မတို့နိုင်ငံသည် ဒီမိုကရေစီလူ့ဘောင်သစ်တစ်ရပ်တည်ဆောက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးချယ်တင်မြှောက်ထားသော အစိုးရက ဦးဆောင်ပြီး အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေချိန်လည်း ဖြစ်ပါသည်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းပါရှိသော မူလအခြေခံအခွင့်အရေးများအား မြှင့်တင်ကာကွယ်နိုင်ရန်အတွက် **မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်**ကို နိုင်ငံတော်အစိုးရအမိန့်ကြော်ငြာစာအမှတ်-၃၄/၂၀၁၁ ဖြင့် ၂၀၁၁ ခုနှစ် စက်တက်ဘာလ ၅ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ ၎င်းကော်မရှင်သည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အမျိုးသားအဆင့်လူ့အခွင့်အရေး အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး အာဆီယံဒေသတွင်း၌လည်း ပဉ္စမမြောက် အဖွဲ့အစည်းဖြစ်ခဲ့ပါသည်။ ကော်မရှင်သည် ပါရီအခြေခံမူပေါ်တွင် အခြေခံ၍ လုပ်ငန်းနယ်ပယ်အမျိုးမျိုးနှင့် တိုင်းရင်းသားလူမျိုးစုအသီးသီးက အတွေ့အကြုံရှိသော လွတ်လပ်သည့် အငြိမ်းစားပုဂ္ဂိုလ် ၁၅ ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

၎င်းကော်မရှင်ဖွဲ့စည်းပြီးသည်နှင့် လူ့အခွင့်အရေးဖောက်ဖျက်မှုနှင့်ပတ်သက်သော တိုင်ကြားစာများအား ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ကလေးသူငယ်အခွင့်အရေးနှင့် လူ့အခွင့်အရေးပညာပေးမှု၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၊ အကျဉ်းစခန်းနှင့် ရဲဘက်စခန်းများသို့ လှည့်လည်သွားရောက်ပြီး လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအား သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ဥပဒေရေးဆွဲခြင်း စသည်တို့အပါအဝင် လှုပ်ရှားမှုများစွာကို ပြုလုပ်နေကြသည်ဖြစ်ပါသည်။ ဤသည်ကပင်လျှင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များအပေါ် နိုင်ငံတော်မှ အထူးအလေး ထားဆောင်ရွက်နေကြောင်း ရည်ညွှန်းဖော်ပြနိုင်သကဲ့သို့ အတော်အတန်ခရီးရောက်နေသည်ကိုလည်း သတိပြုလာမိခဲ့ပါသည်။ တစ်ဆက်တည်းမှာပင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးသက်တမ်းနုလှသေးသည့် ကျွန်မတို့ နိုင်ငံတော်တွင် အစိုးရ၊ လွှတ်တော်၊ တရားရေးစသည့် မဏ္ဍိုင်သုံးရပ်က ကိုယ့်တာဝန်နှင့်ကိုယ်၊ သီးခြားစီလွတ်လပ်စွာတာဝန်ယူ၊ တာဝန်ခံဆောင်ရွက်နေကြပြီဖြစ်၍ လူ့အခွင့်အရေးဆိုင်ရာကိစ္စတွေအပေါ် စံချိန်စံညွှန်းအပြည့်ဖြစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်း ပိုမိုသိရှိနားလည်ပေးရမည်သာဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်အစိုးရသစ်သည် ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ ခေတ်သစ်၊ စနစ်သစ်တစ်ရပ်ကို ညင်သာစွာကူးပြောင်းဖော်ဆောင်ပေးခဲ့သည့် ပထမအဆင့်ပြုပြင်ပြောင်းလဲရေး (First Wave Reform) ကိုလည်းကောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်မှု၊ ယန္တရားဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ပြုပြင်ပြောင်းလဲမှု စသည့် မဏ္ဍိုင်လေးရပ်အား အခြေတည်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဒုတိယအဆင့် ပြုပြင်ပြောင်းလဲရေး (Second Wave Reform)ကိုလည်းကောင်း တက်စုံရှက်စုံဖွင့်၍ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဒီမိုကရေစီအခြေခံအုတ်မြစ်များ ပိုမိုခိုင်မာလာစေရေးအတွက် တတိယအဆင့် ပြုပြင်ပြောင်းလဲရေး (Third Wave Reform)ကိုလည်း စတင်အကောင်အထည်ဖော်နေပြီဖြစ်ပါသည်။ ဤအခါသမယမျိုးတွင် ဒေသတွင်းနှင့် နိုင်ငံတကာမှအလေးထားဆောင်ရွက်လျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာကိစ္စများကို အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့်လည်းကောင်း၊ ကမ္ဘာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် အတူ ချစ်ကြည်ရင်းနှီးစွာ လက်တွဲရင်းဖြင့် အထူးအလေးထားကြိုးပမ်းဆောင်ရွက်နေသည်ကို ပကတိဖြစ်ရပ်များအပေါ် အခြေတည်တွေးတောဆင်ခြင်ရင်းဖြင့် ဂုဏ်ပြုတင်ပြအပ်ပါသည်။ ။

---

# စွမ်းဆောင်ရည်မြှင့်တင်၊ အခြေခံအဆောက်အအုံများ ဖန်တီးဖော်ဆောင်

» » ကျော်ဖုံးမှ

မိုင်းပန်မြို့နယ်များ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ပုလော၊ ထားဝယ်၊ တနင်္သာရီ၊ မြိတ်၊ ဘုတ်ပြင်း၊ သရက်ချောင်းမြို့နယ်များနှင့် ပဲခူးတိုင်းဒေသကြီးတွင် ကျောက်ကြီး၊ ရွှေကျင်၊ ထန်းတပင်မြို့နယ်များ၌ ဆောင်ရွက်လျက်ရှိသည်။

UNHCRသည် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေနှင့်သန့်ရှင်းရေးကဏ္ဍ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ရပ်ရွာ ပြည်သူလူထုဝန်ဆောင်မှုလုပ်ငန်းများကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နေအိမ်နှင့် အခြားလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရေးကဏ္ဍ၊ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍစသည့်ကဏ္ဍငါးရပ်ဖြင့် ခွဲခြားဆောင်ရွက်လျက်ရှိပါသည်။

**ရေနှင့်သန့်ရှင်းရေးကဏ္ဍ**

စိမ့်စမ်းရေသွယ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စက်ရေတွင်းနှင့်လက်တူးတွင်းများ တူးဖော်ပေးခြင်း၊ သန့်(၄)သန့် ဆင့်ပွားသင်တန်းပို့ချခြင်း၊ အခြေခံကျန်းမာရေး သင်တန်းပို့ချခြင်း၊ ကျေးလက်သုံးအိမ်သာများ (နမူနာ)တည်ဆောက်ပြသပေးခြင်း၊ မူလရှိပြီး ရေတွင်းများပြုပြင်ပေးခြင်း၊ စက်ရေတွင်းများအား ထိန်းသိမ်းရန် သင်တန်းပေးခြင်းလုပ်ငန်းများပါဝင်ပါသည်။

**စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ရပ်ရွာပြည်သူလူထုဝန်ဆောင်မှုလုပ်ငန်းများကဏ္ဍ**

ရပ်ရွာလူထုအခြေပြု အခြေခံကျန်းမာရေး ပညာပေးသင်တန်းများ ပို့ချပေးခြင်း၊ ကျေးလက်ဆေးပေးခန်းများ၊ မူလတန်းကျောင်းများနှင့် ကျောင်းအိမ်သာများအား ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေး အထောက်အကူပြုသင်တန်းများ ပို့ချပေးခြင်း၊ ကျောင်းများ ဆောက်လုပ်ပေးခြင်းနှင့် ကျောင်းသုံးပရိဘောဂများ ပံ့ပိုးပေးခြင်း စသည့်လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

**ကျန်းမာရေးကဏ္ဍ**

ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများ ဆောက်လုပ်ပေးခြင်း၊ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မျိုးဆက်ကျန်းမာရေးနှင့် HIV ကာကွယ်ရေး၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ဖြန့်ဖြူးပေးခြင်းလုပ်ငန်းများဖြစ်ပါသည်။

**နေအိမ်နှင့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းကဏ္ဍ**

သဘာဝဘေးဒဏ်ခံစားရသူများ၊ နေရပ်ပြန်လာသူများ၊ ချို့တဲ့မိသားစုများအား နေအိမ်များဆောက်လုပ်ပေးခြင်း၊ ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းတို့ပါဝင်သည်။

**ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ**

လိင် အကြမ်းဖက်မှုများအားကာကွယ်ခြင်းနှင့် တုံ့ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ နေရပ်ပြန်(သို့) မိသားစု ပေါင်းစည်းမှုစစ်တမ်းများ ကောက်ယူခြင်းနှင့် သတင်းအချက်အလက်များ မျှဝေမှုဆိုင်ရာ သင်တန်းများပေးခြင်း၊ ဒုက္ခသည်များအား ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ သင်တန်းများပေးခြင်း၊ မိုင်းထိလူနာများအား ဆေးဝါးကုသစရိတ်ထောက်ပံ့ပေးခြင်း၊ ဥပဒေဆိုင်ရာ သင်တန်းများပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ အားပေးစောင့်ရှောက်ရန် သင်တန်းများပေးခြင်းတို့ပါဝင်ပါသည်။

၂၀၁၃ခုနှစ် ဇွန်လမှ ၂၀၁၄ခုနှစ် ဇွန်လအထိ တစ်နှစ်တာကာလအတွင်း ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် (ရန်ကုန်တိုင်းဒေသကြီးမှ ကာကွယ်စောင့်ရှောက်လုပ်ငန်းကဏ္ဍဆိုင်ရာ လုပ်ငန်း(၄)ခုအပါအဝင်) စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅ သန်းဖြင့် စီမံကိန်းပထမနှစ်လျာထားချက်၏ ၅၈ ရာခိုင်နှုန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ UNHCR အဖွဲ့မှ ဆောင်ရွက်ပေးသော သောက်သုံးရေသွယ်ယူခြင်းလုပ်ငန်းများ၊ စက်ရေတွင်း၊ လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာ သင်တန်းများ၊ သန့်(၄)သန့်စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်မှုများ၊ ကျေးလက်ဆေးပေးခန်းများနှင့် မူလတန်းကျောင်းများ ပြုပြင်ဆောက်လုပ်ခြင်းများသည် ဒေသခံပြည်သူလူထုအပေါ် များစွာအကျိုးဖြစ်ထွန်းသဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## အာဆီယံနိုင်ငံများတွင် ဆောင်ရွက်လျက်ရှိသော စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများနှင့် မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်မှု

» » ရွှေဖုံးမှ

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေကို သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီ Website (www.aseanconsumer.org) ကိုလည်း တည်ထောင်ထားပြီး အာဆီယံနိုင်ငံတွေက စားသုံးသူကာကွယ်ရေးဆိုင်ရာ အဓိကဌာနအဖွဲ့အစည်းတွေက စားသုံးသူတွေအတွက် လုံခြုံစိတ်ချရမှုမရှိလို့ သတိပေးထုတ်ပြန်ကြေညာထားတဲ့ ထုတ်ကုန်တွေ စာရင်း၊ သတင်းအချက်အလက်ဖလှယ်ထားတဲ့ ထုတ်ကုန်တွေစာရင်းကို ကြည့်ရှုနိုင်သလို စားသုံးသူတွေအနေနဲ့ တိုင်တန်းအရေးဆိုနိုင်တဲ့ အာဆီယံနိုင်ငံအလိုက် အဓိကစားသုံးသူ ကာကွယ်ရေးဌာနအဖွဲ့အစည်းတွေရဲ့ Website တွေနဲ့လည်း ချိတ်ဆက်ထားပြီး လိုအပ်ပါက သက်ဆိုင်ရာနိုင်ငံအချို့ရဲ့ Website တွေမှာ အရေးဆိုတိုင်တန်းလို့ရပါတယ်။ အာဆီယံနိုင်ငံတွေမှာရှိတဲ့ စားသုံးသူတွေ၊ အာဆီယံနိုင်ငံတွေကိုလာရောက်လည်ပတ်ကြတဲ့ ကမ္ဘာလှည့်ခရီးသည်တွေ၊ သံတမန် ဝန်ထမ်းတွေနဲ့ အာဆီယံနိုင်ငံတွေကနေ အခြားနိုင်ငံတွေကိုရောက်ရှိနေတဲ့ စားသုံးသူတွေအနေနဲ့ အာဆီယံနိုင်ငံတွေကို လာရောက်စဉ်မှာ သက်ဆိုင်ရာကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတွေနဲ့ပတ်သက်ပြီး အရေးဆိုတိုင်တန်းလိုပါက အာဆီယံနိုင်ငံတွေက အဓိကစားသုံးသူကာကွယ်ရေးဌာနတွေရဲ့ ဆက်သွယ်ရမယ့်သတင်းအချက်အလက်တွေကို ဖော်ပြထားတဲ့ အာဆီယံနိုင်ငံအားလုံးမှာ ဖြန့်ဝေထားတဲ့ ASEAN Consumer Complaint Leaflet မှာလည်း ဖတ်ရှုနိုင်ပါတယ်။

အာဆီယံနိုင်ငံတွေမှာ ထုတ်ကုန်လုံခြုံစိတ်ချရမှုလုပ်ငန်းတွေဖြစ်တဲ့ ထုတ်ကုန်တွေကို ဈေးကွက်ထဲမှာ လုံခြုံ စိတ်ချရမှုရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊ ပို့ကုန်သွင်းကုန်ပစ္စည်းများအား ထိရောက်စွာစစ်ဆေးခြင်း၊ လိုအပ်ရင် သက်ဆိုင်ရာဓာတ်ခွဲခန်းကို ပေးပို့ပြီး စမ်းသပ်စစ်ဆေးခြင်း၊ ကုန်ပစ္စည်းအမျိုးအစားအလိုက် ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ အသိလက်မှတ်ထုတ်ပေးခြင်း၊ စားသုံးသူတွေအတွက် ဘေးဥပဒ်အန္တရာယ်ဖြစ်စေပါက ဈေးကွက်အတွင်းက ပြန်လည်သိမ်းဆည်းခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ဈေးကွက်ထဲမဝင်ရောက်စေရန် တားမြစ်ပိတ်ပင်ခြင်း၊ သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်ကို လိုအပ်သလို အရေးယူဆောင်ရွက်ခြင်းတို့ကို အစိုးရဌာနအဖွဲ့အစည်းများမှ အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ဒ့ါအပြင် စားသုံးသူတိုင်တန်းမှုနှင့် အရေးယူဆောင်ရွက်မှု လုပ်ငန်းတွေကို အစိုးရဝန်ကြီးဌာနများ၊ ခုံရုံးများ၊ ကောင်စီအဖွဲ့အစည်းများ၊ တိုင်တန်းမှုစေ့စပ်ဖျန်ဖြေရေး ဆပ်ကော်မတီများနဲ့ တရားရုံးများစသည်ဖြင့် ဌာနအဖွဲ့အစည်း အသီးသီးမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြပါတယ်။ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်စတဲ့နိုင်ငံတွေမှာ စားသုံးသူတွေရဲ့တိုင်တန်းမှုတွေကို Online မှ လက်ခံဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ အာဆီယံနိုင်ငံအားလုံးမှာ စားသုံးသူတိုင်တန်းမှုနှင့် အရေးယူဆောင်ရွက်မှုလုပ်ငန်းတွေ တစ်ပြေးညီဆောင်ရွက်နိုင်ဖို့နဲ့ အာဆီယံနိုင်ငံက စားသုံးသူတွေရဲ့တိုင်တန်းမှုတွေကို စရိတ်သက်သာစွာနဲ့ အချိန်လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ဖို့တို့အတွက် အာဆီယံ-ဩစတြေးလျ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းအဆင့် (၂) အရ စားသုံးသူ တိုင်တန်းမှုနှင့်အရေးယူဆောင်ရွက်မှုဆိုင်ရာ Models တွေကိုလည်း အကူအညီရယူပြီး ရေးဆွဲဆောင်ရွက်နေပါတယ်။ အာဆီယံနိုင်ငံတွေမှာ စားသုံးသူပညာပေးလုပ်ငန်းတွေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများမှ အဓိကဆောင်ရွက်နေပြီး အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအဖွဲ့များစသည်တို့မှလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် အာဆီယံနိုင်ငံတွေမှာ စားသုံးသူပညာပေးလုပ်ငန်းတွေကို လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်သော်လည်းကောင်း၊ သင်တန်းများ၊ ဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့်သော် လည်းကောင်း၊ အသိပညာ အပြန်အလှန်ဖလှယ်မှု အစီအစဉ်များအရလည်းကောင်း၊ ကျောင်းသင်ရိုးညွှန်းတမ်းတွေမှာ ထည့်သွင်းရေးဆွဲခြင်းဖြင့် လည်းကောင်း၊ Social Welfare အစီအစဉ်များအရလည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိကာလတွင် အာဆီယံနိုင်ငံတွေမှာ စားသုံးသူပညာပေးမှုနဲ့ သင်တန်းပေးမှုလုပ်ငန်းတွေ ညီမျှစွာဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အာဆီယံ-ဩစတြေးလျ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းအစီအစဉ်အဆင့် (၂) အရ ပြည်သူအလေးဂရုပြုစေရေးနှင့် ပညာပေးမှုဆိုင်ရာ Models တွေကိုလည်း အကူအညီရယူပြီး ရေးဆွဲဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံမှာလည်း စားသုံးသူအကာအကွယ်ပေးရေးဥပဒေပြဋ္ဌာန်းပြီးဖြစ်လို့ နည်းဥပဒေများကိုလည်း ထုတ်ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီကိုလည်း ၂၀၁၄ ခုနှစ် ဇွန်လ ၄ ရက်နေ့၊ ပြည်ထောင်စုအစိုးရအဖွဲ့အမိန့်(အမှတ်၊ ၃၈/၂၀၁၄)ဖြင့် ဖွဲ့စည်းခဲ့ပြီး ဇူလိုင်လ ၂၄ ရက်နေ့မှာ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီရဲ့ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပါတယ်။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ တွေကိုလည်း စားသုံးသူအကာအကွယ်ပေးရေးဥပဒေနဲ့အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေမှာ ဖွဲ့စည်း ဆောင်ရွက်သွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးတွေနဲ့ ကချင်၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်ဒေသကြီးတွေမှာ စားသုံးသူရေးရာဌာန တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးရုံးတွေကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။ စားသုံးသူပညာပေးမှုလုပ်ငန်းတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပြီး စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းပြီးဖြစ်တဲ့ အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအဖွဲ့များနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံအားလုံးအနေနဲ့ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းတွေကို တက်ညီလက်ညီအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့အကြောင်းနဲ့ များမကြာမီမှာ အာဆီယံ ဒေသတွင်းမှာ အာဆီယံနိုင်ငံတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကတစ်ဆင့် ထိရောက်အောင်မြင်တဲ့ အာဆီယံစားသုံးသူ ကာကွယ်ရေးစနစ်တစ်ရပ် ပေါ်ထွက်လာမယ်လို့ ယုံကြည်ပါတယ်။

ကချင်ပြည်နယ်

## အင်ဂျန်းယန်မြို့နယ်၌ လယ်ယာမြေရပိုင်ခွင့်လျှောက်လွှာထုတ်ပေး

**အင်ဂျန်းယန် ဩဂုတ် ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့နယ်ရှိ ဒေသခံပြည်သူများအား မြေယာပိုင်ဆိုင်မှုအတွက် လယ်ယာမြေများရပိုင်ခွင့်လျှောက်လွှာပုံစံ-(၁)များ ဖြည့်စွက်နိုင်ရေးအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၆ ရက်နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံထူးက ဒေသခံတောင်သူများအား မြေယာပိုင်ဆိုင်မှုအတွက် ပုံစံ-(၁)ဖြည့်စွက်နိုင်ရေးကို ရှင်းလင်းပြောကြားခဲ့ပြီး သက်ဆိုင်ရာရပ်ကွက်သုံးရပ်ကွက်နှင့်ကျေးရွာအုပ်စုတစ်စုအတွက် ပုံစံ-(၁)လျှောက်လွှာစုစုပေါင်း ၁၃၆ စောင်ကို ထုတ်ဝေပေးခဲ့သည်။

ထို့နောက် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ မိမိတို့မရှင်းလင်းသည့်အချက်များကို မေးမြန်းခဲ့ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**




# စွမ်းဆောင်ရည်မြှင့်တင်၊ အခြေခံအဆောက်အအုံများ ဖန်တီးဖော်ဆောင်

မြင့်စိုး(နတလ)



ကျိုက်မရောမြို့နယ် ဖာသိမ်ကျေးရွာတွင် ဆောက်ရွက်ထားသည့် အဝီစိတွင်း။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့အကြား ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၅ သန်းဖြင့် စီမံကိန်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာတမ်း(Letter of Understanding-LoU) လက်မှတ်ရေးထိုး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

UNHCR၏ စီမံကိန်းလုပ်ငန်းများကို **ကယားပြည်နယ်**တွင် လွိုင်ကော်၊ ဒီမောဆို၊ ဖရူဆို၊ ဘော်လခဲ၊ ဖားဆောင်း၊ ရှားတော၊ မယ်စဲ့မြို့နယ်များ၊ **ကရင်ပြည်နယ်**တွင် လှိုင်းဘွဲ့၊ ဖာပွန်၊ မြဝတီ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ သံတောင်ကြီးမြို့နယ်များ၊ **ချင်းပြည်နယ်**တွင် ဖလမ်း၊ ဟားခါး၊ တီးတိန်၊ ထန်တလန်၊ မတူပီမြို့နယ်များ၊ **မွန်ပြည်နယ်**တွင် ဘီးလင်း၊ သထုံ၊ ကျိုက်မရော၊ ရေးမြို့နယ်များ၊ **ရှမ်းပြည်နယ်**တွင်၊ မိုင်းဆတ်၊ တာချီလိတ်၊ မိုင်းတုံ၊ စာမျက်နှာ ၆ သို့ » »

# အာဆီယံနှင့် လူ့အခွင့်အရေး

ခင်မျိုးမြတ်စိုး(အာဆီယံ)

ယနေ့အချိန်ခါ၌ လူ့အခွင့်အရေးဆိုသည့်စကားသံသည် ကမ္ဘာတစ်ဝန်းနယ်ပယ်ပေါင်းစုံတွင် ရိုက်ခတ်မြည်ဟီးလျက်ရှိသည်။ ဟိုနေရာတွင်လည်း လူ့အခွင့်အရေး၊ ဒီကိစ္စ၌လည်း လူ့အခွင့်အရေး စသည့်စံနှုန်းများဖြင့် တိုင်းတာပြောဆိုနေကြချိန်လည်း ဖြစ်ပါသည်။ လူ့အခွင့်အရေးဟုဆိုရာတွင် ဒေသ၊ နယ်ပယ်တစ်ခုနှင့်တစ်ခု ထပ်တူကျနိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံတစ်နိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလ၊ ဒီမိုကရေစီသက်တမ်း၊ နိုင်ငံရေးရင့်ကျက်မှု စသည်တို့အပေါ် ကွာခြားမှု ရှိနိုင်/မရှိနိုင် စသည်တို့အား အတောမသတ်တွေးတောရင်းဖြင့် လူ့အခွင့်အရေးဆိုသည်ကို ကျွန်မလေ့လာမိသမျှ မျှဝေလိုစိတ်များ ဖြစ်ပေါ်လာခဲ့ပါတော့သည်-

**လူ့အခွင့်အရေးဆိုသည် -**

**မည်သည့်လူမျိုးပင်ဖြစ်စေ၊ မည်သည့်နေရာတွင်နေသည်ဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ တိုင်းရင်းသားဖြစ်စေ၊ မျိုးနွယ်စုဖြစ်စေ၊ အသားအရောင်၊ ကိုးကွယ်ယုံကြည်မှု၊ သာသာစကား မတူကွဲပြားခြားနားသည်ဖြစ်စေ လူသားအားလုံး၏ မွေးရာပါအခွင့်အရေးသာဖြစ်သည်။ လူ့အခွင့်အရေးတွင် မည်သည့်နည်းနှင့်မျှ ခွဲခြားမှုမရှိ။ လူသားအားလုံး တန်းတူညီမျှ ခံစားခွင့်ရှိမှာဖြစ်ပြီး အပြန်အလှန်ဆက်နွယ်မှီခိုမှုရှိ၍ ခွဲခြားမရနိုင်သောအရာများပင်ဖြစ်သည်ဟု** လေ့လာမှတ်သားမိပါသည်။

အတိတ်သမိုင်းကြောင်းအား ပြန်ပြောင်းလေ့လာကြည့်ပါက ဒုတိယကမ္ဘာစစ်အတွင်း ကမ္ဘာတစ်ဝန်း နယ်ချဲ့ကျူးကျော်စစ်ပွဲများကြောင့် အပြစ်မဲ့ပြည်သူများ သန်းနှင့်ချီ၍ သေကျေ၊ ဒဏ်ရာရ၊ အိုးမဲ့အိမ်မဲ့၊ မိပျောက်၊ ဖပျောက်၊ သားပျောက်၊ သမီးပျောက်ဘဝများဖြင့် ဒုက္ခပင်လယ်ဝေကြရပေသည်။ စစ်ကြီးပြီးသွားချိန်တွင် နယ်ချဲ့တပ်ဖွဲ့ဝင်များအား နိုင်ငံတကာစစ်ခုံရုံးတင်၍တရားစွဲဆိုပြစ်ဒဏ်ချမှတ်ခဲ့ကြပါသည်။ အနာဂတ်လူ့ဘောင်အဖွဲ့အစည်းတွင် အလားတူ အနိဋ္ဌာရုံများအား ထပ်မံမပေါ်ပေါက်စေရန်အတွက် ကမ္ဘာ့နိုင်ငံအားလုံးမှအတူ ပူးပေါင်းလက်တွဲဆောင်ရွက်ခြင်းဖြင့် အေးချမ်းသည့် ကမ္ဘာ၊ ဖွံ့ဖြိုးတိုးတက်သည့် ကမ္ဘာကြီးတစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်လာစေရန်နှင့် လူသားအားလုံး၏ မွေးရာပါအခွင့်အရေးအား စာမျက်နှာ ၆ သို့ » »




နေစရာအခက်ကြုံသော မြို့ပြနှင့် တန်ဖိုးနည်းအိမ်ရာ အပြေ

စာမျက်နှာ ၂ သို့ » »

မြန်မာ့လူနေမှု အဝန်းအဝိုင်းမှ ထန်းပဒေသာပင်

စာမျက်နှာ ၃ သို့ » »



ISO မှ သတ်မှတ်စံနှုန်းနှင့် အညီ ဟင်းသီးဟင်းရွက် သစ်သီးဝလံ စိုက်ပျိုးမည့် ပန်းလှိုင်မြစ်နန်းတင်မြေနု

စာမျက်နှာ ၄ သို့ » »



ပြင်ဦးလွင်မြို့ရှိ ရထားလုံးမြင်းလှည်းများ စီးနင်းသူ နည်းပါးလာပါက ယဉ်ကျေးမှုပြယုဂ်ပျောက်ကွယ်နိုင်

စာမျက်နှာ ၄ သို့ » »



ရေဝင်မြောင်းများ အတွင်း အတားအဆီးများ ဖယ်ရှား

စာမျက်နှာ ၅ သို့ » »

**အမည်ပြောင်း**

ဦးလှရှိန်[၁၄/ညတန(နိုင်)၀၃၈၆၀၂]၏ သား စောဝေယံလင်းထင်(ခ)စောဝေယံကျော် အား စောဇေယျာသိုက်လင်းဟု ခေါ်ပါရန်။

**စောဇေယျာသိုက်လင်း**




# ကုမ္ပဏီရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Ruby Dragon Group of Companies ရန်ကုန်ရုံးကို အမှတ်-၃၉ (အေ)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်မှ အမှတ်(၃၂)၊ ရွှေပိတောက်ရိပ်မွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ် (ရေကြောင်းသိပ္ပံရှေ့)သို့ ၁-၉-၂၀၁၄ ရက်မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ထားပြီး ဖြစ်ပါသည်။ သို့ပါ၍ အောက်ပါအတိုင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒါရိုက်တာ**

**Ruby Dragon Group of Companies**

**ဆက်သွယ်ရန်**

**ဖုန်းများမှာ-၀၁-၅၀၅၇၇၀၊ ၅၀၅၇၇၁၊ ၅၀၅၇၇၂**






**အေးသစ္စာ**

- Handmade & Smocking သင်တန်း
- ပွဲကိုင်အိတ် လုပ်နည်းသင်တန်း

**အမှတ်(၅၀)၊ ၅လွှာ၊ ၁၁၉လမ်း၊ မင်္ဂလာဈေးနီး၊ ဖုန်း-၀၉-၂၅၀၆၇၄၉၀၃**

**တောင်သူဦးကြီးများအတွက်**

စပါးရိတ်သိမ်း ခြွေလှေ့စက်များကို အထူးဈေးနှုန်း ချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။

**ဆက်သွယ်ရန်**

**ဖုန်း-၀၉-၅၁၉၃၂၂၁၀၊ ၀၉-၅၀၃၂၂၆၅၊ ၀၉-၅၁၄၁၇၄၄၊**




**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ အေးလမ်းနေ (ဦးဆန်းဝင်း)-ဒေါ်တင်တင်မိုးတို့၏ တစ်ဦးတည်းသောသား မောင်လွင်မိုးဦးသည် မိခင်၏ ဆိုဆုံးမမှုကိုမနာခံပါသဖြင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှ အပြီးအပြတ် စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ငွေရေး၊ ကြေးရေးကိစ္စအဝဝနှင့် လူမှုရေးကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာ အပ်ပါသည်။

**ဒေါ်တင်တင်မိုး[၉/ကပတ(နိုင်)၀၃၀၅၈၁]**

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်တွင် ပြည့်မြောက်ခဲ့သည့် ဘဏ်ခွဲနှင့် ဘဏ်ခွဲငယ်ပေါင်း(၁၀၀)ကျော်ကို (၂၂)ပြည့်နယ်တိုင်းအောင် ခိုင်မာစွာ ရပ်တည်လျက်ရှိပြီး Customer များ၏ အထူးယုံကြည် အားထားမှု ရရှိထားသော CB BANK အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းများ ယခုထက် ပိုမို ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**Tun Foundation Bank Ltd**

**Myanmar Golden Star Co.,Ltd**

**MGS Beverage Co.,Ltd**

**MGS Food Co.,Ltd**

**Pioneer Venture Ltd**

**Nan Htike Co.,Ltd**

**Tun Nyunt Co.,Ltd**

**Star Exploration (Mining) Co.,Ltd**

**Rice Traders Co.,Ltd**

# ကားပါကင် ရန်ဖြစ်ရမည့် 25' x 50'

## စမ်းချောင်းသိန်း(၂၀၀၀)တိုက်ခန်းဝယ်မလား

---

## ( ၁ ) ခန်းဝယ်လျှင် သိန်း ( ၆၀၀ ) တန်

ကားပါကင်(၁)စီးစာနေရာ အခမဲ့ပေးမည်

စုပေါင်းပိုင် အဆောက်အအုံအဖြစ် မှတ်ပုံတင်မည့်ကွန်ဒို

## ဂရန်မြေ ( ၁.၉၅ ) ဧကပေါ်ဆောက်ထား

# ရန်ကုန်တိုင်းဒေသကြီး

## စမ်းချောင်းမြို့နယ်တွင်ရှိသော

SANCHAUNG GARDEN

RESIDENCE

## ကွန်ဒိုကိုဝယ်မလား

## သင်ကိုယ်တိုင်ရွေးချယ်လိုက်ပါ

MARKETING BY - iGREEN Construction


AYA Bank
KBZ Bank
UAB Bank
Dagon Center-2
SANCHAUNG GARDEN
City Mart
Myanmar Event Park
စက်ာပူတွင်အကောင်းဆုံးဟိုတယ်
MARINA BAY SANDS
ဒီဇိုင်း ရေးဆွဲခဲ့သော စက်ာပူနိုင်ငံ
၏ နာမည်ကြီး ဗိသုကာကုမ္ပဏီ Aedas
မှ ဒီဇိုင်းရေးဆွဲ သော SANCHAUNG GARDEN RESIDENCE ကွန်ဒို
JUNCTION SQUARE
2,3,4 SEPTEMBER
(104) စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်တွင် ကြိုတင်လေ့လာနိုင်ပါပြီ။

# စုပေါင်းပိုင်မြေစနစ်ဖြင့် ပိုင်ဆိုင်သော တိုက်ခန်း သက်သေခံလက်မှတ်



တိုက်ခန်းအားဝယ်ယူပိုင်ဆိုင်ထားသည့် လွင်မိုး ၏ မိသားစုဓါတ်ပုံ

## ■ စုပေါင်းပိုင်မြေစနစ် စုပေါင်းပိုင်အဆောက်အအုံ၏ မြေအချိုးကျပိုင်ဆိုင်မှု သက်သေခံကဒ်ပြား ■

| | | | |
|---|---|---|---|
| Condo Name | - Sanchaung Garden Residence | Room Sqft | - 1,056 sqft |
| Condo Reg No. | - 101-2015 | Total Construct Area | - 659,518 sqft |
| Room No. | - 34 | မြေအချိုးကျပိုင်ဆိုင်မှု(%) | - (0.1601)% |
| Township | - Sanchaung | Block No | - 27-D |
| Lot No | - 7A, 112 B, 7C/1, 112 A | Land Area | - 1.95 Acre |

**Sanchaung Garden Residence Condo** [illegible]

| | | | |
|---|---|---|---|
| Room Sqft | 1056 | Price (သိန်း) | [illegible] |
| [illegible] | | 1 sqft Price (သိန်း) | 1.04 |
| [illegible] | | | [illegible] |
| [illegible] | | | [illegible] |

| Sr | Payment Date: Date | Month | Year | [illegible] |
|---|---|---|---|---|
| Adv | 2 | 8 | 2014 | 18 |
| 1 | 12 | 9 | 2014 | 68 |
| 2 | 12 | 10 | 2014 | 68 |
| 3 | 12 | 11 | 2014 | 68 |
| 4 | 12 | 12 | 2014 | 68 |
| 5 | 12 | 1 | 2015 | 68 |
| 6 | 12 | 2 | 2015 | 68 |
| 7 | 12 | 3 | 2015 | 68 |
| 8 | 12 | 4 | 2015 | 68 |
| 9 | 12 | 5 | 2015 | 68 |
| 10 | 12 | 6 | 2015 | 68 |
| 11 | 12 | 7 | 2015 | 68 |
| 12 | 12 | 8 | 2015 | 68 |
| 13 | 12 | 9 | 2015 | 68 |
| 14 | 12 | 10 | 2015 | 68 |
| 15 | 12 | 11 | 2015 | 68 |

| Sr | Payment Date: Date | Month | Year | [illegible] |
|---|---|---|---|---|
| 16 | 12 | 12 | 2015 | 68 |
| 17 | 12 | 1 | 2016 | 68 |
| 18 | 12 | 2 | 2016 | 68 |
| 19 | 12 | 3 | 2016 | 68 |
| 20 | 12 | 4 | 2016 | 68 |
| 21 | 12 | 5 | 2016 | 68 |
| 22 | 12 | 6 | 2016 | 68 |
| 23 | 12 | 7 | 2016 | 68 |
| 24 | 12 | 8 | 2016 | 68 |
| 25 | 12 | 9 | 2016 | 68 |
| 26 | 12 | 10 | 2016 | 68 |
| 27 | 12 | 11 | 2016 | 68 |
| 28 | 12 | 12 | 2016 | 68 |
| 29 | 12 | 1 | 2017 | 68 |
| 30 | 12 | 2 | 2017 | 68 |

လိပ်စာ - 104 စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီး

ADD-104 Sanchaung Street, Sanchaung Township, Yangon. Latitude : 16.801944732666016, Longitude : 96.13471984863281




[illegible]

# ❝ မွေးနေ့ဆုမွန်လွှာ ❞

August 31st ရက်နေ့တွင် ကျရောက်သော ဒေါ်နန်းလင်းလင်းခိုင် (ဒါရိုက်တာ - စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက်) ၏ မွေးနေ့မှသည် နောင်နှစ်ပေါင်း များစွာတိုင် စိတ်၏ ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်း တို့နှင့် ထာဝရ ပြီးပြည့်စုံ၍ အဝနှင့်အနှ ထပ်တူ ညီမျှစွာဖြင့် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ဆောင်ရွက်နိုင်ပါစေကြောင်း နှင့် အောင်မြင်ခြင်း အရှုံ ကို ထာဝရ ရရှိပိုင်ဆိုင်ပျော်ရွှင်နိုင်ပါစေကြောင်း မွေးနေ့ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက် မှ ဝန်ထမ်းများ-

ရန်ကုန်ရုံးချုပ်-ရုံးခွဲများနှင့် ပြည်မြို့၊ပုသိမ်မြို့၊မော်လမြိုင်မြို့(ရုံးခွဲ)-အောက်မြန်မာနိုင်ငံ

## မူလကမ္ဘာအေးကျောင်းတိုက် မိုးကုတ်ရိပ်သာ
## လစဉ် နေ့(၅)ရက် အထူးတရားစခန်းပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး မူလကမ္ဘာ အေးကျောင်း၊ မိုးကုတ်ဓမ္မရိပ်သာတွင် လစဉ်နေ့(၅)ရက် အထူးတရားစခန်းပွဲကို မူလကမ္ဘာအေး ကျောင်းတိုက် ဆရာတော် ဦးဝိမလ(ဓမ္မာစရိယ)ကို ဦးထိပ်ထား၍မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ၅-၉-၂၀၁၄ မှ ၉-၉-၂၀၁၄ရက်အထိ မွန်းလွဲ ၁၂း၃၀နာရီမှ ညနေ ၄း၃၀နာရီထိ ကျင်းပပြုလုပ်သွားပါမည်။ အဆိုပါတရားစခန်းပွဲတွင် ကွမ်းခြံကုန်းမြို့ စလင်းတောရ မိုးကုတ်နယ်လှည့် ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဥတ္တမ(ဓမ္မာစရိယ)မှ ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်တို့ကို ခန္ဓာဉာဏ်ရောက်သစ္စာဆိုက်သည်အထိ ဟောကြားပေးမည်ဖြစ်ပါ၍ တရားချစ်ခင် ဓမ္မမိတ်ဆွေ ယောဂီသူတော်စင်အပေါင်းတို့အား နိဗ္ဗာန်အကျိုးမျှော်၍ လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

**တရားစခန်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့**

**ဆက်သွယ်ရန်-ဖုန်း-၀၁-၃၈၂၂၈၆၊ ၀၉-၄၉၂၇၆၈၇၁၊ ၀၉-၃၂၃၆၃၈၁၂**
**မူလကမ္ဘာအေးကျောင်း မိုးကုတ်ဓမ္မရိပ်သာ**

[illegible]

[illegible]

[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/ပုသိမ်မြေ၊ မြေကွက်အမှတ်-၆၁၊ မြေကွက်တည်နေရာအမှတ်(၆၁)၊ (၂)လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်။ ဦးရာကျော်[၁၂/ဒပန(နိုင်)၀၁၀၂၃၂]၊ ဒေါ်တင်မြင့်[၁၂/ဒပန(နိုင်)၀၁၅၀၁၈]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးရာကျော်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်သန်းမြ[၁၂/ဒပန(နိုင်)၀၁၀၀၈၈]နှင့် ကျန်အမည်ပေါက် ဒေါ်တင်မြင့်(ကိုယ်စား) GP-၁၈၄၃၆(၇-၇-၁၄)ဖြင့် ရရှိသူ ဦးပြည့်ဖြိုးသူ[၁၄/ကလန(နိုင်)၁၀၈၈၇၆]တို့ ပူးတွဲ၍ ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

[illegible]

| | | | |
|---|---|---|---|
| [illegible] | (70x80) | မြေ | 9500L |
| [illegible] | (40x70) | 2RC | 8000L |
| [illegible] | (40x60) | မြေ | 7000L |
| [illegible] | (50x60) | 2RS | 6600L |
| [illegible] | (40x80) | မြေ | 6500L |
| [illegible] | (56x70) | 1RS | 4000L |
| [illegible] | (55x60) | 1RC | 3500L |
| [illegible] | (40x67) | 1RC | 2700L |
| [illegible] | (25x60) | [illegible] | 2300L |
| [illegible] | (135x70) | မြေ | 2000L |
| [illegible] | (65x80) | မြေ | 1850L |
| [illegible] | (40x60) | 1PT | 1700L |
| [illegible] | (40x120) | မြေ | 1600L |
| [illegible] | (40x60) | [illegible] | 950L |
| [illegible] Condo | (2100sqft) | M2,S2,F?,Lift | 4500L |
| [illegible] Condo | (1500sqft) | M1,S2 [illegible] Lift | 2700L |
| [illegible] Condo | (1250sqft) | M1,S1 [illegible] Lift | 2100L |
| [illegible] | (25x35) | [illegible] 4F | 850L |

Facebook Pages: https://www.facebook.com/ATK Real Estate

Hot Line : 01-516777, 01-519777, 09-3163 7007
01-516168, 01-527326, 01-539323
09 730 33182, 09 730 33183, 09 4212 1642

ATK

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၊ ၃ယ/၆၀၅၀၄၊ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ အမည် ဦးကျော်မျိုးလတ် မှတ်ပုံတင်အမှတ်[၇/ညလပ (နိုင်)၁၃၁၆၄၂]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**